# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အခြေခံအဆောက်အအုံလုပ်ငန်းများအတွက်
## အကြိုကွင်းဆင်းစစ်ဆေးခြင်း နှင့်
## အကာအကွယ်ဆိုင်ရာစစ်ဆေးခြင်း

၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


**အခန်း (၁) ၁။** နိဒါန်း ၆

**၂။** ရည်ရွယ်ချက် ၆

**၃။** အခန်းကဏ္ဍ ၆

**၄။** နိဂုံး ၇

**အခန်း (၂) အဆောက်အဦလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း** ၈

၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း ၉

၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ ၁၃

၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ ၁၃

၂-၂။ အဆောက်အဦလုပ်ငန်းများအတွက်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (ECoPs)လမ်းညွှန်ချက်များ ၁၇

၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲရန်လိုအပ်သည့် လုပ်ငန်းခွဲများ ၁၉

၄။ ပုံစံများ ၂၀

ပုံစံ (အဆောက်အဦ - ၁) အကြိုကွင်းဆင်းစစ်ဆေးချက် ၂၁

ပုံစံ (အဆောက်အဦ - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ ၂၄

ပုံစံ (အဆောက်အဦ - ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ ၂၇

ပုံစံ (အဆောက်အဦ - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ ၃၃

ပုံစံ (အဆောက်အဦ - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ ၄၆

ပုံစံ (အဆောက်အဦ - ၇) - ဆန္ဒအလျောက်မြေယာလှူဒါန်းမှုပုံစံ ၄၉

**အခန်း (၃) ကျေးလက်လမ်းလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း** ၅၁

၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း ၅၂

၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ ၅၅

၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ ၅၅

၂-၂။ ကျေးလက်လမ်းလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (ECoPs)လမ်းညွှန်ချက်များ ၅၉

၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲရန်လိုအပ်သည့် လုပ်ငန်းခွဲများ ၆၁

၄။ ပုံစံများ ၆၂

ပုံစံ (လမ်း - ၁) - အကြိုကွင်းဆင်းစစ်ဆေးချက် ၆၃

ပုံစံ (လမ်း - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ ၆၇

ပုံစံ (လမ်း - ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ ၇၀

ပုံစံ (လမ်း - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ ၇၇

ပုံစံ (လမ်း - ၅) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ၈၉
ပုံစံ (လမ်း - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ ၉၂
ပုံစံ (လမ်း - ၇) - ဆန္ဒအလျောက်မြေယာလှူဒါန်းမှုပုံစံ ၉၅
**အခန်း (၄) တံတား/ဆိပ်ခံတံတားလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း** ၉၇
၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း ၉၈
၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ ၁၀၁
၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ ၁၀၁
၂-၂။ တံတား/ ဆိပ်ခံတံတားများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (ECoPs) လမ်းညွှန်ချက်များ ၁၀၅
၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲရန်လိုအပ်သည့် လုပ်ငန်းခွဲများ ၁၀၇
၄။ ပုံစံများ ၁၀၈
ပုံစံ (တံတား - ၁) - အကြိုကွင်းဆင်းစစ်ဆေးချက် ၁၀၉
ပုံစံ (တံတား - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ ၁၁၂
ပုံစံ (တံတား - ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ ၁၁၅
ပုံစံ (တံတား - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ ၁၂၂
ပုံစံ (တံတား - ၅) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ၁၃၃
ပုံစံ (တံတား - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ ၁၃၆
ပုံစံ (တံတား - ၇) - ဆန္ဒအလျောက်မြေယာလှူဒါန်းမှုပုံစံ ၁၃၉
**အခန်း(၅) ရေပေးရေးလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း** ၁၄၁
၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း ၁၄၂
၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ ၁၄၆
၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ ၁၄၆
၂-၂။ ရေပေးရေးလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (ECoPs)လမ်းညွှန်ချက်များ ၁၅၀
၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲရန်လိုအပ်သည့် လုပ်ငန်းခွဲများ ၁၅၃
၄။ ပုံစံများ ၁၅၄
ပုံစံ (ရေ - ၁) - အကြိုကွင်းဆင်းစစ်ဆေးချက် ၁၅၅
ပုံစံ (ရေ - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ ၁၅၉
ပုံစံ (ရေ- ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ ၁၆၂
ပုံစံ (ရေ - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ ၁၆၉
ပုံစံ (ရေ - ၅) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ၁၈၂

ပုံစံ (ရေ - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ ၁၈၅
ပုံစံ (ရေ - ၇) - ဆန္ဒအလျောက်မြေယာလှူဒါန်းမှုပုံစံ ၁၈၈
**အခန်း (၆) ကျေးလက်မီးလင်းရေးလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း** ၁၉၀
၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း ၁၉၁
၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ ၁၉၅
၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ ၁၉၅
၂-၂။ ကျေးလက်မီးလင်းရေးလုပ်ငန်းအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs)လမ်းညွှန်ချက်များ ၁၉၉
၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲရန်လိုအပ်သည့် လုပ်ငန်းခွဲများ ၂၀၁
၄။ ပုံစံများ ၂၀၂
ပုံစံ (မီး - ၁) - အကြိုကွင်းဆင်းစစ်ဆေးချက် ၂၀၃
ပုံစံ (မီး - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ ၂၀၇
ပုံစံ (မီး - ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ ၂၁၀
ပုံစံ (မီး - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ ၂၁၉
ပုံစံ (မီး - ၅) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ၂၃၁
ပုံစံ (မီး - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ ၂၃၄
ပုံစံ (မီး - ၇) - ဆန္ဒအလျောက်မြေယာလှူဒါန်းမှုပုံစံ ၂၃၇
**အခန်း (၇) ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း** ၂၄၁
၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း ၂၄၂
၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ ၂၄၄
၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ ၂၄၄
၂-၂။ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများအတွက်လိုက်နာရမည့် နည်းပညာဆိုင်ရာ (ECoPs) လမ်းညွှန်ချက်များ ၂၄၈
၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲရန် လိုအပ်သည့် လုပ်ငန်းများ ၂၅၀
၄။ ပုံစံများ ၂၅၁
ပုံစံ (ကျန်းမာ - ၁) - အကြိုကွင်းဆင်းစစ်ဆေးချက် ၂၅၂
ပုံစံ (ကျန်းမာ - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ ၂၅၅
. ပုံစံ (ကျန်းမာ - ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ ၂၅၈
ပုံစံ (ကျန်းမာ - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ ၂၆၅
ပုံစံ (ကျန်းမာ - ၅) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ၂၇၆
ပုံစံ (ကျန်းမာ - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ ၂၇၉

ပုံစံ (ကျန်းမာ - ၇) - ဆန္ဒအလျှောက်မြေယာလှူဒါန်းမှုပုံစံ ၂၈၂
**အခန်း (၈) အခြားအဆောက်အဦလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့်**
**အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း** ၂၈၄
၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း ၂၈၅
၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ ၂၈၈
၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ ၂၈၈
၂-၂။ အခြားအဆောက်အဦလုပ်ငန်းများအတွက် လိုက်နာရမည့်
နည်းပညာဆိုင်ရာ (ECoPs) လမ်းညွှန်ချက်များ ၂၉၂
၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်(EMP)
ရေးဆွဲရန်လိုအပ်သည့် လုပ်ငန်းခွဲများ ၂၉၄
၄။ ပုံစံများ ၂၉၅
ပုံစံ (အခြား - ၁) - အကြိုကွင်းဆင်းစစ်ဆေးချက် ၂၉၆
ပုံစံ (အခြား - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ ၂၉၉
ပုံစံ (အခြား - ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ ၃၀၂
ပုံစံ (အခြား - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ ၃၀၉
ပုံစံ (အခြား - ၅) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ၃၂၁
ပုံစံ (အခြား - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ ၃၂၄
ပုံစံ (အခြား - ၇) - ဆန္ဒအလျှောက်မြေယာလှူဒါန်းမှုပုံစံ ၃၂၇

# အခန်း (၁)

## နိဒါန်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် စေရန် ရည်မှန်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကျေးလက်ရေပေးရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ ကျေးလက်ကုန်ထုတ် လမ်းလုပ်ငန်းများ၊ လူထုဗဟိုပြုစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များဖြင့် ဆောင်ရွက်သော ကျေးလက်အခြေခံအဆောက်အအုံလုပ်ငန်းများ၊ ကျေးလက်အသက်မွေး ဝမ်းကြောင်း အထောက်အကူပြုသင်တန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

## ရည်ရွယ်ချက်

၂။ ကျေးလက်အခြေခံအဆောက်အအုံများတည်ဆောက်ရာတွင် ပိုမိုတိကျသော အချက်အလက် များရရှိနိုင်စေရန်၊ မြေပြင်အခြေအနေနှင့် ကိုက်ညီသော ခန့်မှန်းခြေစာရင်းများပြုစုနိုင်စေရန်၊ ကျေးရွာ လူထုအတွက် အမှန်တကယ်အကျိုးပြုသောလုပ်ငန်းများဖြစ်စေရန်၊ လုပ်ငန်းဒီဇိုင်းရေး ဆွဲရာတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အခြေခံအချက်အလက်များကို ထည့်သွင်းစဉ်းစား နိုင်စေရန်၊ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ရှိ/မရှိတို့ကို ကြိုတင်စစ်ဆေးနိုင်စေရန်နှင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများကို လျော့ချနိုင်စေရန် ရည်ရွယ်ပါ သည်။

## အခန်းကဏ္ဍ

၃။ အောက်ပါအခြေခံအဆောက်အအုံလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာစစ်ဆေးခြင်းလုပ်ငန်းများကို ထည့်သွင်းဖော်ပြထားပါသည် _

(က) အဆောက်အဦလုပ်ငန်းများ

(ခ) ကျေးလက်လမ်းလုပ်ငန်းများ

(ဂ) တံတား/ဆိပ်ခံတံတားလုပ်ငန်းများ

(ဃ) ရေပေးရေးလုပ်ငန်းများ

(င) ကျေးလက်မီးလင်းရေးလုပ်ငန်းများ

(စ) ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ

(ဆ) အခြားအဆောက်အဦလုပ်ငန်းများ

အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများ မဆောင်ရွက်မီ မြေပြင်အခြေအနေများအား သိရှိနိုင်စေရန် အကြိုကွင်းဆင်းစစ်ဆေးခြင်း၊ ရရှိလာသည့်အချက်အလက်များအား ပြုစု၍အစီရင်ခံတင်ပြခြင်း၊ သဘာဝပတ်ဝန်းကျင်၊လူမှုပတ်ဝန်းကျင်ထိခိုက်မှု ရှိ/မရှိ စိစစ်ခြင်း၊ ထိခိုက်မှုရှိလာနိုင်သည့်ကိစ္စရပ်များအား ပြန်လည်ကုစားမည့်အစီအစဉ်များရေးဆွဲခြင်း လုပ်ငန်းဆောင်ရွက်စဉ်အတွင်း သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်စစ်ဆေးခြင်း၊ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုပြဿနာများမဖြစ်ပေါ်စေရန် ဆန္ဒအလျောက်မြေယာလှူဒါန်းခြင်း စသည့် အခန်းကဏ္ဍများ ပါဝင်ပါသည်။

**နိဂုံး**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသော အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများနှင့် နိုင်ငံတကာစီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေပြင်အခြေအနေနှင့်ကိုက်ညီသော လုပ်ငန်းများအား ရွေးချယ်ဆောင်ရွက်နိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် နှင့် လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# အဆောက်အဦလုပ်ငန်း

# အခန်း (၂)

# အဆောက်အဦလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း

၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း

၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ

၂-၁။ ယေဘုယျ **(ECoPs)** လမ်းညွှန်ချက်များ

၂-၂။ အဆောက်အဦလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs) လမ်းညွှန်ချက်များ

၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲရန်လိုအပ်သော လုပ်ငန်းများ

၄။ ပုံစံများ

၄-၁။ ပုံစံ (အဆောက်အဦ - ၁) အကြိုကွင်းဆင်းဆောင်ရွက်စစ်ဆေးချက်ပုံစံ

၄-၂။ ပုံစံ (အဆောက်အဦ - ၂) အကြိုကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ

၄-၃။ ပုံစံ (အဆောက်အဦ - ၃) အကာအကွယ်စစ်ဆေးချက်ပုံစံ

၄-၄။ ပုံစံ (အဆောက်အဦ - ၄) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှု စစ်ဆေးချက်ပုံစံ

၄-၅။ ပုံစံ (အဆောက်အဦ - ၅) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၄-၆။ ပုံစံ (အဆောက်အဦ - ၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီရင်ခံစာ

၄-၇။ ပုံစံ (အဆောက်အဦ - ၇) ဆန္ဒအလျောက် မြေယာလှူဒါန်းမှုပုံစံ

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**အဆောက်အဦလုပ်ငန်းများ**

## ၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း

### (က) မြေမျက်နှာသွင်ပြင်အနေအထား

❖ လက်ရှိအဆောက်အဦ တည်ဆောက်မည့် မြေအမျိုးအစားများကို မျက်မြင်အခြေအနေအရ စစ်ဆေးရာတွင် လက်ရှိမြေသည်_

(၁) ရွှံ့မြေ
(၂) သဲဆန်သောမြေ
(၃) ကျောက်သားကဲ့သို့မာသောမြေ
(၄) ဂဝံမြေ
(၅) ဆားပေါက်သောမြေ
(၆) နုန်းမြေ

အစရှိသဖြင့် မြေအမျိုးအစားများကို မေးမြန်းပြီး ကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

❖ လက်ရှိအဆောက်အအုံ တည်ဆောက်မည့်နေရာ၏ မိုးရာသီတွင်ဖြစ်ပေါ်လေ့ရှိသော ရေဝပ်နိုင်ခြင်း၊ ရေဝင်နိုင်ခြင်းအစရှိသည့် မြေပြင်အခြေအနေများ၊ ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးဒဏ်များကို မေးမြန်းခြင်း၊

- တည်ဆောက်မည့်မြေနေရာနှင့် ပတ်ဝန်းကျင်ရှိလမ်းများ၊ အဆောက်အအုံများ၏ ယေဘုယျ အမြင့်ပေနှိုင်းယှဉ်ခြင်း၊
- တည်ဆောက်မည့်မြေနေရာသည် လွန်ခဲ့သောနှစ်များအတွင်း ရေလွှမ်းမိုးခဲ့သည့် အခြေအနေ ရှိ/မရှိနှင့် အများဆုံးရေတက်ခဲ့သည့် ပမာဏ(High Flood)၊
- တည်ဆောက်မည့်မြေနေရာ၏ အနီးနားပတ်ဝန်းကျင်နေရာများသည် လွန်ခဲ့သောနှစ်များအတွင်း ရေလွှမ်းမိုးခဲ့သည့် အခြေအနေရှိ/မရှိနှင့် အများဆုံးရေတက်ခဲ့သည့် ပမာဏ (High Flood)၊
- တည်ဆောက်မည့်မြေနေရာ၏ (ပေ ၁၀၀၀) ပတ်လည်အတွင်းတည်ရှိသော မြစ်ချောင်းများ၏ လွန်ခဲ့သောနှစ်များအတွင်း ရေလွှမ်းမိုးခဲ့သည့်အခြေအနေရှိ/မရှိနှင့် အများဆုံးရေတက်ခဲ့သည့်ပမာဏ (High Flood)၊
- တည်ဆောက်မည့် မြေနေရာပတ်ဝန်းကျင်ရှိ ကုန်းမြင့်နေရာများမှ အနိမ့်ပိုင်းနေရာများသို့ မိုးရေစီးဆင်းလေ့ရှိသည့် လမ်းကြောင်းများ၏ အခြေအနေနှင့် ရေဝင်ဒေသ (Catchment area) များ၏အခြေအနေ၊
- တည်ဆောက်မည့်မြေနေရာ၏ မိုးရွာသွန်းပြီးပါက ရေတင်ကျန်မှုအခြေအနေနှင့် အများဆုံးရေဝပ်နိုင်သည့်ရက်၊

- တည်ဆောက်မည့်မြေနေရာနှင့် အနီးတဝိုက်သည် လွန်ခဲ့သောနှစ်များအတွင်းငလျင်ဒဏ်၊ ရေကြီးရေလျှံမှုဒဏ်၊ မီးဘေးဒဏ်၊ မုန်တိုင်းဒဏ်၊ မြေပြိုမှုဒဏ် ခံစားခဲ့ရသော အခြေအနေများနှင့် ထိခိုက်မှုပမာဏအစရှိသဖြင့် မေးမြန်းပြီး ကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

## (ခ) မြေနေရာပိုင်ဆိုင်မှုအခြေအနေများ

❖ တည်ဆောက်မည့်မြေနေရာသည်_

(၁) ကျေးရွာလူထုမှ ထောက်ခံထားသောအများပိုင်မြေဖြစ်ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ထောက်ခံထားသောဦးပိုင်အမည်ပေါက်မြေ၊

(၂) ကျေးရွာလူထုမှ အစည်းအဝေးမှတ်တမ်းနှင့်တကွ တညီတညွတ်တည်း ထောက်ခံထားသောအများပိုင်မြေ၊

(၃) ကျေးရွာလူထုမှ အဆောက်အအုံဆောက်လုပ်ရန် ကျေးရွာရန်ပုံငွေနှင့် ဝယ်ယူထားသော အထောက်အထားအပြည့်အစုံပါရှိသည့် အများပိုင်မြေ၊

(၄) အဆောက်အအုံတည်ဆောက်ရန် ကျေးရွာသားများမှ စေတနာအလျောက် လှူဒါန်းထားသည့် စာချုပ်စာတမ်း၊ အထောက်အထားများ အပြည့်အစုံဆောင်ရွက်ထားသည့်မြေ အစရှိသည့် မြေယာပိုင်ဆိုင်မှုအထောက်အထားရှိသော မြေနေရာဟုတ်/မဟုတ် စစ်ဆေးရမည်၊

❖ တည်ဆောက်မည့်မြေနေရာ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာရှိ အဆောက်အအုံများ၊ ခြံဝိုင်းများ၊ လယ်ယာများ၊ လမ်းများ၏ နယ်နိမိတ်နှင့် ထိစပ်နေမှု အခြေအနေများကိုစစ်ဆေးခြင်း၊ တိုင်းတာခြင်း အစရှိသဖြင့် ကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

## (ဂ) သယ်ယူပို့ဆောင်ရေးဆိုင်ရာအခြေအနေများ

❖ တည်ဆောက်မည့်နေရာသို့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လုပ်သားများ၊ ယာဉ်စက်ယန္တရားများဝင်နိုင်ထွက်နိုင်သည့် လမ်းကြောင်းများကိုမေးမြန်းရမည်၊ (ကုန်းလမ်း၊ရေလမ်း)

❖ ဝင်ထွက်လမ်းကြောင်းများနှင့် တံတားများ၏ခံနိုင်ဝန်နှင့် သယ်ယူမည့် ဆောက်လုပ်ရေးပစ္စည်း၊ ယန္တရားများ၏ အလေးဝန်နှင့် သတ်မှတ်တန်ချိန်များကိုသိရှိမှတ်သားထားရမည်၊

❖ လုပ်ငန်းခွင်သုံး ဆောက်လုပ်ရေးပစ္စည်းများ၏ အရည်အသွေးကို စမ်းသပ်စစ်ဆေးရန် အတွက် ဓါတ်ခွဲစမ်းသပ်နိုင်မည့် နေရာများကိုသိရှိမှတ်သားရမည်၊

❖ တည်ဆောက်မည့်နေရာမှ အနီးနားဆောက်လုပ်ရေးပစ္စည်းရရှိနိုင်သည့် နေရာများနှင့် အကွာအဝေး၊ ရာသီအလိုက်ကြာမြင့်ချိန်များကို သိရှိမှတ်သား၍ ကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

**(ဃ) ဘေးကင်းလုံခြုံမှုဆိုင်ရာအခြေအနေများ**

- ❖ လုပ်ငန်းဆောင်ရွက်မည့်ဒေသ၏ ပဋိပက္ခဆိုင်ရာအခြေအနေများကိုမေးမြန်းရမည်၊
- ❖ နယ်မြေလုံခြုံမှုဆိုင်ရာအခြေအနေများကိုမေးမြန်းရမည်၊
- ❖ ဒေသအတွင်းရှိအာဏာပိုင်အဖွဲ့အစည်းများ၊အုပ်ချုပ်ရေးအဖွဲ့များနှင့်ဆက်သွယ်နိုင်မည့်နည်းလမ်းများကိုသိရှိမှတ်သားထားရမည်၊
- ❖ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို လုံခြုံစိတ်ချစွာ ထိန်းသိမ်းနိုင်မည့် အခြေအနေများကို သိရှိမှတ်သားထားရမည်၊
- ❖ ဆောက်လုပ်ရေးလုပ်သားများ၏ အစားအစာ၊ ဆေးဝါး၊ ကျန်းမာရေးနှင့် လုံခြုံမှုဆိုင်ရာ ကိစ္စရပ်များအတွက် လက်ရှိဒေသအခြေအနေနှင့် အဆင်ပြေလွယ်ကူမှုများကို သိရှိနိုင်ရန် မေးမြန်းရမည်၊
- ❖ ပေါက်ကွဲလွယ်၊ မီးလောင်လွယ်သည့်ပစ္စည်းများအား လုံခြုံစွာထားရှိနိုင်မည့်နေရာများကို သိရှိမှတ်သားထားရမည်၊
- ❖ ဘေးအန္တရာယ်တစုံတရာကြုံတွေ့ရပါက ဆက်သွယ်နိုင်မည့်ဌာနဆိုင်ရာများ၊ အာဏာပိုင်အဖွဲ့အစည်းများကို သိရှိနိုင်ရန်မေးမြန်းပြီး ကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

**(င) ရေ၊ မီးရရှိနိုင်မှုအခြေအနေများ**

- ❖ ဆောက်လုပ်မည့် မြေနေရာပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရန်နှင့် အလုပ်သမားများ ရာသီမရွေးအသုံးပြုရန် သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိနိုင်မည့် အခြေအနေများကိုသိရှိမှတ်သားထားရမည်၊
- ❖ ဆောက်လုပ်မည့်မြေနေရာပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရန်နှင့် အလုပ်သမားများ ရာသီမရွေးနေ့/ညအသုံးပြုရန် လုံလောက်သော Volt အားပြည့်မီသည့် လျှပ်စစ်မီးရရှိမှုအခြေအနေများကိုသိရှိနိုင်ရန် မေးမြန်းပြီးကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊
- ❖ စီမံကိန်းတွင်ပါဝင်သော အဆောက်အအုံ၊ ရေအရင်းအမြစ်၊ ဓါတ်အားပေးနေရာများ၊ ဝင်လမ်းထွက်လမ်း၊ အမှိုက်နှင့်အညစ်အကြေးစွန့်ပစ်မည့်နေရာများ၊ စက်ယန္တရားထားရှိမည့် နေရာများကို Layout Plan ရေးဆွဲ၍ မှတ်တမ်းတင်ထားရမည်၊

**(စ) အဆောက်အအုံဆောက်လုပ်ခြင်းကြောင့် ထိခိုက်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ**

- ➢ တည်ဆောက်မည့်မြေနေရာ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာရှိ အဆောက်အအုံများ၊ ခြံဝိုင်းများ၊ လယ်ယာများ၊ လမ်းများ၏ ယေဘုယျအချက်အလက်များကို မျက်မြင်စစ်ဆေးခြင်း၊ အချက်အလက်ကောက်ယူရမည်၊

- ➢ လုပ်ငန်းတည်ဆောက်ရန်အတွက် ခုတ်ထွင်ရှင်းလင်းရမည့် သစ်ပင်များ၊ တောင်ကုန်းများ အစရှိသဖြင့် ယေဘူယျအချက်အလက်များကို မျက်မြင်စစ်ဆေးပြီး အချက်အလက်ကောက်ယူရမည်၊
- ➢ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ စက်ယန္တယားများဝင်ထွက်လမ်းကြောင်းများပေါ်တွင်ရှိသော ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ထိန်းသိမ်းထားသည့် အမွေအနှစ်ဆိုင်ရာနေရာများ၊ အနီးနားပတ်ဝန်းကျင်ရှိ ထိခိုက်နိုင်သော တိုင်းရင်းသား လူမျိုးစုများ၏ နေထိုင်ရာနေရာများနှင့် ပိုင်ဆိုင်သောလယ်မြေ၊ ယာမြေများကိုစာရင်း ကောက်ယူပြီး ကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

## (ဆ) အခြားလိုအပ်နိုင်မည့် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများ

- ❖ အဆောက်အအုံဆောက်လုပ်မည့်နေရာသို့ ဝင်ထွက်သွားလာနိုင်မည့် လမ်းကြောင်းများအား ကြိုတင်လေ့လာထားခြင်း၊ လမ်းကြောင်းတလျောက် ရေမြောင်းလိုအပ်သည့် နေရာများ၊ တံတားငယ်များ၊ Culvert ဆောင်ရွက်ရန် လိုအပ်သည့်နေရာများကို မှတ်သား၍ ကွင်းဆင်း အစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

## (ဇ) ရေဆိုး၊ အညစ်အကြေးနှင့် အမှိုက်စွန့်ပစ်ခြင်းအတွက်နေရာသတ်မှတ်ခြင်း

- ❖ လုပ်ငန်းဆောက်လုပ်ခြင်းမှ ထွက်ရှိလာမည့် ရေဆိုး၊အညစ်အကြေးနှင့် အမှိုက်များအား ပတ်ဝန်းကျင်ညစ်ညမ်းခြင်းမရှိအောင် စနစ်တကျစွန့်ပစ်နိုင်မည့်နေရာများကို မျက်မြင်စစ်ဆေး၍ ကွင်းဆင်း အစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

## ၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ

### ၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ

အောက်တွင်ဖော်ပြထားသည့်ဇယားသည် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် လိုက်နာဆောင်ရွက်ရမည့် ယေဘုယျလမ်းညွှန်ချက်များဖြစ်သည်။

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ဆောက်လုပ်ချိန်၌ ဆူညံခြင်း | (က) ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်း၍ အဆူညံဆုံးလုပ်ငန်းကိုလူထုအား အနှောက်အယှက်ဖြစ်နိုင်ခြေ အနည်းဆုံးအချိန်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊<br>(ခ) ကာရံထားခြင်း/ ပိတ်ဆို့ထားခြင်း/ ခြားထားခြင်း/ လမ်းလွှဲထားခြင်းဖြင့်လည်းကောင်း၊ အသံတိုးသောပစ္စည်းများအား အသုံးပြုခြင်းဖြင့်လည်းကောင်း ၊ အကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း ဆူညံမှုကို ထိန်းချုပ်ခြင်း၊<br>(ဂ) ရွာတွင်းမှဖြတ်သန်း၍ ပစ္စည်းများအား သယ်ယူပို့ဆောင်ခြင်းကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊<br>(ဃ) လူနေအိမ်ခြေနှင့် စီမံကိန်းဇုံကြားတွင် သစ်ပင်တန်း/ကွက်လပ်/ စိုက်ခင်းစသည်တို့ ခြားထားခြင်းဖြင့် ဆူညံမှုကို တားဆီးခြင်း၊ |
| မြေဆီလွှာတိုက်စားခြင်း | (က) ပွင့်လင်း/ခြောက်သွေ့ရာသီတွင် ဆောက်လုပ်ခြင်း၊<br>(ခ) ကုန်းစောင်းများ/ဆင်းလျှောများ အနည်းဆုံးဖြစ်စေခြင်း၊<br>(ဂ) တိုက်စားနိုင်သောဧရိယာများတွင် မြက်စိုက်ပေးခြင်း၊ မြေဖို့ပေးပြီးသိပ်သည်းအောင် ပြုလုပ်ခြင်း၊<br>(ဃ) ဆောက်လုပ်ရေးလုပ်ငန်း ပြီးလျှင်ပြီးချင်း အပေါ်ယံမြေဆီလွှာ ပြန်လည်ဖုံးအုပ်ပေးပြီးလျှင် မြက်/ ကြီးမြန်သစ်ပင်/ ချုံပင်/ သစ်ပင်တို့အား ပြန်လည်စိုက်ပျိုးပေးခြင်း၊<br>(င) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသောအခါ ရေစီးရေလာ ကောင်းမွန်စေရန် ရေမြောင်းများ ရေလမ်းကြောင်းများ/ဆောင်ရွက်ပေးခြင်း၊ |
| သန့်ရှင်းသောလေ | (က) လုပ်ငန်းခွင်တွင် ဖုန်မထစေရန် အချိန်မှန်ရေဖျန်းပေးရမည်၊<br>(ခ) လုပ်ငန်းခွင်သန့်ရှင်းစေရန် သစ်ရွက်ခြောက်/အမှိုက်များအား မီးမရှို့ရ၊<br>(ဂ) လေတိုက်သောနေ့တွင် လွင့်သွားခြင်း/ အကောင်များကြောင့် လွင့်သွားခြင်းများ မရှိစေရန် သဲ/ကျောက်တို့ဖြင့် ဖုံး/ဖိ ထားရမည်၊ |
| ရေရရှိရေးနှင့် ရေ၏အရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သောက်သုံးရေရရှိမှုနှင့် ကျန်းမာ၊သန့်ရှင်းရေးတို့အား မထိခိုက်စေရ။ |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အဆောက်အဦလုပ်ငန်းများ**

| **ကိစ္စရပ်** | **သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု** |
|---|---|
| ရေရရှိရေးနှင့် ရေ၏ အရည်အသွေး | (ခ) ရေ၏ အရည်အသွေးညံ့ဖျင်း စေနိုင်သော မိလ္လာအညစ်အကြေး၊ အမှိုက်နှင့် အဆိပ်အတောက်ဖြစ်စေသော အရာများ(သို့) အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအား ရေထဲသို့ ပစ်မချရ။<br>(ဂ) သဘာဝရေစီးကြောင်းများကို ပိတ်ဆို့ခြင်း၊ လမ်းလွှဲခြင်းမပြုရ။ မြစ်/ချောင်း ကြမ်းပြင်ခြောက်သွေ့စေခြင်း/ အနည်ထိုင် သောင်ထွန်းခြင်းတို့ ဖြစ်တတ်သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကို ရေထဲတွင်လုပ်ကိုင်ရပါကရေလမ်းကြောင်းနှင့် တတ်နိုင်သမျှခွဲခြားထားရမည်။ ရေစီးဝင်သည့် မြောင်းနှင့်လည်း ခွဲခြားထားရမည်။ |
| အမှိုက်/အဆိပ် အတောက်နှင့် အန္တရာယ်ဖြစ်စေ သောပစ္စည်းများ | (က) ဆောက်လုပ်ရေး အမှိုက်သရိုက်များကို စွန့်ပစ်ရန်သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရမည်၊<br>(ခ) စွန့်ပစ်အမှိုက်များကို(ဖောင်ဒေးရှင်းအတွက် တူးထားသောမြေ အပါအဝင်) မြစ်/ ချောင်း/ရေကန် စသည့် ရေထွက်ပင်ရင်းနှင့် အနည်းဆုံးမီတာ(၃၀၀)၊ (ပေအား ဖြင့်၁၀၀၀) ကွာဝေးသော နေရာများတွင် ထိန်းသိမ်းထားရမည်၊<br>(ဂ) ဆီဖြည့်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများပြောင်းရွှေ့ခြင်းတို့ကို လူနေအိမ်ခြေနှင့် ဝေးရာတွင် ဆောင်ရွက်ရမည်။ ရေမြောင်းမှ မီတာ(၅၀)၊ ပေ(၁၆၅) နှင့် အဓိကကျသောရေထွက်ပင်ရင်းမှ မီတာ(၁၀၀)၊ ပေ(၃၃၀) ကွာ ဝေးရမည်။<br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများအား ပြောင်းရွှေ့မည့် အလုပ်သမားများကိုလည်း လက်အိတ်၊ ဖိနပ်၊ ခါးစည်းအဝတ်၊ မျက်မှန်နှင့် အခြား ကာကွယ်ရေးပစ္စည်းများအား အသုံးပြုတတ်အောင်ပညာပေး/ လေ့ကျင့်ပေးရမည်။<br>(င) အသေးစားပြုပြင်ထိန်းသိမ်းရေး ပစ္စည်းများဖြစ်သော ဆီပေအဝတ်၊ ဆီစစ်၊ ဆီအဟောင်းများအား စနစ်တကျစွန့်ပစ်ရမည်။ မြေအောက်ရေနှင့် မြေကြီးကို ညစ်ညမ်းမှု ဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်း အကျန်များကိုမြေထုနှင့် ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။ အကယ်၍ ကျေးလက်လူထုသည် မလွှဲမရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသော စွန့်ပစ်မှုစနစ်ကို ကျင့်သုံးရမည်။ (ဥပမာ-သုံးစွဲပြီးဆီများကိုလောင်စာအဖြစ်အသုံးပြုခြင်း၊ကြမ်းတိုက်ခြင်း၊ ရေနံချေးနှင့်ရောစပ်၍ အသုံးပြုခြင်း) |
| ကျန်းမာရေးနှင့်အန္တရာယ်ကင်းရှင်းရေး | (က) လူထုထိခိုက်မှုအား ရှောင်ရှားနိုင်စေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ကိုလုပ်ငန်း အကောင်အထည်ဖော်မှုအစီအစဉ် ရေးဆွဲစဉ်ကတည်းက အောက် |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ကျန်းမာရေးနှင့် အန္တရာယ်ကင်း ရှင်းရေး | ပါအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်-<br>(၁) လုပ်ငန်းခွင်နေရာ- လူမှုထိခိုက်နိုင်ချေရှိသည့် အရာများကို ဖယ်ရှားခြင်း (သို့မဟုတ်) သတိပေး ဆိုင်းဘုတ်ထားရှိခြင်း၊<br>(၂) လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးလုပ်သားများ - ဆောက်လုပ်ရေး လုပ်သားများသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်မှု ရှိရန်လိုအပ်ခြင်း၊<br>(၃) အသုံးပြုသောစက်ယန္တရားများ - စက်ယန္တရားများအားကျွမ်းကျင်စွာ အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ အဆိုပါယန္တရားများကို လုံခြုံစိတ်ချစွာ အသုံးပြုမှု နည်းစနစ်ဆိုင်ရာကျွမ်းကျင်မှု အသိပညာလိုအပ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊<br>(ခ) အလုပ်သမားများအား ဦးထုပ်၊ လက်အိတ်၊ ဖုန်ကာကွယ်သည့် မျက်နှာဖုံး၊ ဖိနပ်၊ ခါးစည်းအဝတ်၊မျက်မှန် စသည့် ကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေးရမည်။<br>(ဂ) မြေပြင်မှ ၂ မီတာအထက်မြင့်သော ဆောက်လုပ်ရေး လုပ်ငန်းခွင်များအတွက် အောက်ဖော်ပြပါ အတိုင်းအတာများကို လိုက်နာပါ။<br>(ဃ) အောက်ခြေမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လုပ်ဆောင်ရမည်။<br>(င) အမြင့်တွင်လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မျက်လုံးစွေစောင်းသူများ၊ နာတာရှည်ရောဂါသည်များဖြစ်သည့် အရိုးပွရောဂါခံစားနေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ (သို့) ပါကေဆန်ရောဂါ ခံစားနေရသူများ၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သွေးတိုးကျဆေးစသည်တို့ကို သုံးစွဲနေရသော ရောဂါဝေဒနာရှင်များနှင့် လွန်ခဲ့သော(၁၂)လအတွင်း ထိခိုက်ဒဏ်ရာရရှိသူများအား လုပ်ဆောင်ခွင့် မပြုပါ။<br>(စ) အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သောသူများကို လုပ်ကိုင်ခွင့်ပြုသည်။<br>(ဆ) အမြင့်တွင်လုပ်ရသော အလုပ်များ (ဥပမာ- အမိုး)များတွင် လုပ်ဆောင် ပါက အန္တရာယ်ကင်းမှု ရှိ/မရှိ စစ်ဆေးရန်။<br>(ဇ) ပြိုကျပျက်ဆီးနိုင်သော နေရာများတွင် လုပ်ဆောင်ပါက ကြိုတင်သတိပေး မှုများ ပြုလုပ်ရန်။<br>(ဈ) ရေနံဆီ၊ အိမ်သုတ်ဆေးနှင့် ချော်မလဲအောင်ပြုလုပ်ထားသော မြေစာများ စသည်တို့ကို ရှင်းလင်းထားရန်။<br>(ည) ဖြစ်နိုင်ပါက လုံခြုံရေးအကာကွယ်ပေးသည့် နည်းလမ်းများ ဖြစ်သည့် |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**အဆောက်အဦလုပ်ငန်းများ**

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| | လုံခြုံရေးအကာအကွယ်ပစ္စည်းများ၊ငြမ်းစင်များ၊ဘားတန်းများကို မြေပြင်မှ ၄မီတာအကွာတွင် လုပ်ဆောင်သောလုပ်ငန်းများတွင် တပ်ဆင်ပေးရမည်။<br>(ဍ) လုပ်ငန်းခွင်သန့်ရှင်းရေးအား နေ့တိုင်းဆောင်ရွက်ရမည်။<br>(ဎ) ငရဲမီးနှင့် အဆိပ်အတောက်ပစ္စည်းများကို လုံအောင်ပိတ်ဆို့၍ လုံခြုံသောနေရာတွင် စနစ်တကျစွန့်ပစ်ရမည်။<br>(ဍ) လူနေအိမ်ခြေနှင့် ဝေးရာတွင် အလုပ်သမားများအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် အိမ်သာကို လုံလောက်စွာ ထားပေးရမည်။<br>(ဎ) ဆောက်လုပ်ရေးဧရိယာနှင့် ပစ္စည်းသိုလှောင်သောနေရာကို ကြိုးတား/ ကြိုးဝိုင်းထားပြီးသတိပေးဆိုင်းဘုဒ်များ တပ်ဆင်/ပြသထားရမည်။ ၎င်းဧရိယာတွင် ကလေးငယ်များဆော့ကစားခြင်းကို ခွင့်မပြုရ။<br>(ဏ) မြေယူရန်တူးထားသော တွင်းများကို ရေမဝပ်စေရန် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် မြေပြန်ဖို့ပေးရမည်။<br>(တ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် (ပိုးသတ်ဆေး၊လိမ်းဆေး၊ပတ်တီးစသည့် ဆေးဝါးအစုံအလင်ပါသည့်) ဆေးသေတ္တာထားရှိရမည်။ |
| အခြားသော ရှောင်ကြဉ်ရန် များ | (က) လိုအပ်သောနေရာမှအပ သစ်ပင်ခုတ်လှဲခြင်းသို့မဟုတ် သီးနှံခင်းများ ပျက်စီးစေခြင်း မရှိစေရ။<br>(ခ) အမဲလိုက်ခြင်း၊ငါးဖမ်းခြင်း၊တောတိရစ္ဆာန်များဖမ်းယူခြင်း၊အပင်များမှ ခူးယူခြင်း မပြုလုပ်ရ။<br>(ဂ) သုံးစွဲရန်အတည်ပြုထားသော ပစ္စည်းများမှအပ သုံးစွဲခြင်းမပြုရ။ (ခဲပါဝင်သောသုတ်ဆေးများ၊ကျောက်ဂွမ်းစသည်တို့ အပါအဝင်)<br>(ဃ) ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်နေရာများအားရှောင်ကြဉ်ရမည်။ |

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အဆောက်အဦလုပ်ငန်းများ

### ၂-၂။ အဆောက်အဦလုပ်ငန်းများအတွက်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs)လမ်းညွှန်ချက်များ

အောက်တွင်ဖော်ပြထားသည့်ဇယားသည် အဆောက်အဦလုပ်ငန်းများ ဆောက်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများအား ပြန်လည်ကောင်းမွန်လာစေရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs)လမ်းညွှန်ချက်များ ဖြစ်သည်။

| လုပ်ငန်းအမျိုးအစား | ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ခံနိုင်ရည်ရှိရန် ပြင်ဆင်မှု |
|---|---|
| အထွေထွေ | (က) အဆောက်အဦပတ်လည်တွင် ရေမဝပ်စေရန် လုံလောက်သော ရေမြောင်းပါရှိရမည်။ ရေဝပ်ခြင်းကြောင့် ပိုးမွှားများပေါက်ပွားနိုင်ပြီး ငှက်ဖျားစသော ရောဂါများ ဖြစ်ပွားနိုင်သည်။ ၎င်းသည်ကျန်းမာရေးနှင့်မညီညွတ်သောအနေအထားဖြစ်သည်။<br>(ခ) ရေနှင့် မိလ္လာစနစ်ပါရှိရမည်။ ဥပမာ။ ။အိမ်သာ၊ လက်ဆေးကန်၊<br>(ဂ) ကျောက်ဂွမ်းဖြင့်ပြုလုပ်ထားသော အမိုးပြားများမသုံးရ။<br>(ဃ) ကြွေပြားကပ်ထားသောကြမ်းခင်းသည် ဆေးကြောသန့်စင်ရန်လွယ်ကူပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ အန္တရာယ်ကင်းရမည်။ |
| စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ (နေ့ကလေးထိန်းဌာန၊ ဆက်သွယ်ရေးဌာနတို့ အပါအဝင်)၊ ကျေးလက် ကျန်းမာရေးဌာနခွဲများ နှင့်ဈေးများ။ | (က) အဆောက်အဦပတ်လည်တွင် ရေမဝပ်စေရန် လုံလောက်သော ရေမြောင်းပါရှိရမည်။ ရေဝပ်ခြင်းကြောင့် ပိုးမွှားများပေါက်ပွားနိုင်ပြီး ငှက်ဖျား စသော ရောဂါများဖြစ်ပွားနိုင်သည်။ ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများ မဖြစ်ပွားအောင် ဆောင်ရွက်ရမည်။<br>(ခ) ရေနှင့်မိလ္လာစနစ်ပါရှိရမည်။ဥပမာ။ ။အိမ်သာ၊လက်ဆေးကန်၊<br>(ဂ) ကျောက်ဂွမ်းဖြင့်ပြုလုပ်ထားသောအမိုးပြားများမသုံးရ။<br>(ဃ) ကြွေပြားကပ်ထားသော ကြမ်းခင်းသည် ဆေးကြောသန့်စင်ရန် လွယ်ကူပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ အန္တရာယ်ကင်းရမည်။<br>(င) လုံလောက်သော မိလ္လာစနစ်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များ၊ လိုအပ်ပါက မီးသတ်စနစ်များပါရှိရမည်။<br>(စ) လှေကားတွင် မသန်စွမ်းသူများအတွက် အနည်းဆုံးဆင်ခြေလျော တစ်ခု ပါရှိရမည်။<br>(က) စာသင်ကျောင်း/ဆေးပေးခန်းများ<br>• စာသင်ကျောင်းများနှင့် ကျန်းမာရေးဌာနခွဲများတွင် လေအေးပေးစက်မှ လေထက်သဘာဝလေ ရရှိမှုကို ဦးစားပေးရန်နှင့် လျှပ်စစ်မီး၏ အလင်းရောင်ထက် သဘာဝအလင်းရောင်ရရှိမှုကို ပိုမိုဦးစားပေးရန်၊ ထို့အတွက် ကြီးမားသော ပြတင်းပေါက်များဖြင့် တည်ဆောက်ပေးရန်။ |

| လုပ်ငန်းအမျိုးအစား | ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ခံနိုင်ရည်ရှိရန် ပြင်ဆင်မှု |
|---|---|
| | (ခ) ကျန်းမာရေးဆေးရုံ/ဆေးခန်းများ-<br>• စမ်းသပ်ခန်း၊လူနာဆောင်များနှင့် လူနာများစောင့်ဆိုင်းရန် နေရာများသည် ကျယ်ဝန်း၍ လေဝင်လေထွက်ကောင်းမွန်ရမည်။<br>• (သွေး၊ဆေးထိုးအပ်စသည်တို့ပါဝင်သော) စွန့်ပစ်ရန်အမှိုက်များကို စနစ်တကျ စွန့်ပစ်ရမည်။<br>(ဂ)ဈေးများ-<br>• သန့်ရှင်းရေးပြုလုပ်ရန် လွယ်ကူသော ကြွေပြားအခင်းများခင်းထားပြီး ရေဆင်းကောင်းအောင် လျှောထားပြီး တည်ဆောက်ရမည်။<br>• အချိန်မှန်သိမ်းဆည်းနိုင်မည့်အမှိုက်ကန်ထားရမည်။<br>• ကုန်ပစ္စည်းအလိုက် ဈေးဆိုင်များ၊ ပစ္စည်းတန်းများကို ခွဲခြားထားရမည်။<br>• မိုးရာသီတွင် အမိုးအကာများကို ရေမဝင်ရန် သေချာစွာမိုးကာ ထားရမည်။ |

## ၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲရန် လိုအပ်သည့် လုပ်ငန်းခွဲများ

(၁) အကာအကွယ်စစ်ဆေးချက်ပုံစံအရ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိနိုင်သော လုပ်ငန်းများ၊

(၂) အရှည် (၁၀) မီတာထက် ပိုရှည်သော တံတားများ၊

(၃) အသစ်တူးဖော်သော အနည်းဆုံးအနက်ပေ (၂၀၀)နှင့်အထက် ရေတွင်းများ၊ ဆည်မြောင်းများ၊ ရေပေးဝေရေးလုပ်ငန်းများ၊ အသေးစားရေဆိုးသန့်စင်မှုလုပ်ငန်းများ (သို့) အသေးစား စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များ (ကျန်းမာရေးဆိုင်ရာစွန့်ပစ်ပစ္စည်းများ အပါအဝင်) ဆောင်ရွက်ခြင်း၊

(၄) ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အဦများကို ပြုပြင်တည်ဆောက်ခြင်း၊

(၅) ထိန်းသိမ်းကာကွယ်ထားသော နယ်မြေများအတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများ။

# ၄။ ပုံစံများ

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အဆောက်အဦလုပ်ငန်းများ**

## ပုံစံ (အဆောက်အဦ - ၁) အကြိုကွင်းဆင်းစစ်ဆေးချက်

| | |
|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည် ဖြစ်သည်။* | |
| တိုင်းဒေသကြီး/ပြည်နယ် - | မြို့နယ် - |
| ကျေးရွာအုပ်စု - | ကျေးရွာ - |
| လုပ်ငန်းအမည် - | ရက်စွဲ - |

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| (က) | **မြေမျက်နှာသွင်ပြင်အခြေအနေများ** | | | |
| (i) | တည်ရှိသောမြေအမျိုးအစားသည် လုပ်ငန်းဆောင်ရွက်ရန် ကောင်းမွန်သော အခြေအနေ | | | |
| (ii) | လက်ရှိဆောင်ရွက်မည့်မြေသည် မိုးရွာသွန်းစဉ်နှင့် မိုးရွာသွန်းပြီးနောက် ရေတင်ကျန်နိုင်ခြင်း၊ ရေဝင်နိုင်ခြင်းကဲ့သို့သော ပြဿနာများဖြစ်ပွားနိုင်ခြင်း | | | |
| (iii) | တည်ဆောက်မည့်နေရာသို့ လွန်ခဲ့သည့်နှစ်များအတွင်း ရေလွှမ်းမိုးခဲ့သည့် အခြေအနေ | | | |
| (iv) | တည်ဆောက်မည့်မြေနေရာနှင့်အနီးတဝိုက်သည်လွန်ခဲ့သောနှစ်များအတွင်း လျှောင်ဒဏ်၊ ရေကြီးရေလျှံမှုဒဏ်၊ မီးဘေးဒဏ်၊ မုန်တိုင်းဒဏ်၊ မြေပြိုမှုဒဏ် ခံစားခဲ့ရမှု | | | |
| (ခ) | **မြေနေရာပိုင်ဆိုင်မှုအခြေအနေများ** | | | |
| (i) | ဆောင်ရွက်မည့်မြေနေရာသည် အခြားဌာနဆိုင်ရာများ၏ လုပ်ပိုင်ခွင့်ရှိသော မြေဧရိယာစာရင်းတွင်ပါဝင်ခြင်း<br>ကျရောက်နေပါက အဆိုပါဌာနများမှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ထားခြင်း | | | |
| (ii) | ဆောင်ရွက်မည့်မြေနေရာသည် ကျေးရွာလူထုမှ ရွာပိုင်မြေဖြစ်ကြောင်း ထောက်ခံထားသည့် စာရွက်စာတမ်း၊ အထောက်အထားများ | | | |
| (ဂ) | **သယ်ယူပို့ဆောင်ရေးဆိုင်ရာအခြေအနေများ** | | | |
| (i) | တည်ဆောက်မည့်နေရာနှင့် ပတ်ဝန်းကျင်ဒေသများသို့ဆက်သွယ်ထားသော လမ်းကြောင်းများသည်ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်၊ စက်ယန္တရားများ၊ လုပ်ငန်းသုံးပစ္စည်းများ၊လုပ်သားများသယ်ပို့ရန်အဆင်ပြေကောင်းမွန်ခြင်း | | | |

**အဆောက်အဦလုပ်ငန်းများ** **ပုံစံ - ၁ (က)**

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| (ii) | လုပ်ငန်းခွင်နှင့်အနီးတဝိုက်တွင် အရည်အသွေးမီသော လုပ်ငန်းသုံးပစ္စည်းများနှင့်လုပ်သားများရရှိနိုင်သည့် အခြေအနေ | | | |
| (ဃ) | **ဘေးကင်းလုံခြုံမှုဆိုင်ရာအခြေအနေများ** | | | |
| (i) | ဆောင်ရွက်မည့်နယ်မြေဒေသအတွင်းဘေးကင်းလုံခြုံမှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု | | | |
| (ii) | ဆောက်လုပ်ရေးလုပ်သားများအတွက် အစားအစာ၊ ဆေးဝါး၊ ကျန်းမာရေးနှင့် လုံခြုံမှုဆိုင်ရာအခြေအနေများအတွက် အဆင်ပြေလွယ်ကူခြင်း | | | |
| (င) | **ရေ၊ မီးရရှိနိုင်မှုအခြေအနေများ** | | | |
| (i) | ဆောက်လုပ်မည့် မြေနေရာပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရန်နှင့်အလုပ်သမားများ ရာသီမရွေးအသုံးပြုရန် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိနိုင်ခြင်း | | | |
| (ii) | ဆောက်လုပ်မည့် မြေနေရာပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရန်နှင့်အလုပ်သမားများ ရာသီမရွေးနေ့/ညအသုံးပြုရန် လုံလောက်သော Volt အားပြည့်မီသည့် လျှပ်စစ်မီးရရှိမှု အခြေအနေ | | | |
| (iii) | စီမံကိန်းတွင်ပါဝင်သော အဆောက်အအုံ၊ ရေအရင်းအမြစ်၊ ဓါတ်အားပေးနေရာများ၊ ဝင်လမ်းထွက်လမ်း၊ အမှိုက်နှင့် အညစ်အကြေးစွန့်ပစ်မည့်နေရာများ၊ စက်ယန္တယားထားရှိမည့် နေရာများကို Layout Plan ရေးဆွဲ၍မှတ်တမ်းတင်ထားခြင်း | | | |
| (စ) | **အဆောက်အအုံဆောက်လုပ်ခြင်းကြောင့် ထိခိုက်နိုင်သော ပတ်ဝန်းကျင် အခြေအနေများ** | | | |
| (i) | လုပ်ငန်းခွင်ဆောက်လုပ်ခြင်းမှ ထွက်ပေါ်လာမည့် ဆူညံသံ၊ လေထုညစ်ညမ်းမှု၊ စွန့်ပစ်အညစ်အကြေးများကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများဖြစ်ပေါ်နိုင်သည့် အခြေ အနေ | | | |
| (ii) | ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့စက်ယန္တယားများဝင်ထွက်သွားလာမှုကြောင့် ပတ်ဝန်းကျင် ရှိဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ထိန်းသိမ်းထားသည့် အမွေအနှစ်ဆိုင်ရာနေရာများ၊ အနီးအနားပတ်ဝန်းကျင်ရှိထိခိုက်နိုင်သော တိုင်းရင်းသားလူမျိုးစုများ၏ နေထိုင်ရာနေရာများနှင့် ပိုင်ဆိုင်သောလယ်မြေ၊ ယာမြေများကို ထိခိုက်နိုင်သည့် အခြေအနေ | | | |
| (ဆ) | **အခြားလိုအပ်နိုင်မည့် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများ** | | | |
| (i) | အဆောက်အအုံဆောက်လုပ်မည့်နေရာသို့ ဝင်ထွက်သွားလာနိုင်မည့် လမ်းကြောင်းများပေါ်တွင် ယာယီတံတားငယ်များ၊ Culvertများ၊ လမ်းလွှဲများ | | | |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အဆောက်အဦလုပ်ငန်းများ** **ပုံစံ - ၁ (ခ)**

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေရှိ/မရှိ | | | |
| (ဇ) | **ရေဆိုး၊ အညစ်အကြေးနှင့် အမှိုက်စွန့်ပစ်ခြင်းအတွက်နေရာသတ်မှတ်ခြင်း** | | | |
| (i) | လုပ်ငန်းဆောက်လုပ်ခြင်းမှထွက်ရှိလာမည့် ရေဆိုး၊ အညစ်အကြေးနှင့် အမှိုက်များကို ပတ်ဝန်းကျင်ညစ်ညမ်းခြင်းမရှိအောင် စနစ်တကျစွန့်ပစ်နိုင်မည့် နေရာများ | | | |

စစ်ဆေးသူလက်မှတ် ........................ စစ်ဆေးသူလက်မှတ် ...........................

အမည် ........................ အမည် ...........................

ရာထူး ........................ ရာထူး ...........................

ရက်စွဲ ........................ ရက်စွဲ ...........................

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အဆောက်အဦလုပ်ငန်းများ**

## ပုံစံ (အဆောက်အဦ - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ (Feasibility Study Report)

| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည် ဖြစ်သည်။* | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် - | မြို့နယ် - |
| ကျေးရွာအုပ်စု - | ကျေးရွာ - |
| လုပ်ငန်းအမည် - | ရက်စွဲ - |

၁။ မြေနေရာပိုင်ဆိုင်မှုဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၂။ သယ်ယူပို့ဆောင်ရေးဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၃။ ဘေးကင်းလုံခြုံမှုဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အဆောက်အဦလုပ်ငန်းများ**

၄။ လုပ်ငန်းခွင်အခြေအနေများဆန်းစစ်ခြင်းဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၅။ အခြားဌာနပိုင်မြေဧရိယာ၊ အခြားဌာနဆိုင်ရာမှ ဆောင်ရွက်သည့်လုပ်ငန်းများနှင့် တိုက်ဆိုင်မှု ရှိမရှိစစ်ဆေးခြင်းဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၆။ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ထိခိုက်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ

| |
|---|
| |

၇။ ရေဆိုး၊ အညစ်အကြေး၊ အမှိုက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အဆောက်အဦလုပ်ငန်းများ**

၈။ စီမံကိန်းအကျိုးပြုမှုအခြေအနေများ ဆန်းစစ်ခြင်း **(**တိုင်းရင်းသားလူမျိုးစု၊ ဘာသာကွဲလူနည်းစု၊ နွမ်းပါး သူ၊ သက်ကြီးရွယ်အိုများအား အကျိုးပြုမှု**)**

| |
|---|
| |

၉။ အခြားတင်ပြလိုသည့်အချက်များ

| |
|---|
| |

ကွင်းဆင်းစစ်ဆေးခဲ့သည့်မှတ်တမ်းဓါတ်ပုံများနှင့် layout Planကိုနောက်ဆက်တွဲဖြင့် ဖော်ပြပါရန်

စစ်ဆေးသူလက်မှတ် ……………………………….

အမည် ……………………………….

ရာထူး ……………………………….

ရက်စွဲ ……………………………….

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အဆောက်အဦလုပ်ငန်းများ

## ပုံစံ (အဆောက်အဦ - ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ

| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည် ဖြစ်သည်။* | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| လုပ်ငန်းခွဲအမည် | |
| အကျိုးပြုဦးရေ | |

**စီမံကိန်းလုပ်ငန်းခွဲအကြောင်း**

- ☐ ပြုပြင်ခြင်း
- ☐ တိုးချဲ့ခြင်း
- ☐ အသစ်ဆောက်လုပ်ခြင်း

**အခြေခံအဆောက်အဦ အမျိုးအစား**

- ☐ ပညာရေးဆိုင်ရာအဆောက်အဦ
- ☐ ကျန်းမာရေးဆိုင်ရာအဆောက်အဦ
- ☐ ကျေးရွာအဆောက်အဦ
- ☐ အခြား

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိစစ်မှု**

| စဉ် | စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | **သဘာဝပတ်ဝန်းကျင်**<br>(က) စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်မည့် နေရာတွင် သစ်ပင်ခုတ်လှဲရန်<br>➢ ခုတ်လှဲရမည်ဆိုပါက သစ်ပင်အရေအတွက်...........<br>➢ သစ်ပင်တစ်ပင်ခုတ်လှဲပါက အနည်းဆုံး (၇-၁၀) ပင် ပြန်လည်စိုက်ပျိုးပေးရမည်။ | | | |
| | (ခ) သစ်တောရေိယာအတွင်း ကျရောက်မှု<br>➢ စီမံကိန်းဆောင်ရွက်မည့်နေရာသည်သစ်တောရေိယာအတွင်း ကျရောက်နေပါက သစ်တောဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ရမည်ဖြစ်သည်။ | | | |
| | (ဂ) စိမ့်မြေ၊ ရာသီအလိုက် ရေလွှမ်းမိုးသော မြေများ | | | |
| | (ဃ) သဘာဝရေကန် | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အဆောက်အဦလုပ်ငန်းများ

ပုံစံ - ၃ (က)

| စဉ် | စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | (င) မြစ်/ချောင်း<br>➢ တည်ဆောက်ရေးလုပ်ငန်းများကြောင့် အနီးအနားရှိ မြစ်/ ချောင်းများ၏ ရေလမ်းကြောင်း၊ မျက်နှာပြင် ရေဇလဗေဒ ပြောင်းလဲမှု၊ မြေတိုက်စားမှုကြောင့် မြစ်/ ချောင်းတိမ်ကောမှုများမဖြစ်ပေါ်စေရန် အထူးအလေးထား ဆောင်ရွက်ရမည်။ | | | |
| ၂။ | **ကာကွယ်ထားသော ဧရိယာ**<br>(က)စီမံကိန်းလုပ်ငန်းခွဲဧရိယာသည် ကာကွယ်ထားသော ဧရိယာ (အမျိုးသားဥယျာဉ်၊အမျိုးသားကာကွယ်တော၊ဘေးမဲ့တောများ၊ သဘာဝထိန်းသိမ်းရေး နယ်မြေ စသည်)ထိစပ်ကျရောက်နေမှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာ ဆောင်ရွက်သွားရမည်ဖြစ် သည်။ | | | |
| | (ခ) စီမံကိန်းလုပ်ငန်းခွဲဧရိယာသည် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိရာဧရိယာတွင် ထိစပ်ကျရောက်နေမှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏လမ်းညွှန်ချက်များကို သိရှိလိုက်နာဆောင်ရွက် သွားရမည်ဖြစ်သည်။ | | | |
| ၃။ | **မြေဆီလွှာ**<br>(က)မြေဆီလွှာတိုက်စားခြင်း | | | |
| | (ခ)မြေပြိုခြင်း<br>➢ လုပ်ငန်းခွဲအနီးနားတွင် မြေပြိုနိုင်သည်များရှိပါက မိုးရာသီမတိုင်မီ ရေတိုက်စားမှုကာကွယ်သည့် နည်းစနစ်များအတိုင်း ဆောင်ရွက်ရမည်။အကြီးမြန်သည့် အပင်များအား စိုက်ပျိုးပေးရမည်။<br>➢ သစ်ပင်မစိုက်ပျိုးမီကာလအတွင်း ရေကြောင်းလွှဲခြင်း ၊ယာယီတိုက်စားမှု ကာကွယ်နည်းများဆောင်ရွက်ထား ရှိရမည်။ | | | |
| ၄။ | **ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုဧရိယာ**<br>(က)လုပ်ငန်းခွဲသည် ဒေသဆိုင်ရာ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေး | | | |

**ပုံစံ - ၃ (ခ)**

| စဉ် | စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | မှုဧရိယာအတွင်း (ဘုရားစေတီ၊ အမှတ်ရအဆောက်မေ့ဖွယ် အဆောက်အဦနှင့်သင်္ချိုင်းဂူများ) ထိစပ်ကျရောက်မှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာ ဆောင်ရွက်သွားရမည် ဖြစ်သည်။ | | | |
| ၅။ | **သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု**<br>(က)လုပ်ငန်းခွဲကြောင့် မြေ၊ ရေ၊ လေထု ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်း | | | |
| | (ခ)ခဲပါဝင်သောသုတ်ဆေးများ၊ကျောက်ဂွမ်းပါဝင်သော ကျောက်ပြားများ (Asbestos Cement Sheet) အသုံးပြုမှု | | | |
| | (ဂ)လုပ်ငန်းများဆောင်ရွက်ရာတွင် စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှု<br>➢ "ရှိ" သည်ဟုဖြေပါက စွန့်ပစ်ရန်သင့်တော်သော နေရာကို အများပိုင်နေရာတွင် သတ်မှတ်ထားခြင်းနှင့် စွန့်ပစ်စနစ် စီစဉ်ဆောင်ရွက်ထားရှိရမည်ဖြစ်သည်။<br>➢ "မရှိ"ဟုဖြေပါကလုပ်ငန်းအားဆက်လက်ဆောင်ရွက်ခြင်းမပြုရ | | | |
| ၆။ | **ရေအရည်အသွေး**<br>(က)လုပ်ငန်းခွဲသည် ရေအရင်းအမြစ်အား ထိခိုက်နိုင်မှု | | | |
| | (ခ)တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေး ဝန်ထမ်းများနေထိုင်သည့် နေရာများမှထွက်ရှိသည့် စီးဆင်းရေ၊အမှိုက်များကြောင့် အနီးအနားရှိ မြစ်၊ချောင်းများနှင့် ရေရရှိသောနေရာများ၏ ရေအရည်အသွေးထိခိုက်မှု | | | |
| ၇။ | **စိုက်ပျိုးမြေနှင့် နေအိမ်အဆောက်အဦ ပျက်စီးမှု**<br>(က)စိုက်ပျိုးမြေဧရိယာအတွင်း ဆောက်လုပ်ခြင်း | | | |
| | (ခ)နေအိမ်အဆောက်အဦများ ထိခိုက်နိုင်မှု | | | |

အထက်ဖော်ပြပါ မေးခွန်းတစ်ခု၏ အဖြေသည် "ရှိ" သည်ဟုဆိုပါက အသေးစိတ်ဖော်ပြရန်နှင့် အကာအကွယ်စစ်ဆေးချက်အရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်ပါက သဘာဝပတ်ဝန်း ကျင်စီမံခန့်ခွဲမှု အစီအစဉ်(Environmental Management Plan) ကိုရေးဆွဲ၍သက်ရောက်မှုအပေါ် ခံနိုင်ရည်ရှိစေရေး ပြင်ဆင်ရမည်။

## လူမှုပတ်ဝန်းကျင်ဆိုင်ရာ စိစစ်မှု

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | လုပ်ငန်းခွဲသည် ပုဂ္ဂလိကပိုင် မြေ၊ စိုက်ခင်း၊ အိမ်ရာ၊ အခြားပိုင်ဆိုင်မှုများကို အမြဲတမ်း(သို့) ယာယီအသုံးပြုရန် <br> ➢ “ရှိ”သည်ဟုဖြေပါကဆန္ဒအလျောက်မြေယာလှူဒါန်းမှု များ ဆောင်ရွက်ပြီးမှသာလျှင် လုပ်ငန်းအား စတင် ဆောင်ရွက်ရမည်ဖြစ်သည်။ | | | |
| ၂။ | မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှု ရှိသောမြေပေါ်တွင် အခြေခံ အဆောက်အဦးများကို တိုးချဲ့ဆောက်လုပ်ခြင်း(သို့) ပြုပြင်ခြင်း (သို့) အသစ်တည်ဆောက်ခြင်း <br> ➢ “ရှိ”သည်ဟုဖြေပါက ထိုဧရိယာတွင် စီမံကိန်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။ | | | |
| ၃။ | စာသင်ကျောင်း ၊ဆေးပေးခန်း၊ ကျေးရွာခန်းမနှင့် ဈေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများအသုံးပြုခွင့်ဆိုင်ရာ ဥပဒေသများနှင့်အညီ အားလုံးအသုံးပြုနိုင်ခြင်း <br> ➢ “မရှိ”ဟုဖြေပါကပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာအများ အသုံးပြုနိုင်သော လုပ်ငန်းများထည့်သွင်းဆောင်ရွက်သင့်သည်။ | | | |
| ၄။ | စီမံကိန်းလုပ်ငန်းများတွင် အသက်(၁၈) နှစ်အောက်ကလေးများပါဝင်ခြင်း <br> ➢ ရှိသည်ဟု ဖြေပါက အသက်(၁၅)နှစ်အထက်နှင့် (၁၈)အောက် ကလေးများအား အန္တရာယ်ရှိသောလုပ်ငန်းခွင်များ (သို့)ပညာရေး၊ ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ တိုး တက်မှုများအား ထိခိုက်စေနိုင်သောလုပ်ငန်းများတွင် ခိုင်းစေခြင်း မပြုရ။ | | | |
| ၅။ | ခြံစည်းရိုးကာရံခြင်းလုပ်ငန်းသည် အများပြည်သူ သွားလာရန်အတွက် အဟန့်အတားဖြစ်ခြင်း | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | ➢ "ရှိ"သည်ဟုဖြေပါက အများအသုံးပြုခွင့်ဆိုင်ရာ ဥပဒေများကိုလိုက်နာ၍ အားလုံးပါဝင်သော ဆွေးနွေးမှုများ ပြုလုပ်ပြီး ခြံစည်းရိုးတွင် သင့်လျော်သော တံခါးပေါက် တပ်ဆင်ရန် ကျေးရွာလူထုမှ သဘောတူညီချက်များနှင့် စာရွက်စာတမ်းများ ပြုလုပ်ထားရမည်ဖြစ်သည်။ | | | |
| ၆။ | လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာလူထု အလုပ်အကိုင်ရရှိမှု<br>➢ အကယ်၍ ကျေးရွာလူထုဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပါက တူညီသောလုပ်ငန်းအတွက် လုပ်အားခတူညီစွာ ပေးချေရမည်ဖြစ်သည်။<br>➢ လုပ်ငန်းအကောင်အထည်ဖော်ခြင်းအားကျေးရွာလူထုဖြင့် ဆောင်ရွက်ပါက လုပ်သားနှစ်မျိုး (ကျွမ်းကျင်လုပ်သား/ရိုးရိုးလုပ်သား) ဖြင့် ဆောင်ရွက်သင့်သည်။ | | | |
| ၇။ | ကျေးရွာတွင် အများစုနေထိုင်သည့် လူမျိုးများအပြင် အခြားတိုင်းရင်းသား မျိုးနွယ်စုများ နေထိုင်မှု<br>➢ "ရှိ"သည်ဟုဖြေပါက အားလုံးကျိုးခံစားခွင့်ရှိရမည်။ | | | |
| ၈။ | လုပ်ငန်းခွင်သည် အလုပ်သမားများအတွက် အန္တရာယ်ဖြစ်နိုင်မှု<br>➢ လုပ်သားများအတွက် အကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးရမည်။<br>➢ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ အလင်းရောင်ကောင်းစွာရရှိပြီး အလုပ်သမားများနှင့် ပတ်ဝန်းကျင်ရှိ လမ်းသွားလမ်းလာများ၏ လုံခြုံမှုရရှိစေရန် ဆောင်ရွက်ထားရှိရမည်။<br>➢ လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားခြင်းများလုံးဝ မရှိစေရေး အထူးအလေးထား ဆောင်ရွက်ရမည်။ | | | |
| ၉။ | **စီမံကိန်းလုပ်ငန်းခွဲအကျိုးပြုမှု**<br>➢ အမျိုးသမီးများအကျိုးခံစားရရှိခြင်း | | | |
| | ➢ တိုင်းရင်းသား လူနည်းစုအကျိုးခံစားရရှိခြင်း | | | |

**အဆောက်အဦလုပ်ငန်းများ** **ပုံစံ - ၃ (င)**

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | ➢ ဘာသာကွဲလူနည်းစုအကျိုးခံစားရရှိခြင်း | | | |
| | ➢ အခြားအုပ်စုများ အကျိုးခံစားရခြင်း(ဥပမာ-နွမ်းပါးသူများ၊ သက်ကြီးရွယ်အိုများ) | | | |
| | အုပ်စုတစ်ခုတိုင်းအတွက် “ရှိ”လျှင် မည်ကဲ့သို့အကျိုး သက်ရောက်မှုရှိကြောင်းနှင့် “မရှိ” လျှင် မည့်သည့် အ တွက်ကြောင့် အကျိုးသက်ရောက်မှုမရှိကြောင်း အသေး စိတ်ရှင်းလင်းပါ။ | | | |

လက်မှတ် -
အမည် -
ရာထူး -
ရက်စွဲ -

လက်မှတ် -
အမည် -
ရာထူး -
ရက်စွဲ -

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အဆောက်အဦလုပ်ငန်းများ**

## ပုံစံ (အဆောက်အဦ - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းများကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ဖြည့်သွင်းရမည်ဖြစ်သည်။* | | | |
| ပြည်နယ်/တိုင်းဒေသကြီး | - | ကျေးရွာ | - |
| မြို့နယ် | - | လုပ်ငန်းအမည် | - |
| ကျေးရွာအုပ်စု | - | အတိုင်းအတာ | - |

၁။ **ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ**

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု | အသုံးချနိုင်သော ကိစ္စရပ်ကို အမှန်ခြစ်ပါ | အသုံးချနိုင်သော ကိစ္စရပ်ကို အောက်ဖော်ပြပါ ကာလအတွင်း စစ်ဆေးမှုအား လက်မှတ်ထိုးရန် | | |
|---|---|---|---|---|---|
| | | | စီမံကိန်း လုပ်ငန်းခွဲ ပြင်ဆင်ခြင်း | အကောင် အထည် ဖော်ခြင်း | ပြုပြင် ထိန်းသိမ်း ခြင်း |
| ဆောက်လုပ်ချိန်၌ ဆူညံခြင်း | (က) ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်း၍ အဆူညံဆုံး လုပ်ငန်းကို လူထုအား အနှောက်အယှက်ဖြစ်နိုင်ခြေ အနည်းဆုံးအချိန်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (ခ) ကာရံထားခြင်း/ပိတ်ဆို့ထားခြင်း/ ခြားထားခြင်း/ လမ်းလွှဲထားခြင်း ဖြင့်လည်းကောင်း၊ အသံတိုးသောပစ္စည်းများအား အသုံးပြုခြင်း ဖြင့်လည်းကောင်း၊ အကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် လည်း ကောင်း ဆူညံမှု ကိုထိန်းချုပ်ခြင်း၊<br>(ဂ) ရွာတွင်းမှ ဖြတ်သန်း၍ ပစ္စည်းများအား သယ်ယူပို့ဆောင်ခြင်းကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊<br>(ဃ) လူနေအိမ်ခြေနှင့် စီမံကိန်းဇုံကြားတွင် သစ်ပင်တန်း/ ကွက်လပ်/ စိုက် ခင်းစသည် တို့ ခြားထားခြင်းဖြင့် ဆူညံမှုကို တားဆီးခြင်း၊ | | | | |
| မြေဆီလွှာ တိုက်စားခြင်း | (က) ပွင့်လင်း/ခြောက်သွေ့ရာသီတွင် ဆောက်လုပ်ခြင်း၊<br>(ခ) ကုန်းစောင်းများ/ဆင်းလျှောများ အနည်းဆုံးဖြစ်စေခြင်း၊<br>(ဂ) တိုက်စားနိုင်သော ဧရိယာများတွင် မြက်စိုက်ပေးခြင်း၊ မြေဖို့ပေး ပြီး သိပ်သည်းအောင် ပြုလုပ်ခြင်း၊ | | | | |
| | (ဃ) ဆောက်လုပ်ရေးလုပ်ငန်း ပြီးလျှင်ပြီးချင်း အပေါ်ယံမြေဆီလွှာ ပြန် လည် ဖုံးအုပ်ပေးပြီးလျှင် မြက်/ ကြီးမြန်သစ်ပင်/ ချုံပင်/ သစ်ပင်တို့ အား ပြန်လည်စိုက်ပျိုး ပေးခြင်း၊<br>(င) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသောအခါ ရေစီးရေလာ ကောင်း မွန်စေရန် ရေမြောင်းများဆောင်ရွက်ပေးခြင်း၊ | | | | |
| သန့်ရှင်းသောလေ | (က) လုပ်ငန်းခွင်တွင် ဖုန်မထစေရန် အချိန်မှန်ရေဖျန်းပေးရမည်၊ | | | | |

| | | | | | |
|---|---|---|---|---|---|
| သန့်ရှင်းသောလေ | (ခ) လုပ်ငန်းခွင်သန့်ရှင်းစေရန် သစ်ရွက်ခြောက်/အမှိုက်များအား မီးမရှို့ရ၊<br>(ဂ) လေတိုက်သောနေ့တွင် လွင့်သွားခြင်း/ အကောင်များကြောင့် လွင့်သွားခြင်းများ မရှိစေရန် သဲ/ကျောက်တို့ဖြင့် ဖုံး/ဖိ ထားရမည်၊ | | | | |
| ရေရရှိရေးနှင့် ရေ၏ အရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သောက်သုံးရေရရှိမှုနှင့် ကျန်းမာ၊ သန့် ရှင်းရေးတို့အား မထိခိုက်စေရ။<br>(ခ) ရေ၏အရည်အသွေးညံ့ဖျင်းစေနိုင်သော မိလ္လာအညစ်အကြေး၊ အမှိုက်နှင့် အဆိပ်အတောက်ဖြစ်စေသော အရာများ(သို့) အန္တရာယ် ဖြစ်စေမည့် ပစ္စည်းများအား ရေထဲသို့ ပစ်မချရ။<br>(ဂ) သဘာဝရေစီးကြောင်းများကို ပိတ်ဆို့ခြင်း၊ လမ်းလွှဲခြင်း မပြုရ။ မြစ်ချောင်း ကြမ်းပြင်ခြောက်သွေ့စေခြင်း / အနည်ထိုင် သောင်ထွန်းခြင်းတို့ ဖြစ်တတ်သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကို ရေထဲတွင် လုပ်ကိုင်ရပါက ရေလမ်းကြောင်းနှင့် တတ်နိုင်သမျှ ခွဲခြားထားရမည်။ ရေစီးဝင်သည့် မြောင်းနှင့် လည်း ခွဲခြား ထားရမည်။ | | | | |
| အမှိုက်/အဆိပ် အတောက်နှင့် အန္တရာယ်ဖြစ်စေ သောပစ္စည်းများ | (က) ဆောက်လုပ်ရေး အမှိုက်သရိုက်များကို စွန့်ပစ်ရန် သတ်မှတ်ထားသောနေရာတွင်သာ စွန့်ပစ်ရမည်၊<br>(ခ) စွန့်ပစ်အမှိုက်များကို (ဖောင်ဒေးရှင်းအတွက် တူးထားသောမြေ အပါအဝင်) မြစ်/ ချောင်း/ရေကန် စသည့် ရေထွက်ပင်ရင်းနှင့် အနည်းဆုံး မီတာ(၃၀၀)၊ (ပေအား ဖြင့်၁၀၀၀) ကွာဝေးသော နေရာများတွင် ထိန်းသိမ်းထားရမည်၊ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (ဂ) ဆီဖြည့်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ ပြောင်းရွှေ့ခြင်းတို့ကို လူနေအိမ်ခြေနှင့် ဝေးရာတွင် ဆောင်ရွက်ရမည်။ ရေမြောင်းမှ မီတာ(၅၀)၊ ပေ(၁၆၅) နှင့် အဓိကကျသော ရေထွက်ပင်ရင်းမှ မီတာ (၁၀၀)၊ ပေ(၃၃၀) ကွာ ဝေးရမည်။<br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများအား ပြောင်းရွှေ့မည့် အလုပ်သမားများကိုလည်း လက်အိတ်၊ ဖိနပ်၊ ခါးစည်း အဝတ်၊ မျက်မှန် နှင့်အခြား ကာကွယ်ရေးပစ္စည်းများအား အသုံးပြုတတ်အောင် ပညာပေး/လေ့ကျင့်ပေးရမည်။<br>(င) အသေးစားပြုပြင်ထိန်းသိမ်းရေးပစ္စည်းများဖြစ်သော ဆီပေအဝတ်၊ ဆီစစ်၊ ဆီအဟောင်းများအား စနစ်တကျစွန့်ပစ်ရမည်။ မြေအောက်ရေ နှင့် မြေကြီးကို ညစ်ညမ်းမှု ဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်းအကျန်များကိုမြေထုနှင့် ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။ အကယ်၍ ကျေးလက်လူထုသည် မလွဲ မရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသော စွန့်ပစ်မှုစနစ်ကို ကျင့်သုံးရမည်။ (ဥပမာ-သုံးစွဲပြီး ဆီများကို လောင်စာ အဖြစ်အသုံးပြုခြင်း၊ ကြမ်းတိုက်ခြင်း၊ ရေနံချေးနှင့် ရောစပ်၍ အသုံးပြုခြင်း) | | | | |
| ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး | (က) လူထုထိခိုက်မှုအား ရှောင်ရှားနိုင်စေရေး အတွက် ဆွေးနွေးညှိနှိုင်းမှုများကို စီမံကိန်း အကောင်အထည်ဖော်မှုအစီအစဉ် ရေးဆွဲစဉ်ကတည်းက အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်- | | | | |

| | | | | | |
|---|---|---|---|---|---|
| ကျန်းမာရေးနှင့်<br>အန္တရာယ်ကင်း<br>ရှင်းရေး | (၁) လုပ်ငန်းခွင်နေရာ- လူမှုထိခိုက်နိုင်ချေရှိသည့် အရာများကိုဖယ်ရှားခြင်း (သို့မဟုတ်) သတိပေး ဆိုင်းဘုတ်ထားရှိခြင်း၊<br>(၂) လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးလုပ်သားများ - ဆောက်လုပ်ရေး လုပ်သားများသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုး အစားအလိုက် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်ခြင်း၊<br>(၃)အသုံးပြုသောစက်ယန္တရားများ - စက်ယန္တရားများအား ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ အဆိုပါ ယန္တရားများကို လုံခြုံစိတ်ချစွာအသုံးပြုမှု၊နည်းစနစ်ဆိုင်ရာ ကျွမ်းကျင်မှု အသိပညာ လိုအပ်ခြင်း ရှိ/မရှိ စစ်ဆေး ခြင်း၊<br>(ခ) အလုပ်သမားများအား ဦးထုပ်၊ လက်အိတ်၊ ဖုန်ကာကွယ်သည့် မျက်နှာဖုံး၊ ဖိနပ်၊ ခါးစည်းအဝတ်၊မျက်မှန်စသည့် ကာကွယ်ရေး ပစ္စည်းများ ပံ့ပိုးပေးရမည်။<br>(ဂ) မြေပြင်မှ ၂ မီတာအထက်မြင့်သော ဆောက်လုပ်ရေး လုပ်ငန်းခွင်များ အတွက် အောက်ဖော်ပြပါ အတိုင်းအတာများကို လိုက်နာပါ။<br>(ဃ) အောက်ခြေမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လုပ် ဆောင်ရမည်။<br>(င) အမြင့်တွင်လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မျက်လုံး စွေစောင်းသူများ၊ နာတာရှည်ရောဂါသည်များဖြစ်သည့် အရိုးပွ (ရောဂါခံစားနေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ (သို့) | | | | |

| | | | | | |
|---|---|---|---|---|---|
| | ဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်း အကျန်များကို မြေထုနှင့် ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။ အကယ်၍ ကျေးလက်လူထုသည် မလွဲမရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသော စွန့်ပစ်မှုစနစ်ကို ကျင့်သုံးရမည်။(ဥပမာ-သုံးစွဲပြီး ဆီများ ကို လောင်စာအဖြစ်အသုံးပြုခြင်း၊ ကြမ်းတိုက်ခြင်း၊ ရေနံချေးနှင့် ရောစပ်၍ အသုံးပြုခြင်း) | | | | |
| ကျန်းမာရေးနှင့် အန္တရာယ်ကင်း ရှင်းရေး | (က) လူထုထိခိုက်မှုအား ရှောင်ရှားနိုင်စေရေး အတွက် ဆွေးနွေးညှိနှိုင်းမှုများကို စီမံကိန်း အကောင်အထည်ဖော်မှုအစီအစဉ် ရေးဆွဲစဉ်ကတည်းက အောက်ပါ အချက်များကို ထည့်သွင်း စဉ်းစားရန် လိုအပ် သည်-<br>(၁) လုပ်ငန်းခွင်နေရာ- လူမှုထိခိုက်နိုင်ချေရှိသည့် အရာများကို ဖယ်ရှားခြင်း (သို့မဟုတ်) သတိပေး ဆိုင်းဘုတ်ထားရှိခြင်း၊<br>(၂)လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးလုပ်သားများ - ဆောက်လုပ်ရေး လုပ်သားများသည် သက်ဆိုင်ရာ လုပ်ငန်း အမျိုးအစားအလိုက် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်မှု ရှိရန်လိုအပ် ခြင်း၊<br>(၃)အသုံးပြုသောစက်ယန္တရားများ - စက်ယန္တရားများအား ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ | | | | |

| | | | | | |
|---|---|---|---|---|---|
| | အဆိုပါ ယန္တရားများကို လုံခြုံစိတ်ချစွာ အသုံးပြုမှု နည်းစနစ်ဆိုင်ရာ ကျွမ်းကျင်မှု အသိပညာ လိုအပ် ခြင်း ရှိ/မရှိ စစ်ဆေး ခြင်း၊<br>(ခ) အလုပ်သမားများအား ဦးထုပ်၊ လက်အိတ်၊ ဖုန်ကာကွယ်သည့် မျက်နှာဖုံး၊ ဖိနပ်၊ ခါးစည်းအဝတ်၊မျက်မှန်စသည့် ကာကွယ်ရေး ပစ္စည်းများ ပံ့ပိုးပေးရမည်။<br>(ဂ) မြေပြင်မှ ၂ မီတာအထက်မြင့်သော ဆောက်လုပ်ရေး လုပ်ငန်းခွင်များအတွက် အောက်ဖော်ပြပါ အတိုင်း အတာ များကို လိုက်နာပါ။<br>(ဃ)အောက်ခြေမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင် ဆုံး လုပ် ဆောင်ရမည်။<br>(င) အမြင့်တွင်လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများ တွင် မျက်လုံး စွေစောင်းသူများ၊ နာတာရှည်ရောဂါ သည်များဖြစ်သည့် အရိုးပွရောဂါ ခံစားနေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင် ရောဂါ (သို့) ပါကေဆန် ရောဂါခံစား နေရသူများ၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သွေးတိုးကျဆေး စသည်တို့ကို သုံးစွဲနေရသော ရောဂါ ဝေဒနာရှင်များနှင့် လွန်ခဲ့သော (၁၂)လအတွင် ထိခိုက် ဒဏ်ရာရရှိသူများအား လုပ်ဆောင်ခွင့် မပြုပါ။ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (စ) အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သောသူများကို လုပ်ကိုင် ခွင့်ပြုသည်။<br>(ဆ) အမြင့်တွင်လုပ်ရသော အလုပ်များ (ဥပမာ- အမိုး) များ တွင် လုပ်ဆောင်ပါက အန္တရာယ်ကင်းမှု ရှိ/မရှိ စစ်ဆေးရန်။<br>(ဇ) ပြိုကျပျက်ဆီးနိုင်သော နေရာများတွင် လုပ်ဆောင်ပါက ကြိုတင် သတိပေးမှုများ ပြုလုပ်ရန်။<br>(ဈ) ရေနံဆီ၊ အိမ်သုတ်ဆေးနှင့် ချော်မလဲအောင် ပြုလုပ်ထားသော မြေစာများ စသည်တို့ကို ရှင်းလင်းထား ရန်။<br>(ည) ဖြစ်နိုင်ပါက လုံခြုံရေး အကာအကွယ်ပေးသည့် နည်းလမ်းများဖြစ်သည့် လုံခြုံရေးအကာအကွယ် ပစ္စည်းများ ၊ငြမ်းစင်များ ၊ ဘားတန်းများကို မြေပြင်မှ ၄ မီတာအကွာ တွင် လုပ်ဆောင်သော လုပ်ငန်းများတွင် တပ်ဆင်ပေးရ မည်။<br>(ဋ) လုပ်ငန်းခွင်သန့်ရှင်းရေးအား နေ့တိုင်းဆောင်ရွက်ရမည်<br>(ဌ) ငရဲမီးနှင့် အဆိပ်အတောက်ပစ္စည်းများကို လုံအောင် ပိတ်ဆို့၍လုံခြုံသောနေရာတွင်စနစ်တကျစွန့်ပစ်ရမည်။<br>(ဍ) လူနေအိမ်ခြေနှင့် ဝေးရာတွင် အလုပ်သမားများ အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် အိမ်သာကိုလုံလောက် စွာထားပေးရမည်။ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (ဎ) ဆောက်လုပ်ရေး ဧရိယာနှင့် ပစ္စည်းသိုလှောင်သော နေရာကို ကြိုး တား/ ကြိုးဝိုင်းထားပြီး သတိပေးဆိုင်းဘုဒ်များ တပ်ဆင်/ပြသ ထားရမည်။ ၎င်းဧရိယာတွင် ကလေးငယ်များဆော့ ကစားခြင်းကို ခွင့်မပြုရ။<br>(ဏ) မြေယူရန်တူးထားသော တွင်းများကို ရေမဝပ်စေရန် ဆောက် လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် မြေပြန်ဖို့ပေး ရမည်။<br>(တ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် (ပိုးသတ်ဆေး၊ လိမ်းဆေး၊ ပတ်တီး စသည့် ဆေးဝါးအစုံအလင်ပါသည့်) ဆေးသေတ္တာ ထားရှိရမည်။ | | | | |
| အခြားသော ရှောင်ကြဉ်ရန်များ | (က) လိုအပ်သောနေရာမှအပ သစ်ပင်ခုတ်လှဲခြင်းသို့မဟုတ် သီးနှံ ခင်းများ ပျက်စီးစေခြင်း မရှိစေရ။<br>(ခ) အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ တောတိရစ္ဆာန်များ ဖမ်းယူခြင်း၊ အပင် များမှ ခူးယူခြင်း မပြုလုပ်ရ။<br>(ဂ) သုံးစွဲရန်အတည်ပြုထားသော ပစ္စည်းများမှအပ သုံးစွဲခြင်းမပြုရ။<br>(ခဲပါဝင်သောသုတ်ဆေးများ၊ကျောက်ဂွမ်းစသည်တို့ အပါအဝင်)<br>(ဃ) ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်နေရာများအား ရှောင်ကြဉ်ရမည်။ | | | | |

## ၂။ ကျေးလက်လမ်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs) လမ်းညွှန်ချက်များ

<table>
<tr><th rowspan="2">လုပ်ငန်းအမျိုးအစား</th><th rowspan="2">သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ထိခိုက်မှုလျော့ပါးစေရေး</th><th rowspan="2">အသုံးချနိုင်သော ကိစ္စရပ်ကို အမှန်ခြစ်ပါ</th><th colspan="3">အသုံးချနိုင်သော ကိစ္စရပ်ကို အောက်ဖော်ပြပါ ကာလအတွင်း စစ်ဆေးမှုအား လက်မှတ်ထိုးရန်</th></tr>
<tr><th>စီမံကိန်းလုပ်ငန်းခွဲ ပြင်ဆင်ခြင်း</th><th>အကောင်အထည် ဖော်ခြင်း</th><th>ပြုပြင် ထိန်းသိမ်း ခြင်း</th></tr>
<tr><td>ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့်မြို့ ဆက်သွယ်သောလမ်းများ</td><td>အထွေထွေသတိပြုရန်အချက်များ<br>(က) မြေကြီးပုံများအပါအဝင် ဆောက်လုပ်ရေးအမှိုက်များအား စွန့် ပစ်ရမည့် နေရာသည် ရေထွက်ပင်ရင်း(မြစ်၊ ချောင်း၊ ကန် (သို့) ရွံ့ဗွက်များမှ အနည်း ဆုံး (မီတာ-၃၀၀) (ပေ-၁၀၀၀) ကွာဝေးရမည်။ တည်ဆောက်ရေး လုပ်ငန်းခွင် မှထွက်သော အမှိုက်၊သတ္တုနှင့်ပိုလျှံသောပစ္စည်း (လောင်စာဆီ၊ ဆီချေး၊ စက်သုံး ဆီ၊အမဲဆီ) များသည် မြေနှင့် မြေအောက် ရေကို ညစ်ညမ်းစေသော ကြောင့် တိုက်ရိုက်မစွန့်ပစ်ရ။ အကယ်၍ ကျေးလက် လူထုသည် မလွဲမရှောင်သာစွန့်ပစ်ရန် လိုအပ်ပါက လုံခြုံစိတ်ချရ သော စွန့်ပစ်မှုစနစ်ကို ကျင့်သုံးရမည်။ (ဥပမာ- သုံးစွဲပြီးဆီများကို လောင်စာအဖြစ် အသုံးပြုခြင်း ၊ကြမ်းတိုက်ခြင်း၊ ရေနံချေးနှင့်ရောစပ်၍ အသုံးပြုခြင်း</td><td></td><td></td><td></td><td></td></tr>
</table>

| | | | | | |
|---|---|---|---|---|---|
| | (ခ) တည်ဆောက်ရေးလုပ်ငန်းပြီးပြီးချင်း မိုးရာသီမတိုင်မီ ရေတိုက်စားမှု ကာကွယ်သည့်နည်းစနစ်များအတိုင်း ဆောင်ရွက်ရမည်။အကြီးမြန်သည့် သစ်ပင်များ မရှင်မချင်း ထပ်၍ စိုက်ပျိုးရမည်။<br>(ဂ) သစ်ပင်စိုက်ပျိုးမပြီးခင် ကာလအတွင်း လိုအပ်သောနေရာများတွင် နုန်းပို့ချ မှုအားထိန်းချုပ်ရန် ရေကြောင်းလွှဲ ခြင်း၊ သဲစစ်/သဲဖမ်းကန် များတည်ဆောက်ခြင်းတို့ ပြုလုပ်ရ မည်။<br>(ဃ) ဖုန်ထူသောလမ်းများ၊ ဖို့မြေများ၊မြေပုံများတွင် လေတိုက်လျှင် ဖုန်မထနိုင်စေရန် လိုအပ်သလို ရေဖျန်းပေးထားရမည်။<br>(င) တရားမဝင်သစ်ထုတ်လုပ်မှုဖြစ်လာနိုင်သောကြောင့် အရေးကြီး သော သစ်တောများအတွင်းလမ်းဖောက်လုပ်မှု ရှေးချယ်ခြင်း ကို ရှောင် ကြဉ်ရမည်။<br>(စ) လမ်းဖောက်ရာတွင် မတည်ငြိမ်သော အောက်ခံမြေ၊ လျှောစောက် မြေနှင့်မြစ်ကမ်းပါးနှင့် နီးသောနေရာများကို ရှောင်ကြဉ်ရမည်။ အခြား သောလမ်းအူကြောင်းအဖြစ် ရွေးချယ်စရာ မရှိတော့သည့် အခြေ အနေမျိုးတွင် အောက်ပါ နည်းလမ်းများကို ထပ်မံဖြည့်စွက် အသုံးပြု | | | | |

| | | | | | |
|---|---|---|---|---|---|
| | ရန်လိုအပ်ပါသည်။<br>**လျှောစောက်မြေများတွင် မြေပြိုခြင်းနှင့် တိုက်စားခြင်းမှ ကာကွယ်ရန်-**<br>(က) တိုက်စားမှုဖြစ်ပေါ်နိုင်သော လျှောစောက်များတွင် ဒေသပေါက်ပင်၊ အကြီး မြန်ပင်နှင့် မြက်တို့ကိုစိုက်ပျိုးပေးရမည်။ မြက်ပင်သည် မိုးရွာခြင်းနှင့် ရေတိုက်စားခြင်းအား ကာကွယ် ပေးသည်။ ကြီးထွားမှု မြန်သော၊အမြစ်ရှည်သော၊အောက်ခံ မြေအားသိပ်သည်းစေသော၊ အမြစ်ရှည်သော အပင်မျိုး များကို စိုက်ပျိုးရမည်။<br>(ခ) မိုးများသောဒေသများနှင့် လျှောစောက်နေရာများတွင် ဖြတ်မြောင်းများဖောက်လုပ်ပေးရမည်။ ဤမြောင်းများ ဖောက်လုပ်ပေးခြင်းဖြင့်မိုးရေကို လျှောစောက်မတ်သော နေရာမှဝေးရာသို့ စီးဆင်းစေမည်ဖြစ်သဖြင့် ရေတိုက်စားမှု ဖြစ်နိုင်ခြေကို လျှော့ချပေးမည်ဖြစ် သည်။<br>(ဂ) မတ်စောက်သောလျှောစောက်များတွင် တည်ငြိမ်မှုပိုမိုရရှိစေရန် လှေကားထစ်ပုံမြေကာနံရံများ တည်ဆောက်ပေးရမည်။<br>(ဃ) ဆင်ခြေလျှောများ၏ အောက်ခြေတွင် မြေကာနံရံဆောက် ပေးရမည်။ နံရံတွင် ရေထွက်ပေါက်ငယ်များ ဖောက်ပေး ထားခြင်းအားဖြင့် နံရံပေါ်တွင်သက် ရောက် | | | | |

| | | | | | |
|---|---|---|---|---|---|
| | မည့်ဖိအားကိုလျှော့ချပေးနိုင်သည်။<br>(င) လျှောစောက်ကို ပိုမိုတည်ငြိမ်မှုရရှိစေရန် ကျောက်တုံး အခြောက်စီပေးထားနိုင်သည်။<br>(စ) လမ်းမျက်နှာပြင်မှရေများ လိုရာသို့စနစ်တကျ စီးဆင်းစေရန် လုံလောက်သော အရွယ်အစားရှိသည့် ရေမြောင်းဖောက်ပေး ရမည်။ | | | | |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်လမ်းလုပ်ငန်းများ**

## ပုံစံ (လမ်း - ၅) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်

<table>
<tr><td colspan="3">လမ်းညွှန်ချက်။ ဤပုံစံကို အကြိုကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပြီးနောက် လုပ်ငန်းမဆောင်ရွက်မီ ဖြည့်သွင်းရမည်ဖြစ်သည်။</td></tr>
<tr><td colspan="2">တိုင်းဒေသကြီး/ပြည်နယ်-</td><td>မြို့နယ် -</td></tr>
<tr><td colspan="2">ကျေးရွာအုပ်စု -</td><td>ကျေးရွာ -</td></tr>
<tr><td colspan="2">လုပ်ငန်းအမည် -</td><td>အတိုင်းအတာ -</td></tr>
<tr><td>ရေးဆွဲရသည့် အကြောင်းအရင်း</td><td>☐ ပုံစံ(၃)အရသဘာဝပတ်ဝန်းကျင်ထိခိုက်စေသောလုပ်ငန်းများ<br>☐ ၁၀မီတာထက်ပိုရှည်သောလုပ်ငန်းများ<br>☐ ပေ(၂၀၀)အထက်ရေတွင်းများ</td><td>☐ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများပြုပြင်ခြင်း<br>☐ ထိန်းသိမ်းကာကွယ်တောအတွင်းမှလုပ်ငန်းများ</td></tr>
</table>

<table>
<tr><th>ဆောင်ရွက်သည့် လုပ်ငန်း</th><th>ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး</th><th>လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ</th><th>စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ</th><th>တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ်</th><th>အကောင်အထည်ဖော်မည့် အစီအစဉ်</th><th>ခန့်မှန်းကုန်ကျစရိတ်</th></tr>
<tr><td colspan="7">လုပ်ငန်းအကောင်အထည်ဖော် မဆောင်ရွက်မီကာလ</td></tr>
<tr><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်လမ်းလုပ်ငန်းများ

ပုံစံ - ၅ (က)

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ဆဲကာလ | | | | | | |
| | | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်လမ်းလုပ်ငန်းများ

**ပုံစံ - ၅ (ခ)**

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျှော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| **လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးကာလ** | | | | | | |
| | | | | | | |

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်လမ်းလုပ်ငန်းများ**

## ပုံစံ (လမ်း - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို အကြိုကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပြီးနောက် လုပ်ငန်းမဆောင်ရွက်မီ ဖြည့်သွင်းရမည်ဖြစ်သည်။* | | | |
| တိုင်းဒေသကြီး/ပြည်နယ်- | | မြို့နယ် - | |
| ကျေးရွာအုပ်စု - | | ကျေးရွာ - | |
| လုပ်ငန်းအမည် - | | အတိုင်းအတာ - | |
| ရေးဆွဲရသည့် အကြောင်းအရင်း | ☐ ပုံစံ(၃)အရသဘာဝပတ်ဝန်းကျင်ထိခိုက်စေသောလုပ်ငန်းများ<br>☐ ၁၀မီတာထက်ပိုရှည်သောလုပ်ငန်းများ<br>☐ ပေ(၂၀၀)အထက်ရေတွင်းများ | ☐ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများပြုပြင်ခြင်း<br>☐ ထိန်းသိမ်းကာကွယ်တောအတွင်းမှလုပ်ငန်းများ | |

| ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေး ခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန် ယူ ရမည့် ပုဂ္ဂိုလ် | လုပ်ငန်းပြီးစီးမှု | လက်မှတ် နှင့် ရက်စွဲ |
|---|---|---|---|---|---|
| **လုပ်ငန်းအကောင်အထည်ဖော် မဆောင်ရွက်မီကာလ** | | | | | |
| | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်လမ်းလုပ်ငန်းများ

ပုံစံ - ၆ (က)

| ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူ ရမည့် ပုဂ္ဂိုလ် | လုပ်ငန်းပြီးစီးမှု | လက်မှတ်နှင့် ရက်စွဲ |
|---|---|---|---|---|---|
| လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ဆဲကာလ | | | | | |
| | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်လမ်းလုပ်ငန်းများ

**ပုံစံ - ၆ (ခ)**

| ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူ ရမည့် ပုဂ္ဂိုလ် | လုပ်ငန်းပြီးစီးမှု | လက်မှတ်နှင့် ရက်စွဲ |
|---|---|---|---|---|---|
| **လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးကာလ** | | | | | |
| | | | | | |

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်လမ်းလုပ်ငန်းများ**

# ပုံစံ (လမ်း - ၇) - ဆန္ဒအလျောက်မြေယာလှူဒါန်းမှုပုံစံ

| | |
|---|---|
| *လမ်းညွှန်ချက်။ မြေယာလှူဒါန်းမှုရှိသော လုပ်ငန်းများဆောင်ရွက်ရာတွင် ဤပုံစံကို လုပ်ငန်းမစတင်မီဖြည့်သွင်းရန်နှင့် ဖြည့်သွင်းပြီးမှ လှူဒါန်းမှုသေချာမှသာ လုပ်ငန်းစတင်ဆောင်ရွက်ရမည်ဖြစ်သည်။* | |
| တိုင်းဒေသကြီး/ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| လုပ်ငန်းအမည် | |
| အတိုင်းအတာ | |
| ရက်စွဲ | |

## ၁။မြေယာလှူဒါန်းသူ၏အချက်အလက်

| | | | |
|---|---|---|---|
| မြေပိုင်ရှင်အမည် | | ☐ ကျား | ☐ မ |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| အသက် | | | |
| အလုပ်အကိုင် | | | |
| လိပ်စာ | | | |
| စီမံကိန်းလုပ်ငန်းခွဲအတွက် အကျိုးခံစားခွင့်ရှိသူ ဟုတ်/မဟုတ် | | ☐ ဟုတ်သည် | ☐ မဟုတ်ပါ |

## ၂။လှူဒါန်းမြေနှင့်သက်ဆိုင်သောအချက်အလက်များ

| | | |
|---|---|---|
| မြေအမျိုးအစား | | |
| လှူဒါန်းမှု နှင့် ပိုင်ဆိုင်မှု ဧရိယာအချိုး | | |
| လှူဒါန်းသည့်ဧရိယာ<br>(အလျား)x(အနံ) | | |
| လှူဒါန်းသူပိုင်ဆိုင်သည့်စုစုပေါင်း ဧရိယာ<br>(အလျား)x(အနံ) | | |
| မြေယာထောက်ခံချက် | ☐ ရှိ | ☐ မရှိ |
| | ❖ ပါက မိတ္တူအား ပူးတွဲထားရှိရန်"ရှိ" | |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်လမ်းလုပ်ငန်းများ**

**၃။လုပ်ငန်းခွဲအကောင်အထည်ဖော်မှုကြောင့် မြေယာထိခိုက်နိုင်မှု**

| အကြောင်းအရာ | ရှိမရှိ/ | | အမျိုးအစား | အရေအတွက် | ပျက်စီးဆုံးရှုံးမှု တန်ဖိုး |
|---|---|---|---|---|---|
| ခုတ်လှဲရမည့်သစ်ပင် | ☐ ရှိ | ☐ မရှိ | | | |
| စီးပွားရေးအရ စိုက်ပျိုးထားသော သီးနှံသစ်ပင်များ/ | ☐ ရှိ | ☐ မရှိ | | | |
| သစ်ပင်ကြီးများ | ☐ ရှိ | ☐ မရှိ | | | |
| အခြားသီးနှံပင်များ | ☐ ရှိ | ☐ မရှိ | | | |
| အခြားအသုံးပြုမှုများ | ☐ ရှိ | ☐ မရှိ | | | |
| ရွှေ့ပြောင်းရမည့် အဆောက်အဦ (သို့) ပိုင်ဆိုင်မှု | ☐ ရှိ | ☐ မရှိ | | | |
| လှူဒါန်းမြေသည် တစ်ဦးထက်ပို၍ ပိုင်ဆိုင်ခြင်း | ☐ ရှိ | ☐ မရှိ | **အကယ်၍ ပါက တော်စပ်ပုံ နှင့်”ရှိ“ - အမည်များ** | | |

❖ ဤပုံစံစာရွက်ပေါ်တွင် လက်မှတ်ရေးထိုးခြင်းလက်ဗွေနှိပ်ခြင်းသည် မိမိပိုင်မြေကို ဆန္ဒအလျောက်(သို့) လှူဒါန်းခြင်း ဖြစ်သည်။အကယ်၍ ဖြည့်သွင်းသည့်အချက်အလက်များပေါ်တွင် စိတ်ကျေနပ်မှုတစုံတရာ မရှိပါက လက်မှတ်ရေးထိုး ခြင်းမပြုဘဲ ဆန္ဒအလျောက်လှူဒါန်းခြင်းကို ရုတ်သိမ်းနိုင်ပါသည်။

**မြေယာပိုင်ရှင်**

လက်မှတ် -

အမည် -

ရက်စွဲ -

**မြေပိုင်ရှင်၏အိမ်ထောင်ဖက် (ခင်ပွန်း/ဇနီး)**

လက်မှတ် -

အမည် -

ရက်စွဲ -

**ကျေးရွာအုပ်ချုပ်ရေးမှူး**

လက်မှတ် -

အမည် -

ရက်စွဲ -

**အသိသက်သေ (၁)**

လက်မှတ် -

အမည် -

ရက်စွဲ -

**မြို့နယ်အင်ယာ/**

လက်မှတ် -

အမည် -

ရက်စွဲ -

# တံတား/ဆိပ်ခံတံတားလျှိပ်စဋ္ဌိး

# အခန်း (၄)

# တံတား/ဆိပ်ခံတံတားလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း

၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း

၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ

၂-၁။ ယေဘုယျ **(ECoPs)** လမ်းညွှန်ချက်များ

၂-၂။ တံတား/ဆိပ်ခံတံတားလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs) လမ်းညွှန်ချက်များ

၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲရန်လိုအပ်သော လုပ်ငန်းများ

၄။ ပုံစံများ

၄-၁။ ပုံစံ (တံတား - ၁) အကြိုကွင်းဆင်းဆောင်ရွက်စစ်ဆေးချက်ပုံစံ

၄-၂။ ပုံစံ (တံတား - ၂) အကြိုကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ

၄-၃။ ပုံစံ (တံတား - ၃) အကာအကွယ်စစ်ဆေးချက်ပုံစံ

၄-၄။ ပုံစံ (တံတား - ၄) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှု စစ်ဆေးချက်ပုံစံ

၄-၅။ ပုံစံ (တံတား - ၅) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၄-၆။ ပုံစံ (တံတား - ၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီရင်ခံစာ

၄-၇။ ပုံစံ (တံတား - ၇) ဆန္ဒအလျောက် မြေယာလှူဒါန်းမှုပုံစံ

## ၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း

### (က) အခြားဌာနဆိုင်ရာများ၏ လုပ်ပိုင်ခွင့်ရှိသောလမ်းများပေါ်တွင် ပါဝင်ခြင်းရှိမရှိစစ်ဆေးခြင်း

❖ ဆောက်လုပ်မည့်တံတားလုပ်ငန်းသည်အခြားဌာနဆိုင်ရာများ၏လုပ်ပိုင်ခွင့်ဖြစ်သောလမ်းများပေါ်တွင်ကျရောက်နေခြင်းရှိမရှိကိုဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ မေးမြန်းဆောင်ရွက်ခြင်း၊ လိုအပ်ချက်အရမဖြစ်မနေဆောင်ရွက်ရပါက သက်ဆိုင်ရာဌာနများ၏(၅)နှစ်အတွင်း လျာထားစာရင်း တွင်ပါဝင်ခြင်းမရှိကြောင်းအဆိုပါဌာနများ၏ သဘောထားမှတ်ချက်ပြန်ကြားစာကို ဌာနချင်း ချိတ်ဆက်၍ ရယူဆောင်ရွက်ရမည်၊

### (ခ) လုပ်ငန်းခွဲတည်နေရာသတ်မှတ်ခြင်း

❖ လုပ်ငန်းဆောင်ရွက်မည့်ပတ်ဝန်းကျင်ရှိ မြေအနေအထား၊ လယ်မြေ၊ ယာမြေ၊ တည်ဆောက်မည့်ချောင်းတို့အားအသေးစိတ်တိုင်းတာရမည်၊

❖ လုပ်ငန်းဆောင်ရွက်မည့်ပတ်ဝန်းကျင်ရှိ လမ်းအကျယ်၊ခုတ်ထွင်ရှင်းလင်းရမည့်သစ်ပင်၊ တောင်ကုန်း၊ ချောက်ကမ်းပါး၊ အဆောက်အဦ၊ စေတီ၊စာသင်ကျောင်းများကိုပုံကြမ်းရေးဆွဲ၍ အတိုင်းအတာပြမှတ်သားထားရမည်၊

❖ ပုဂ္ဂလိကပိုင်မြေများသို့ထိခိုက်နိုင်သောအခြေအနေများရှိပါကအသေးစိတ်မှတ်သားခြင်း၊ သက်ဆိုင်ရာပိုင်ရှင်များနှင့်တွေ့ဆုံ၍မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍အသေးစိတ် ဆွေးနွေးခြင်း၊ မြေယာ လျှော်ဒါန်းမှုများရှိပါကကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်တိုင်ပင်ဆွေးနွေးရမည်၊

❖ ဖြတ်သန်းသွားလာမည့် ယာဉ်အမျိုးအစားနှင့် နေ့စဉ်ယာဉ်ဖြတ်သန်းသည့်ပမာဏ (Average Daily Traffic) အစရှိသဖြင့် အသေးစိတ်စာရင်းကောက်ယူဆောင်ရွက်ရမည်၊

### (ဂ) လုပ်ငန်းခွဲတည်နေရာအားဆန်းစစ်လေ့လာခြင်း

❖ တည်ဆောက်မည့်နေရာသည် လွန်ခဲ့သောနှစ်များအတွင်းရေလွှမ်းမိုးခဲ့သည့် အခြေအနေရှိမရှိနှင့် အများဆုံးရေတက်ခဲ့သည့် ပမာဏ (High Flood) ကိုသိရှိမှတ်သားရမည်၊

❖ တည်ဆောက်မည့်နေရာသည် လွန်ခဲ့သောနှစ်များအတွင်းလျှောင်ဒဏ်၊ ရေကြီးရေလျှံမှုဒဏ်၊ မီးဘေးဒဏ်၊ မုန်တိုင်းဒဏ်၊ မြေပြိုမှုဒဏ်ခံစားခဲ့ရသောအခြေအနေများနှင့် ထိခိုက်မှုပမာဏအစရှိသဖြင့် သိရှိမှတ်သားထားရမည်၊

❖ တည်ဆောက်မည့်နေရာဒေသ၏ နှစ်စဉ်ရွာသွန်းမြဲမိုးရေချိန်များအား သိရှိမှတ်သားထားရမည်၊

❖ တည်ဆောက်မည့်မြေနေရာနှင့် အနီးတဝိုက်ရှိလယ်မြေ၊ ယာမြေ၊ချောင်းကြမ်းပြင်များ၏ အနိမ့်အမြင့် Level ကွာဟချက်ကိုတိုင်းတာထားရမည်၊

❖ တည်ဆောက်မည့်နေရာတွင်ရှိသောမတူညီသည့်မြေအမျိုးအစား၊ ခံနိုင်ဝန်၊ လမ်းလွှဲလုပ်ငန်းများ / တံတားများလိုအပ်ခြင်းရှိမရှိသိရှိမှတ်သားထားရမည်၊

❖ ဆောက်လုပ်ရေးပစ္စည်းများသယ်ယူရမည့်လမ်းကြောင်းများ၊ လမ်း/တံတားများ၏ ခံနိုင်ဝန်နှင့်

ဆောက်လုပ်ရေးပစ္စည်း၊ ယန္တရားများ၏ သတ်မှတ်တန်ချိန်များကိုသိရှိမှတ်သားထားရမည်၊

- ❖ တည်ဆောက်မည့်နေရာမှ အနီးနားရှိလုပ်သားများ၊ ဆောက်လုပ်ရေးပစ္စည်းရရှိနိုင်သည့် နေရာများ နှင့်အကွာအဝေး၊ ရာသီအလိုက်ကြာမြင့်ချိန်များကိုသိရှိမှတ်သား၍ ကွင်းဆင်း အစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊
- ❖ ရာသီဥတုအလိုက်ပြောင်းလဲနိုင်သောလမ်းကြောင်းများနှင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကိုကြိုတင်တွက်ချက်ထားရမည်၊

## (ဃ) အကျိုးပြုပမာဏ၊ အကျိုးပြုဦးရေ၊ စီးပွားရေးအရတွက်ခြေကိုက်မှုအခြေအနေများ

- ❖ ဖောက်လုပ်မည့်တံတား၏ စီးပွားရေးအရတွက်ခြေကိုက်မှု၊ပြည်သူများအတွက်အသုံးဝင်မှု၊ အဆိုပါ လုပ်ငန်းအနီးတဝိုက် ကျေးရွာများရှိလူဦးရေများအတွက်အမှန်တကယ်အကျိုးပြုမှု၊ လုံခြုံရေး အတွက် အရေးပါမှုစသည့် အချက်များကိုလေ့လာဆောင်ရွက်ရမည်၊
- ❖ လုပ်ငန်းဆောင်ရွက်မည့်ဒေသတွင် နေထိုင်သော တိုင်းရင်းသားလူနည်းစု၊ ဘာသာကွဲလူနည်းစု၊ အခြားအုပ်စုများ အကျိုးခံစားရခြင်းအခြေအနေများကို သိရှိမှတ်သားထားရမည်၊

## (င) ဘေးကင်းလုံခြုံမှုဆိုင်ရာအခြေအနေများ

- ❖ လုပ်ငန်းဆောင်ရွက်မည့်ဒေသ၏ နယ်မြေလုံခြုံမှုဆိုင်ရာအခြေအနေများ၊ ပဋိပက္ခဆိုင်ရာ အခြေ အနေများကို မေးမြန်းဆောင်ရွက်ရမည်၊
- ❖ ဒေသအတွင်းရှိအာဏာပိုင်အဖွဲ့အစည်းများ၊အုပ်ချုပ်ရေးအဖွဲ့များနှင့်ဆက်သွယ်နိုင်မည့်နည်းလမ်းများကိုသိရှိမှတ်သားထားရမည်၊
- ❖ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုလုံခြုံစိတ်ချစွာထိန်းသိမ်းနိုင်မည့်နေရာများကိုသိရှိ မှတ်သားထားခြင်း၊ ပေါက်ကွဲလွယ်၊မီးလောင်လွယ်သည့်ပစ္စည်းများအား လုံခြုံစွာထားရှိနိုင်မည့် နေရာ များကိုသိရှိမှတ်သားထားရမည်၊
- ❖ ဆောက်လုပ်ရေးလုပ်သားများ၏ အစားအစာ၊ ဆေးဝါး၊ ကျန်းမာရေးနှင့်လုံခြုံမှုဆိုင်ရာ ကိစ္စရပ်များအတွက် လက်ရှိဒေသအခြေအနေနှင့် အဆင်ပြေလွယ်ကူခြင်းရှိမရှိသိရှိနိုင်ရန် မေးမြန်းရမည်၊
- ❖ ဘေးအန္တရာယ်တစုံတရာကြုံတွေ့ရပါက ဆက်သွယ်နိုင်မည့်ဌာနဆိုင်ရာများ၊ အာဏာပိုင်အဖွဲ့အစည်း များကိုသိရှိနိုင်ရန်မေးမြန်းပြီးကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

## (စ) ရေ၊ မီးရရှိနိုင်မှုအခြေအနေများ

- ❖ ဆောက်လုပ်မည့်မြေနေရာပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရန်နှင့် အလုပ်သမားများ ရာသီ မရွေးအသုံးပြုရန် သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိနိုင်မည့် အခြေအနေများကို သိရှိမှတ်သားထားရမည်၊

- ❖ လုပ်ငန်းခွင်၏ပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရန်နှင့် အလုပ်သမားများရာသီမရွေး နေ့/ည အသုံးပြုရန်လုံလောက်သော Voltအားပြည့်မီသည့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို သိရှိနိုင်ရန် မေးမြန်းပြီးကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊
- ❖ စီမံကိန်းတွင်ပါဝင်သောအဆောက်အအုံ၊ ရေအရင်းအမြစ်၊ ဓါတ်အားပေးနေရာများ၊ ဝင်လမ်း ထွက် လမ်း၊ အမှိုက်နှင့်အညစ်အကြေးစွန့်ပစ်မည့်နေရာများ၊ စက်ယန္တယားထားရှိမည့်နေရာ များကို Layout Plan ရေးဆွဲ၍ မှတ်တမ်းတင်ထားရမည်၊

## (ဆ) တံတားဆောက်လုပ်ခြင်းကြောင့်ထိခိုက်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ

- ➢ လုပ်ငန်းခွင်၏ အနီးပတ်ဝန်းကျင်ရှိအဆောက်အအုံများ၊ ခြံဝိုင်းများ၊ လယ်ယာများ၏ ယေဘူယျ အချက်အလက်များကိုမျက်မြင်စစ်ဆေးခြင်း၊ အချက်အလက်ကောက်ယူရမည်၊
- ➢ လုပ်ငန်းတည်ဆောက်ရန်အတွက် ခုတ်ထွင်ရှင်းလင်းရမည့် သစ်ပင်များ၊ တောင်ကုန်းများ အစရှိသဖြင့် ယေဘုယျအချက်အလက်များကိုမျက်မြင်စစ်ဆေးခြင်း၊ အချက်အလက် ကောက်ယူ ရမည်၊
- ➢ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ စက်ယန္တရားများဝင်ထွက်လမ်းကြောင်းများပေါ်တွင် ရှိသော ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ထိန်းသိမ်းထားသည့် အမွေအနှစ်ဆိုင်ရာနေရာများ၊ အနီးနားပတ်ဝန်းကျင်ရှိ ထိခိုက်နိုင်သောတိုင်းရင်းသား လူမျိုးစု များ၏နေထိုင်ရာနေရာများနှင့် ပိုင်ဆိုင်သောလယ်မြေ၊ ယာမြေများကိုစာရင်းကောက်ယူပြီး ကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

## (ဇ) ရေဆိုး၊အညစ်အကြေးနှင့်အမှိုက်စွန့်ပစ်ခြင်းအတွက်နေရာသတ်မှတ်ခြင်း

- ➢ လုပ်ငန်းဆောင်ရွက်ခြင်းမှထွက်ရှိလာမည့် ရေဆိုး၊ အညစ်အကြေးနှင့်အမှိုက်များကို ပတ်ဝန်း ကျင်ညစ်ညမ်းခြင်းမရှိအောင် စနစ်တကျစွန့်ပစ်နိုင်မည့် နေရာများကို မျက်မြင်စစ်ဆေး၍ ကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်။

## ၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ

### ၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ

အောက်တွင်ဖော်ပြထားသည့်ဇယားသည် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် လိုက်နာဆောင်ရွက်ရမည့် ယေဘုယျလမ်းညွှန်ချက်များဖြစ်သည်။

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ဆောက်လုပ်ချိန်၌ ဆူညံခြင်း | (က) ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်း၍ အဆူညံဆုံးလုပ်ငန်းကိုလူထုအား အနှောက် အယှက်ဖြစ်နိုင်ခြေ အနည်းဆုံးအချိန်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊<br>(ခ) ကာရံထားခြင်း/ ပိတ်ဆို့ထားခြင်း/ ခြားထားခြင်း/ လမ်းလွှဲထားခြင်းဖြင့်လည်းကောင်း၊ အသံတိုးသောပစ္စည်းများအား အသုံးပြုခြင်းဖြင့်လည်းကောင်း၊ အကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း ဆူညံမှုကို ထိန်းချုပ်ခြင်း၊<br>(ဂ) ရွာတွင်းမှဖြတ်သန်း၍ ပစ္စည်းများအား သယ်ယူပို့ဆောင်ခြင်းကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊<br>(ဃ) လူနေအိမ်ခြေနှင့် စီမံကိန်းဇုံကြားတွင် သစ်ပင်တန်း/ကွက်လပ်/ စိုက်ခင်း စသည်တို့ ခြားထားခြင်းဖြင့် ဆူညံမှုကို တားဆီးခြင်း၊ |
| မြေဆီလွှာတိုက်စားခြင်း | (က) ပွင့်လင်း/ခြောက်သွေ့ရာသီတွင် ဆောက်လုပ်ခြင်း၊<br>(ခ) ကုန်းစောင်းများ/ဆင်းလျှောများ အနည်းဆုံးဖြစ်စေခြင်း၊<br>(ဂ) တိုက်စားနိုင်သော ဧရိယာများတွင် မြက်စိုက်ပေးခြင်း၊ မြေဖို့ပေးပြီး သိပ်သည်း အောင် ပြုလုပ်ခြင်း၊<br>(ဃ) ဆောက်လုပ်ရေးလုပ်ငန်း ပြီးလျှင်ပြီးချင်း အပေါ်ယံမြေဆီလွှာ ပြန်လည်ဖုံးအုပ်ပေးပြီးလျှင် မြက်/ ကြီးမြန်သစ်ပင်/ ချုံပင်/ သစ်ပင်တို့အား ပြန်လည် စိုက်ပျိုးပေးခြင်း၊<br>(င) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသောအခါ ရေစီးရေလာ ကောင်းမွန်စေရန် ရေမြောင်းများ ရေလမ်းကြောင်းများ/ဆောင်ရွက်ပေးခြင်း၊ |
| သန့်ရှင်းသောလေ | (က) လုပ်ငန်းခွင်တွင် ဖုန်မထစေရန် အချိန်မှန်ရေဖျန်းပေးရမည်၊<br>(ခ) လုပ်ငန်းခွင်သန့်ရှင်းစေရန် သစ်ရွက်ခြောက်/အမှိုက်များအား မီးမရှို့ရ၊<br>(ဂ) လေတိုက်သောနေ့တွင် လွင့်သွားခြင်း/ အကောင်များကြောင့် လွင့်သွားခြင်းများ မရှိစေရန် သဲ/ကျောက်တို့ဖြင့် ဖုံး/ဖိ ထားရမည်၊ |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**တံတား/ဆိပ်ခံတံတားလုပ်ငန်းများ**

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ရေရရှိရေးနှင့် ရေ၏ အရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သောက်သုံးရေရရှိမှုနှင့် ကျန်းမာသန့်ရှင်းရေးတို့အား မထိခိုက်စေရ။<br>(ခ) ရေ၏ အရည်အသွေးညံ့ဖျင်း စေနိုင်သော မိလ္လာအညစ်အကြေး၊ အမှိုက်နှင့် အဆိပ်အတောက်ဖြစ်စေသော အရာများ(သို့) အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအား ရေထဲသို့ ပစ်မချရ။<br>(ဂ) သဘာဝရေစီးကြောင်းများကို ပိတ်ဆို့ခြင်း၊ လမ်းလွှဲခြင်းမပြုရ။ မြစ်/ချောင်း ကြမ်းပြင်ခြောက်သွေ့စေခြင်း/ အနည်ထိုင် သောင်ထွန်းခြင်းတို့ ဖြစ်တတ်သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကို ရေထဲတွင်လုပ်ကိုင်ရပါကရေလမ်းကြောင်းနှင့် တတ်နိုင်သမျှခွဲခြားထားရမည်။ ရေစီးဝင်သည့် မြောင်းနှင့်လည်း ခွဲခြားထားရမည်။ |
| အမှိုက်/အဆိပ်အတောက်နှင့် အန္တရာယ်ဖြစ်စေသောပစ္စည်းများ | (က) ဆောက်လုပ်ရေး အမှိုက်သရိုက်များကို စွန့်ပစ်ရန်သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရမည်၊<br>(ခ) စွန့်ပစ်အမှိုက်များကို(ဖောင်ဒေးရှင်းအတွက် တူးထားသောမြေ အပါအဝင်) မြစ်/ ချောင်း/ရေကန် စသည့် ရေထွက်ပင်ရင်းနှင့် အနည်းဆုံးမီတာ(၃၀၀)၊ (ပေအား ဖြင့်၁၀၀၀) ကွာဝေးသော နေရာများတွင် ထိန်းသိမ်းထားရမည်၊<br>(ဂ) ဆီဖြည့်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများပြောင်းရွှေ့ခြင်းတို့ကို လူနေအိမ်ခြေနှင့် ဝေးရာတွင် ဆောင်ရွက်ရမည်။ ရေမြောင်းမှ မီတာ(၅၀)၊ ပေ(၁၆၅) နှင့် အဓိကကျသောရေထွက်ပင်ရင်းမှ မီတာ(၁၀၀)၊ ပေ(၃၃၀) ကွာ ဝေးရမည်။<br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများအား ပြောင်းရွှေ့မည့် အလုပ်သမားများကိုလည်း လက်အိတ်၊ ဖိနပ်၊ ခါးစည်းအဝတ်၊ မျက်မှန်နှင့် အခြား ကာကွယ်ရေးပစ္စည်းများအား အသုံးပြုတတ်အောင်ပညာပေး/ လေ့ကျင့်ပေးရမည်။<br>(င) အသေးစားပြုပြင်ထိန်းသိမ်းရေး ပစ္စည်းများဖြစ်သော ဆီပေအဝတ်၊ ဆီစစ်၊ ဆီအဟောင်းများအား စနစ်တကျစွန့်ပစ်ရမည်။ မြေအောက်ရေနှင့် မြေကြီးကို ညစ်ညမ်းမှု ဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်း အကျန်များကိုမြေထုနှင့် ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။ အကယ်၍ ကျေးလက်လူထုသည် မလွှဲမရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသော စွန့်ပစ်မှုစနစ်ကို ကျင့်သုံးရမည်။ (ဥပမာ-သုံးစွဲပြီးဆီများကိုလောင်စာ |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| | အဖြစ်အသုံးပြုခြင်း၊ ကြမ်းတိုက်ခြင်း၊ ရေနံချေးနှင့်ရောစပ်၍ အသုံးပြုခြင်း) |
| ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး | (က) လူထုထိခိုက်မှုအား ရှောင်ရှားနိုင်စေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများကို စီမံကိန်းအကောင်အထည်ဖော်မှုအစီအစဉ် ရေးဆွဲစဉ်ကတည်းက အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်-<br>(၁) လုပ်ငန်းခွင်နေရာ- လူမှုထိခိုက်နိုင်ချေရှိသည့် အရာများကို ဖယ်ရှားခြင်း (သို့မဟုတ်) သတိပေး ဆိုင်းဘုတ်ထားရှိခြင်း၊<br>(၂) လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးလုပ်သားများ - ဆောက်လုပ်ရေးလုပ်သားများသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်မှု ရှိရန်လိုအပ်ခြင်း၊<br>(၃) အသုံးပြုသောစက်ယန္တရားများ - စက်ယန္တရားများအားကျွမ်းကျင်စွာ အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ အဆိုပါယန္တရားများကို လုံခြုံစိတ်ချစွာ အသုံးပြုမှု နည်းစနစ်ဆိုင်ရာကျွမ်းကျင်မှု အသိပညာလိုအပ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊<br>(ခ) အလုပ်သမားများအား ဦးထုပ်၊ လက်အိတ်၊ ဖုန်ကာကွယ်သည့် မျက်နှာဖုံး၊ ဖိနပ်၊ ခါးစည်းအဝတ်၊မျက်မှန် စသည့် ကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေးရမည်။<br>(ဂ) မြေပြင်မှ ၂ မီတာအထက်မြင့်သော ဆောက်လုပ်ရေး လုပ်ငန်းခွင်များအတွက် အောက်ဖော်ပြပါ အတိုင်းအတာများကို လိုက်နာပါ။<br>(ဃ) အောက်ခြေမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လုပ်ဆောင်ရမည်။<br>(င) အမြင့်တွင်လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မျက်လုံးစွေစောင်းသူများ၊ နာတာရှည်ရောဂါသည်များဖြစ်သည့် အရိုးပွရောဂါခံစားနေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ (သို့) ပါကေဆန်ရောဂါ ခံစားနေရသူများ၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သွေးတိုးကျဆေးစသည်တို့ကို သုံးစွဲနေရသော ရောဂါဝေဒနာရှင်များနှင့် လွန်ခဲ့သော(၁၂)လအတွင်း ထိခိုက်ဒဏ်ရာရရှိသူများအား လုပ်ဆောင်ခွင့် မပြုပါ။<br>(စ) အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သောသူများကို လုပ်ကိုင်ခွင့်ပြုသည်။<br>(ဆ) အမြင့်တွင်လုပ်ရသော အလုပ်များ (ဥပမာ- အမိုး)များတွင် လုပ်ဆောင် ပါက အန္တရာယ်ကင်းမှု ရှိ/မရှိ စစ်ဆေးရန်။ |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| | (ဇ) ပြိုကျပျက်ဆီးနိုင်သော နေရာများတွင် လုပ်ဆောင်ပါက ကြိုတင်သတိပေးမှုများ ပြုလုပ်ရန်။<br>(ဈ) ရေနံဆီ၊ အိမ်သုတ်ဆေးနှင့် ချော်မလဲအောင်ပြုလုပ်ထားသော မြေစာများ စသည်တို့ကို ရှင်းလင်းထားရန်။<br>(ည) ဖြစ်နိုင်ပါက လုံခြုံရေးအကာအကွယ်ပေးသည့် နည်းလမ်းများ ဖြစ်သည့် လုံခြုံရေးအကာအကွယ်ပစ္စည်းများ၊ ငြမ်းစင်များ၊ဘားတန်းများကို မြေပြင် မှ ၄ မီတာအကွာတွင် လုပ်ဆောင်သော လုပ်ငန်းများတွင် တပ်ဆင်ပေးရမည်။<br>(ဋ) လုပ်ငန်းခွင်သန့်ရှင်းရေးအား နေ့တိုင်းဆောင်ရွက်ရမည်။<br>(ဌ) ငရဲမီးနှင့် အဆိပ်အတောက်ပစ္စည်းများကို လုံအောင်ပိတ်ဆို့၍ လုံခြုံသောနေရာတွင် စနစ်တကျ စွန့်ပစ်ရမည်။<br>(ဍ) လူနေအိမ်ခြေနှင့် ဝေးရာတွင် အလုပ်သမားများအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် အိမ်သာကို လုံလောက်စွာ ထားပေးရမည်။<br>(ဎ) ဆောက်လုပ်ရေးဧရိယာနှင့် ပစ္စည်းသိုလှောင်သောနေရာကို ကြိုးတား/ ကြိုးဝိုင်းထားပြီး သတိပေးဆိုင်းဘုတ်များ တပ်ဆင်/ပြသထားရမည်။၎င်းဧရိယာတွင် ကလေးငယ်များဆော့ကစားခြင်းကို ခွင့်မပြုရ။<br>(ဏ) မြေယူရန်တူးထားသော တွင်းများကို ရေမဝပ်စေရန် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် မြေပြန်ဖို့ပေးရမည်။<br>(တ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် (ပိုးသတ်ဆေး၊လိမ်းဆေး၊ပတ်တီး စသည့် ဆေးဝါးအစုံအလင်ပါသည့်)ဆေးသေတ္တာထားရှိရမည်။ |
| အခြားသော ရှောင်ကြဉ်ရန် များ | (က) လိုအပ်သောနေရာမှအပ သစ်ပင်ခုတ်လှဲခြင်းသို့မဟုတ် သီးနှံခင်းများ ပျက်စီးစေခြင်း မရှိစေရ။<br>(ခ) အမဲလိုက်ခြင်း၊ငါးဖမ်းခြင်း၊တောတိရစ္ဆာန်များဖမ်းယူခြင်း၊အပင်များမှ ခူးယူခြင်း မပြုလုပ်ရ။<br>(ဂ) သုံးစွဲရန်အတည်ပြုထားသော ပစ္စည်းများမှအပ သုံးစွဲခြင်းမပြုရ။ (ခဲပါဝင်သောသုတ်ဆေးများ၊ကျောက်ဂွမ်းစသည်တို့ အပါအဝင်)<br>(ဃ) ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်နေရာများအားရှောင်ကြဉ်ရမည်။ |

**၂-၂။ တံတား/ ဆိပ်ခံတံတားများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs) လမ်းညွှန်ချက်များ**

အောက်ဖော်ပြပါဇယားများသည် တံတား/ဆိပ်ခံတံတားများ ဆောက်လုပ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများအား ပြန်လည်ကောင်းမွန်လာစေရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs)လမ်းညွှန်ချက်များ ဖြစ်သည်။

| လုပ်ငန်းအမျိုးအစား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ထိခိုက်မှုလျော့ပါးစေရေး |
|---|---|
| တံတားငယ်များ (၅မီတာနှင့်အောက် အလျားရှိသည့်) နှင့် ဆိပ်ခံတံတားများ | **တိုက်စားမှုကာကွယ်ခြင်း**<br>(က) တိုက်စားခြင်းကိုကာကွယ်ရန် သံဆန်ခါအသုံးပြုသော ကျောက်စီမြေကာ နံရံတည်ဆောက်ခြင်းနည်းကို အဓိကအသုံးပြုနိုင်သည်။<br>(၁) သံဆန်ခါအသုံးပြုနိုင်သော ကျောက်စီမြေကာနံရံ၏ အစောင်းကို အလျား (၂)၊ အမြင့်(၁) အချိုးထားရှိရမည်။ လုပ်ငန်းခွင်အခြေအနေအပေါ် မူတည်၍ ပို၍လည်း မြင့်နိုင်သည်။<br>(၂) သံဆန်ခါအတွင်း အသင့်အတင့် မာကျောသည့် ကျောက်ကို စေ့နေအောင် စီပေးရမည်။<br>(၃)သံဆန်ခါစူထွက် မလာစေရန် နန်းကြိုးဖြင့် တုပ်နှောင်ထားရမည်။နန်းကြိုးကိုသံဆန်ခါအမြင့်၏သုံးပုံတစ်ပုံတွင်ထား၍ တုပ်နှောင်ထားရမည်။<br>(၄) သံဆန်ခါအားရေတိုက်စားနိုင်သည့် အနက်၏အောက်တွင် ခိုင်မာစွာတွဲ နှောင်ထားရမည်။<br>(၅)လျှောစောက်တွင် ကျောက်မစီနိုင်ပါက မြေဆီလွှာပြန်ဖုံးကာ သစ်ပင်၊ မြက်ပင်များပေါက်ရောက်စေရမည်။<br>(ခ) တိုက်စားမှုဖြစ်နိုင်ခြေနည်းသည့် နေရာများတွင်သာ ကျောက်တုံးအခြောက်စီ မြေကာနံရံပြုလုပ်သင့်သည်။ ရေစီးသန်သောနေရာများတွင် သံဆန်ခါသုံး မြေကာနံရံအားအချောကိုင်ပေးခြင်းက ပိုအဆင်ပြေသည်။<br>**ရေအရည်အသွေးနှင့်သတ္တဝါများ**<br>(က) ရာသီအလိုက် ရေတက်/ကျ ပြောင်းလဲမှုနှင့် အချိန်ကာလကိုရေထဲနေနှင့် ရေစပ်ဝန်းကျင်နေသတ္တဝါများ၏ ရှင်သန်မှုကို ထိခိုက်လောက်အောင် ပြောင်းလဲမှု မဖြစ်စေရ။ (ဥပမာ။ ။ မျိုးပွားမှု)<br>(ခ) ရေစီးတွင်နုန်းပို့ချမှုနည်းပါးစေရန် ရေလမ်းကြောင်းလွှဲပေးခြင်း၊ တမံတုပ်၍ လုပ်ငန်းဆောင်ရွက်နိုင်သည်။ |

| လုပ်ငန်းအမျိုးအစား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ထိခိုက်မှုလျော့ပါးစေရေး |
|---|---|
| | (ဂ) ရေစီးကြောင်း/ ရေထဲသို့စီးဝင်နိုင်သော ရေဆင်းများနှင့်လွတ်ကင်းရာနေရာများ တွင်သာကွန်ကရစ်ဖျော်စပ်ရမည်။ |
| မြောင်းကူးခုံးကျော်တံတားများ | (က) ကွန်ကရစ်အသားသေသည့် ရက်ကျော်လွန်သည့်အခါ ရေမြောင်းခုံးကျော်အတွင်း တပ်ဆင်ခဲ့သည့်ပုံစံပြားများကို ဖြုတ်ပေးရမည်။မဖြုတ်ပါက တဖြည်းဖြည်းကွာကျလာပြီးရေစီးကိုပိတ်ဆို့စေနိုင်သည်။<br>(ခ) ရေတိုက်စားခြင်းမှ ကာကွယ်ရန် ရေထွက်ပေါက်တွင် ကျောက်တုံးကြီးများ စီပေးထားရမည်။<br>(ဂ) အဝင်ဝတွင် သဲ၊ကျောက်များပိတ်ဆို့မနေစေရ၊ ရေကောင်းစွာ ဖြတ်သန်းစီးဆင်းစေရမည်။<br>(ဃ) ရေဆန်ဘက်တွင် သဲဖမ်းကန်တစ်ခု တူးပေးရမည်။ အချိန်မှန်သဲရှင်းပေးရမည်။<br>(င) လမ်းပေါ်မှရေသည်ရေမြောင်းထဲသို့လွတ်လပ်စွာစီးဝင်စေရမည်။ |

## ၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲရန် လိုအပ်သည့် လုပ်ငန်းခွဲများ

(၁) အကာအကွယ်စစ်ဆေးချက်ပုံစံအရ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိနိုင်သော လုပ်ငန်း များ၊

(၂) အရှည် (၁၀) မီတာထက် ပိုရှည်သော တံတားများ၊

(၃) အသစ်တူးဖော်သော အနည်းဆုံးအနက်ပေ (၂၀၀)နှင့်အထက် ရေတွင်းများ၊ ဆည်မြောင်းများ၊ ရေပေးဝေရေးလုပ်ငန်းများ၊ အသေးစားရေဆိုးသန့်စင်မှုလုပ်ငန်းများ(သို့) အသေးစားစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များ (ကျန်းမာရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများ အပါအဝင်) ဆောင်ရွက်ခြင်း၊

(၄) ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဆောက်အဦများကို ပြုပြင်တည်ဆောက်ခြင်း၊

(၅) ထိန်းသိမ်းကာကွယ်ထားသော နယ်မြေများအတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများ။

# ၄။ ပုံစံများ

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**တံတား/ဆိပ်ခံတံတားလုပ်ငန်းများ**

# ပုံစံ (တံတား - ၁) - အကြိုကွင်းဆင်းစစ်ဆေးချက်

| | |
|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည်ဖြစ်သည်။* | |
| တိုင်းဒေသကြီး/ပြည်နယ် - | မြို့နယ် - |
| ကျေးရွာအုပ်စု - | ကျေးရွာ - |
| လုပ်ငန်းအမည် - | ရက်စွဲ - |

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| (က) | **အခြားဌာနဆိုင်ရာများ၏ လုပ်ပိုင်ခွင့်ရှိသောလမ်းများပေါ်တွင် ကျရောက်နေခြင်းရှိမရှိ စစ်ဆေးခြင်း** | | | |
| (i) | ဆောက်လုပ်မည့်လမ်းလုပ်ငန်းသည် အခြားဌာနဆိုင်ရာများ၏ လုပ်ပိုင်ခွင့်ဖြစ်သော လမ်းများ ပေါ်တွင် ကျ ရောက်နေခြင်း လိုအပ်ချက်အရမဖြစ်မနေဆောင်ရွက်ရပါကသက်ဆိုင်ရာဌာနများ၏(၅) နှစ်အတွင်းလျာထား စာရင်းတွင်ပါဝင်ခြင်းမရှိကြောင်း အဆိုပါဌာနများ၏ သဘောထားမှတ်ချက်ရရှိထားခြင်း | | | |
| (ခ) | **လုပ်ငန်းခွဲတည်နေရာသတ်မှတ်ခြင်း** | | | |
| (i) | ဆောင်ရွက်မည့်မြေနေရာသည် ကျေးရွာလူထုမှရွာပိုင်မြေ ဖြစ်ကြောင်း ထောက်ခံထားသည့် စာရွက်စာတမ်း၊ အထောက်အထားများ | | | |
| (ii) | ဖြတ်သန်းသွားလာမည့် ယာဉ်အမျိုးအစားနှင့် နေ့စဉ်ယာဉ်ဖြတ်သန်းသည့် ပမာဏ (Average Daily Traffic)အရ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာနိုင်မည့် အခြေအနေ | | | |
| (ဂ) | **လုပ်ငန်းခွဲတည်နေရာအားဆန်းစစ်လေ့လာခြင်း** | | | |
| (i) | တည်ရှိသောမြေအမျိုးအစားသည်လုပ်ငန်းဆောင်ရွက်ရန် ကောင်းမွန်သော အခြေအနေ | | | |
| (ii) | လက်ရှိဆောင်ရွက်မည့်မြေသည် မိုးရွာသွန်းစဉ်နှင့် မိုးရွာသွန်းပြီးနောက် ရေတင်ကျန်နိုင်ခြင်း၊ ရေဝင်နိုင်ခြင်းကဲ့သို့သော ပြဿနာများ ဖြစ်ပွားနိုင်ခြင်း | | | |
| (iii) | တည်ဆောက်မည့်နေရာသို့လွန်ခဲ့သည့်နှစ်များအတွင်းရေလွှမ်းမိုးခဲ့သည့် အခြေအနေ | | | |

**တံတား/ဆိပ်ခံတံတားလုပ်ငန်းများ** **ပုံစံ - ၁ (က)**

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| (iv) | တည်ဆောက်မည့်မြေနေရာနှင့်အနီးတဝိုက်သည်လွန်ခဲ့သောနှစ်များအတွင်းငလျင်ဒဏ်၊ ရေကြီးရေလျှံမှုဒဏ်၊ မီးဘေးဒဏ်၊ မုန်တိုင်းဒဏ်၊ မြေပြိုမှုဒဏ်ခံစားခဲ့ရမှု | | | |
| (v) | တည်ဆောက်မည့်နေရာနှင့် ပတ်ဝန်းကျင်ဒေသများသို့ ဆက်သွယ်ထားသော လမ်းကြောင်းများသည် ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်၊ စက်ယန္တရားများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လုပ်သားများသယ်ပို့ရန် အဆင်ပြေကောင်းမွန်ခြင်း | | | |
| (vi) | လုပ်ငန်းခွင်နှင့်အနီးတဝိုက်တွင် အရည်အသွေးမီသော လုပ်ငန်းသုံးပစ္စည်းများနှင့် လုပ်သား များရရှိနိုင်မှုအခြေအနေ | | | |
| (vii) | ဆောင်ရွက်မည့်နေရာသို့ ဝင်ထွက်သွားလာနိုင်မည့် လမ်းကြောင်းများပေါ်တွင် ယာယီတံတားငယ်များ၊ Culvert များ၊ လမ်းလွှဲများဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ | | | |
| (viii) | ရာသီဥတုအလိုက်ပြောင်းလဲနိုင်သောလမ်းကြောင်းများနှင့် ဖြစ်ပေါ်လာနိုင်သောအကျိုး သက်ရောက်မှုများကိုကြိုတင်တွက်ချက်ထားခြင်း | | | |
| (ဃ) | **အကျိုးပြုပမာဏ၊ အကျိုးပြုဦးရေ၊ စီးပွားရေးအရတွက်ခြေကိုက်မှုအခြေအနေများ** | | | |
| (i) | ဆောင်ရွက်မည့်လမ်းလုပ်ငန်းသည် စီးပွားရေးအရတွက်ခြေကိုက်မှု၊ ပြည်သူများအတွက် အသုံးဝင်မှု၊ အဆိုပါကျေးရွာများရှိလူဦးရေများအတွက် အမှန်တကယ်အကျိုးပြုမှု၊ လုံခြုံရေး အတွက် အရေးပါမှု စသည် အခြေအနေ များ | | | |
| (ii) | တိုင်းရင်းသားလူနည်းစု၊ ဘာသာကွဲလူနည်းစု၊ အခြားအုပ်စုများ အကျိုးခံစားရခြင်း | | | |
| (င) | **ဘေးကင်းလုံခြုံမှုဆိုင်ရာအခြေအနေများ** | | | |
| (i) | ဆောင်ရွက်မည့်နယ်မြေဒေသအတွင်း ဘေးကင်းလုံခြုံမှုနှင့်နယ်မြေတည်ငြိမ် အေးချမ်းမှု | | | |
| (ii) | ဆောက်လုပ်ရေးလုပ်သားများအတွက် အစားအစာ၊ ဆေးဝါး၊ ကျန်းမာရေးနှင့်လုံခြုံမှုအခြေ အနေများအတွက်အဆင်ပြေလွယ်ကူခြင်း | | | |
| (စ) | **ရေ၊ မီးရရှိနိုင်မှုအခြေအနေများ** | | | |
| (i) | ဆောက်လုပ်မည့်မြေနေရာပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရန်နှင့် အလုပ်သမားများ ရာသီမရွေးအသုံးပြုရန်သန့်ရှင်းသောသောက်သုံးရေ | | | |

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | လုံလောက်စွာရရှိနိုင်မည့်အခြေအနေ | | | |
| (ii) | ဆောက်လုပ်မည့်မြေနေရာပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရန်နှင့် အလုပ်သမားများ ရာသီမရွေးနေ့/ညအသုံးပြုရန် လုံလောက်သော Volt အားပြည့်မီသည့် လျှပ်စစ်မီးရရှိမှု အခြေအနေ | | | |
| (iii) | စီမံကိန်းတွင်ပါဝင်သောအဆောက်အအုံ၊ ရေအရင်းအမြစ်၊ ဓါတ်အားပေး နေရာများ၊ ဝင်လမ်းထွက်လမ်း၊ အမှိုက်နှင့်အညစ်အကြေး စွန့်ပစ်မည့် နေရာများ၊ စက်ယန္တရားထားရှိမည့် နေရာများကို Layout Plan ရေးဆွဲ၍ မှတ်တမ်းတင်ထားခြင်း | | | |
| (ဆ) | **တံတားလုပ်ငန်းဆောင်ရွက်ခြင်းကြောင့်ထိခိုက်နိုင်သောပတ်ဝန်းကျင်အခြေအနေများ** | | | |
| (i) | လုပ်ငန်းခွင်မှ ထွက်ပေါ်လာမည့် ဆူညံသံ၊ လေထုညစ်ညမ်းမှု၊ စွန့်ပစ် အညစ်အကြေး များကြောင့်ပတ်ဝန်းကျင်ဆိုင်ရာညစ်ညမ်းမှုများ ဖြစ်ပေါ် နိုင်သည့် အခြေအနေ | | | |
| (ii) | ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ စက်ယန္တရားများဝင်ထွက်သွားလာမှု ကြောင့် ပတ်ဝန်းကျင်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ထိန်းသိမ်းထားသည့် အမွေအနှစ်ဆိုင်ရာ နေရာများ၊ အနီးနားပတ်ဝန်းကျင်ရှိထိခိုက်နိုင်သော တိုင်းရင်းသားလူမျိုးစု များ၏ နေထိုင်ရာနေရာများနှင့် ပိုင်ဆိုင်သောလယ်မြေ၊ ယာမြေများ ကိုထိခိုက်နိုင်သည့်အခြေအနေ | | | |
| (ဇ) | **ရေဆိုး၊ အညစ်အကြေးနှင့် အမှိုက်စွန့်ပစ်ခြင်းအတွက်နေရာသတ်မှတ်ခြင်း** | | | |
| (i) | လုပ်ငန်းဆောက်လုပ်ခြင်းမှထွက်ရှိလာမည့် ရေဆိုး၊ အညစ်အကြေးနှင့် အမှိုက်များကို ပတ်ဝန်းကျင်ညစ်ညမ်းခြင်းမရှိအောင် စနစ်တကျစွန့်ပစ် နိုင်မည့်နေရာများ | | | |

စစ်ဆေးသူလက်မှတ် ................................ စစ်ဆေးသူလက်မှတ် ................................

အမည် ................................ အမည် ................................

ရာထူး ................................ ရာထူး ................................

ရက်စွဲ ................................ ရက်စွဲ ................................

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**တံတား/ဆိပ်ခံတံတားလုပ်ငန်းများ**

## ပုံစံ (တံတား - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ (Feasibility Study Report)

| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည် ဖြစ်သည်။* | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် - | ကျေးရွာအုပ်စု - |
| မြို့နယ် - | ကျေးရွာ - |
| လုပ်ငန်းအမည် - | ရက်စွဲ - |

၁။ မြေနေရာပိုင်ဆိုင်မှုဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၂။ သယ်ယူပို့ဆောင်ရေးဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၃။ ဘေးကင်းလုံခြုံမှုဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**တံတား/ဆိပ်ခံတံတားလုပ်ငန်းများ**

၄။ လုပ်ငန်းခွင်အခြေအနေများဆန်းစစ်ခြင်းဆိုင်ရာတွေ့ရှိချက်များ

၅။ အခြားဌာနပိုင်မြေဧရိယာ၊ အခြားဌာနဆိုင်ရာမှ ဆောင်ရွက်သည့်လုပ်ငန်းများနှင့် တိုက်ဆိုင်မှု ရှိမရှိစစ်ဆေးခြင်းဆိုင်ရာတွေ့ရှိချက်များ

၆။ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ထိခိုက်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ

၇။ ရေဆိုး၊ အညစ်အကြေး၊ အမှိုက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတွေ့ရှိချက်များ

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**တံတား/ဆိပ်ခံတံတားလုပ်ငန်းများ**

၈။ စီမံကိန်းအကျိုးပြုမှုအခြေအနေများဆန်းစစ်ခြင်း(တိုင်းရင်းသားလူမျိုးစု၊ ဘာသာကွဲလူနည်းစု၊ နွမ်းပါး သူ၊ သက်ကြီးရွယ်အိုများအား အကျိုးပြုမှု)

|   |
|---|
|   |

၉။ အခြားတင်ပြလိုသည့်အချက်များ

|   |
|---|
|   |

ကွင်းဆင်းစစ်ဆေးခဲ့သည့်မှတ်တမ်းဓါတ်ပုံများနှင့် **layout Plan**ကိုနောက်ဆက်တွဲဖြင့် ဖော်ပြပါရန်

စစ်ဆေးသူလက်မှတ် ..................................

အမည် ..................................

ရာထူး ..................................

ရက်စွဲ ..................................

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တံတား/ဆိပ်ခံတံတားလုပ်ငန်းများ

# ပုံစံ (တံတား - ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ

| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည် ဖြစ်သည်။* | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| လုပ်ငန်းအမည် | |
| အကျိုးပြုဦးရေ | |

**စီမံကိန်းလုပ်ငန်းခွဲအကြောင်း**

☐ ပြုပြင်ခြင်း

☐ တိုးချဲ့ခြင်း

☐ အသစ်ဆောက်လုပ်ခြင်း

**အခြေခံအဆောက်အဦ အမျိုးအစား**

☐ ကွန်ကရစ်တံတား ☐ ကြိုးတံတား

☐ သံဘောင်ကွန်ကရစ်တံတား ☐ ကွန်ကရစ်ဆိပ်ခံတံတား

☐ သစ်သားတံတား ☐ သစ်သားဆိပ်ခံတံတား

☐ တံတားငယ်များ(Culvert) ☐ ရေကျော်

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိစစ်မှု**

| စဉ် | သဘာဝပတ်ဝန်းကျင် စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | **သဘာဝပတ်ဝန်းကျင်**<br>(က)စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်မည့် နေရာတွင် သစ်ပင် ခုတ်လှဲရန်<br>➢ ခုတ်လှဲရမည်ဆိုပါက သစ်ပင်အရေ အတွက်……<br>➢ သစ်ပင်တစ်ပင်ခုတ်လှဲပါက အနည်းဆုံး (၇-၁၀) ပင် ပြန်လည်စိုက်ပျိုးပေး ရမည်။ | | | |
| | (ခ) သစ်တောရေိယာအတွင်း ကျရောက်မှု<br>➢ စီမံကိန်းဆောင်ရွက်မည့်နေရာသည် သစ်တော ရေိယာအတွင်း ကျရောက်နေပါက သစ်တော ဦးစီးဌာန သို့တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆောင် ရွက်ရမည်ဖြစ်သည်။ | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | (ဂ) စိမ့်မြေ၊ ရာသီအလိုက် ရေလွှမ်းမိုးသော မြေများ | | | |
| | (ဃ) သဘာဝရေကန် | | | |
| | (င) မြစ်/ချောင်း<br>➢ တည်ဆောက်ရေးလုပ်ငန်းများကြောင့် အနီးအနား ရှိ မြစ်/ချောင်းများ၏ ရေလမ်းကြောင်း၊ မျက်နှာ ပြင်ရေဇလဗေဒ ပြောင်းလဲမှု၊ မြေတိုက်စားမှုကြောင့် မြစ်ချောင်း တိမ်ကောမှုများ မဖြစ်ပေါ်စေရန် အထူးအလေး ထားဆောင်ရွက်ရမည်။ | | | |
| ၂။ | **ကာကွယ်ထားသော ဧရိယာ**<br>(က)စီမံကိန်းလုပ်ငန်းခွဲဧရိယာသည် ကာကွယ်ထားသောဧရိယာ(အမျိုးသား ဥယျာဉ်၊ အမျိုးသားကာကွယ်တော၊ ဘေးမဲ့တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေ စသည်) ထိစပ်ကျ ရောက်နေမှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။ | | | |
| | **(ခ)** စီမံကိန်းလုပ်ငန်းခွဲဧရိယာသည် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိရာ ဧရိယာတွင် ထိစပ်ကျရောက်နေမှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာ ဆောင်ရွက်သွားရမည်ဖြစ်သည်။ | | | |
| ၃။ | **မြေဆီလွှာ**<br>(က) မြေဆီလွှာတိုက်စားခြင်း | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | (ခ) မြေပြိုခြင်း<br>➢ တိုက်စားခြင်းကိုကာကွယ်ရန် သံဆန်ခါ အသုံးပြုသော ကျောက်စီမြေကာနံရံ၊ မျောတိုင်ဖြင့် တုတ်ရိုက်ခြင်း နည်းလမ်းများဖြင့် ကာကွယ်နိုင်သည်။ | | | |
| ၄။ | **ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုဧရိယာ**<br>(က) လုပ်ငန်းခွဲသည် ဒေသဆိုင်ရာ ရှေးဟောင်း သမိုင်းဝင် ယဉ်ကျေးမှု ဧရိယာအတွင်း (ဘုရား စေတီ၊ အမှတ်ရ အောက်မေ့ဖွယ် အဆောက်အဦနှင့် သင်္ချိုင်းဂူများ) ထိစပ်ကျရောက်မှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာဆောင်ရွက်သွားရ မည် ဖြစ်သည်။ | | | |
| ၅။ | **သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု**<br>(က) လုပ်ငန်းခွဲကြောင့် မြေ၊ ရေ၊ လေထု ညစ်ညမ်းမှုဖြစ်ပေါ်ခြင်း | | | |
| | (ခ) ခဲပါဝင်သော သုတ်ဆေးများ၊ ကျောက်ဂွမ်းပါဝင်သော ကျောက်ပြားများ (Asbestos Cement Sheet) အသုံး ပြုမှု | | | |
| | (ဂ)လုပ်ငန်းများဆောင်ရွက်ရာတွင် စွန့်ပစ်ပစ္စည်းများ ထွက် ရှိမှု<br>➢ “ရှိ” သည်ဟုဖြေပါက စွန့်ပစ်ရန်သင့်တော်သော နေရာကိုအများပိုင် နေရာတွင် သတ်မှတ်ထားခြင်း နှင့် စွန့်ပစ်စနစ်စီစဉ် ဆောင်ရွက်ထားရှိရမည် ဖြစ်သည်။<br>➢ “မရှိ” ဟုဖြေပါက လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။ | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၆။ | **ရေအရည်အသွေး**<br>(က) လုပ်ငန်းခွဲသည် ရေအရင်းအမြစ်အား ထိခိုက်နိုင်မှု | | | |
| | (ခ) တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေး ဝန်ထမ်းများနေထိုင်သည့် နေရာများမှ ထွက်ရှိသည့် စီး ဆင်းရေ၊ အမှိုက်များကြောင့် အနီးအနားရှိ မြစ်၊ ချောင်း များနှင့် ရေရရှိသော နေရာများ၏ ရေအရည်အသွေး ထိ ခိုက်မှု | | | |
| ၇။ | **စိုက်ပျိုးမြေနှင့် နေအိမ်အဆောက်အဦ ပျက်စီးမှု**<br>(က) စိုက်ပျိုးမြေဧရိယာအတွင်း ဆောက်လုပ်ခြင်း | | | |
| | (ခ) နေအိမ်အဆောက်အဦများ ထိခိုက်နိုင်မှု | | | |
| ၈။ | **မြစ်ချောင်းများ၏ ဂေဟဗေဒ**<br>(က) လုပ်ငန်းခွဲကြောင့် ရေထုညစ်ညမ်းမှု ဖြစ်ပေါ်ခြင်း (သို့) ရေနေသတ္တဝါများ၏ ရှင်သန်မှုကို ထိခိုက်မှုဖြစ်စေ ခြင်း<br>➢ ရေစီးကြောင်း (သို့) ရေထဲသို့ စီးဝင်နိုင်သော ရေဆင်းများနှင့်လွှတ်ကင်းရာနေရာများတွင် ကွန်ကရစ် ဖျော်စပ်ရမည်။<br>(ခ) မြစ်ချောင်းများ၏ ဂေဟဗေဒကို ထိခိုက်စေနိုင်မှု<br>(ဂ) လုပ်ငန်းခွင်အနီးမှ ရေအရင်းအမြစ်အား ကျေးရွာလူထု မှအသုံးပြုခြင်း | | | |

အထက်ဖော်ပြပါ မေးခွန်းတစ်ခု၏ အဖြေသည် "ရှိ" သည်ဟုဆိုပါက အသေးစိတ်ဖော်ပြရန်နှင့် အကာအကွယ်စစ်ဆေးချက်အရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်ပါက သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်(Environmental Management Plan) ကိုရေးဆွဲ၍ သက်ရောက်မှုအပေါ် ခံနိုင်ရည်ရှိစေရေး ပြင်ဆင်ရမည်။

## လူမှုပတ်ဝန်းကျင်ဆိုင်ရာ စိစစ်မှု

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | လုပ်ငန်းခွဲသည် ပုဂ္ဂလိကပိုင် မြေ၊ စိုက်ခင်း၊ အိမ်ရာ၊ အခြား ပိုင်ဆိုင်မှု များ ကို အမြဲတမ်း(သို့) ယာယီ အသုံးပြုရန်<br>➢ "ရှိ"သည်ဟုဖြေပါက ဆန္ဒအလျောက်မြေယာ လှူဒါန်းမှုများဆောင်ရွက်ပြီးမှသာလျှင် လုပ်ငန်းအားစတင် ဆောင် ရွက်ရမည်ဖြစ်သည်။ | | | |
| ၂။ | မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှု ရှိသော မြေပေါ်တွင် အခြေခံ အဆောက်အဦးများကို တိုးချဲ့ဆောက်လုပ်ခြင်း(သို့) ပြုပြင်ခြင်း (သို့) အသစ်တည်ဆောက်ခြင်း<br>➢ "ရှိ"သည်ဟုဖြေပါက ထိုဧရိယာတွင် စီမံကိန်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။ | | | |
| ၃။ | အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လမ်းလွှဲပြုလုပ်ပေးရန်<br>➢ "ရှိ"သည်ဟုဖြေပါက အများပြည်သူသွားလာရေး အဆင်ပြေစေရန် ယာယီရှောင်လမ်း ပြုလုပ်ပေးထားရမည်။ | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၄။ | လုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်ယန္တရားအသုံးပြုရန်<br>➢ အသုံးပြုရန် လိုအပ်ပါက အများပြည်သူထိခိုက်မှု မရှိစေရန် နှင့် စက်ယန္တရားအား ကျွမ်းကျင်စွာ အသုံးပြု နိုင်မှုရှိ/မရှိ စစ်ဆေးရန်နှင့် အသုံးပြုမှု နည်းပညာ ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိမှသာ ဆောင်ရွက်ရမည်။ | | | |
| ၅။ | စီမံကိန်းလုပ်ငန်းများတွင် အသက်(၁၈) နှစ်အောက် ကလေး များပါဝင်ခြင်း<br>➢ ရှိသည်ဟု ဖြေပါက အသက်(၁၅)နှစ်အထက်နှင့် (၁၈) အောက် ကလေးများအား အန္တရာယ် ရှိသော လုပ်ငန်းခွင်များ (သို့) ပညာရေး၊ ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုပတ်ဝန်း ကျင်ဆိုင်ရာ တိုးတက်မှု များအား ထိခိုက်စေ နိုင်သော လုပ်ငန်းများတွင် ခိုင်းစေခြင်း မပြုရ။ | | | |
| ၆။ | လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာ လူထု အလုပ်အကိုင်ရရှိမှု<br>➢ အကယ်၍ ကျေးရွာလူထုဖြင့် လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်ပါက တူညီသော လုပ်ငန်းအတွက် လုပ်အားခ တူညီစွာ ပေးချေရ မည် ဖြစ် သည်။<br>➢ လုပ်ငန်းအကောင်အထည်ဖော်ခြင်းအားကျေးရွာ လူထုဖြင့် ဆောင်ရွက်ပါက လုပ်သားနှစ်မျိုး (ကျွမ်းကျင် လုပ်သား/ရိုးရိုးလုပ်သား) ဖြင့် ဆောင်ရွက်ရမည်။ | | | |
| ၇။ | ကျေးရွာတွင် အများစုနေထိုင်သည့်လူမျိုးများအပြင် အခြား တိုင်းရင်းသား မျိုးနွယ်စုများ နေထိုင်မှု<br>➢ "ရှိ"သည်ဟုဖြေပါက အားလုံးကျိုးခံစားခွင့်ရှိရ မည်။ | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၈။ | လုပ်ငန်းခွင်သည် အလုပ်သမားများအတွက် အန္တရာယ်ဖြစ် နိုင်မှု<br>➢ လုပ်သားများအတွက် အကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးရမည်။<br>➢ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ အလင်းရောင်ကောင်းစွာရရှိပြီး အလုပ်သမားများနှင့် ပတ်ဝန်းကျင်ရှိ လမ်းသွားလမ်းလာများ၏ လုံခြုံမှုရရှိစေရန် ဆောင်ရွက်ထားရှိရမည်။<br>➢ လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ခေါင်းပုံဖြတ်ခြင်း နှင့် အလွဲသုံးစားခြင်းများ လုံးဝမရှိစေရေး အထူးအလေးထား ဆောင်ရွက်ရမည်။ | | | |
| ၉။ | **စီမံကိန်းလုပ်ငန်းခွဲအကျိုးပြုမှု**<br>➢ အမျိုးသမီးများအကျိုးခံစားရရှိခြင်း | | | |
| | ➢ တိုင်းရင်းသား လူနည်းစုအကျိုးခံစားရရှိခြင်း | | | |
| | ➢ ဘာသာကွဲလူနည်းစုအကျိုးခံစားရရှိခြင်း | | | |
| | ➢ အခြားအုပ်စုများ အကျိုးခံစားရခြင်း(ဥပမာ- န္တမ်းပါးသူများ၊ သက်ကြီးရွယ်အိုများ) | | | |
| | အုပ်စုတစ်ခုတိုင်းအတွက် “ရှိ” လျှင်မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိကြောင်းနှင့် “မရှိ” လျှင်မည့်သည့်အတွက်ကြောင့် အကျိုးသက်ရောက်မှုမရှိကြောင်းအသေးစိတ်ရှင်းလင်းပါ။ | | | |

လက်မှတ် -
အမည် -
ရာထူး -
ရက်စွဲ -

လက်မှတ် -
အမည် -
ရာထူး -
ရက်စွဲ -

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တံတား/ဆိပ်ခံတံတားလုပ်ငန်းများ

## ပုံစံ (တံတား - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ

| | |
|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းများကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန် တွင် ဖြည့်သွင်းရမည်ဖြစ်သည်။* | |
| ပြည်နယ်/တိုင်းဒေသကြီး - | ကျေးရွာ - |
| မြို့နယ် - | လုပ်ငန်းအမည် - |
| ကျေးရွာအုပ်စု - | အတိုင်းအတာ - |

၁။ **ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ**

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင် ဆောင်ရွက်မှု | အသုံးချနိုင်သော ကိစ္စရပ်ကို အမှန်ခြစ်ပါ | အသုံးချနိုင်သော ကိစ္စရပ်ကို အောက်ဖော်ပြပါ ကာလအတွင်း စစ်ဆေးမှုအား လက်မှတ်ထိုးရန် | | |
|---|---|---|---|---|---|
| | | | စီမံကိန်း လုပ်ငန်းခွဲ ပြင်ဆင်ခြင်း | အကောင် အထည် ဖော်ခြင်း | ပြုပြင် ထိန်းသိမ်း ခြင်း |
| ဆောက်လုပ်ချိန်၌ ဆူညံခြင်း | (က) ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်း၍ အဆူညံဆုံး လုပ်ငန်းကို လူထုအား အနှောက်အယှက်ဖြစ်နိုင်ခြေ အနည်းဆုံးအချိန် တွင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (ခ) ကာရံထားခြင်း/ပိတ်ဆို့ထားခြင်း/ ခြားထားခြင်း/ လမ်းလွှဲထားခြင်းဖြင့်လည်းကောင်း၊ အသံတိုးသောပစ္စည်းများအား အသုံးပြုခြင်းဖြင့်လည်းကောင်း၊ အကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း ဆူညံမှုကိုထိန်းချုပ်ခြင်း၊<br>(ဂ) ရွာတွင်းမှ ဖြတ်သန်း၍ ပစ္စည်းများအား သယ်ယူပို့ဆောင်ခြင်းကို အနည်းဆုံးဖြစ် အောင် ဆောင်ရွက်ခြင်း၊<br>(ဃ) လူနေအိမ်ခြေနှင့် စီမံကိန်းဖုံကြားတွင် သစ်ပင်တန်း/ ကွက်လပ်/စိုက်ခင်းစသည်တို့ ခြားထားခြင်းဖြင့် ဆူညံမှုကို တားဆီးခြင်း၊ | | | | |
| မြေဆီလွှာ တိုက်စားခြင်း | (က) ပွင့်လင်း/ခြောက်သွေ့ရာသီတွင် ဆောက်လုပ်ခြင်း၊<br>(ခ) ကုန်းစောင်းများ/ဆင်းလျှောများ အနည်းဆုံးဖြစ်စေခြင်း၊<br>(ဂ) တိုက်စားနိုင်သော ဧရိယာများတွင် မြက်စိုက်ပေးခြင်း၊ မြေဖို့ပေးပြီး သိပ်သည်းအောင် ပြုလုပ်ခြင်း၊<br>(ဃ) ဆောက်လုပ်ရေးလုပ်ငန်း ပြီးလျှင်ပြီးချင်း အပေါ်ယံမြေဆီလွှာပြန်လည်ဖုံးအုပ်ပေးပြီးလျှင် မြက်/ကြီးမြန်သစ်ပင်/ချုံပင်/ သစ်ပင်တို့ အား ပြန်လည်စိုက်ပျိုး ပေးခြင်း၊<br>(င) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသောအခါ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ/ရေလမ်းကြောင်းများ ဆောင်ရွက်ပေးခြင်း၊ | | | | |

| | | | | | |
|---|---|---|---|---|---|
| သန့်ရှင်းသောလေ | (က) လုပ်ငန်းခွင်တွင် ဖုန်မထစေရန် အချိန်မှန်ရေဖျန်းပေးရမည်၊<br>(ခ) လုပ်ငန်းခွင်သန့်ရှင်းစေရန် သစ်ရွက်ခြောက်/အမှိုက်များအား မီးမ ရှို့ရ၊<br>(ဂ) လေတိုက်သောနေ့တွင် လွင့်သွားခြင်း/ အကောင်များကြောင့် လွင့်သွား ခြင်းများ မရှိစေရန် သဲ/ကျောက်တို့ဖြင့် ဖုံး/ဖိ ထားရမည်၊ | | | | |
| ရေရရှိရေးနှင့် ရေ၏ အရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သောက်သုံးရေရရှိမှုနှင့် ကျန်းမာ၊ သန့်ရှင်းရေး တို့အား မထိခိုက်စေရ။<br>(ခ) ရေ၏အရည်အသွေးညံ့ဖျင်းစေနိုင်သော မိလ္လာအညစ်အကြေး၊ အမှိုက်နှင့် အဆိပ် အတောက်ဖြစ်စေသော အရာများ(သို့) အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအား ရေထဲသို့ ပစ်မချရ။<br>(ဂ) သဘာဝရေစီးကြောင်းများကို ပိတ်ဆို့ခြင်း၊ လမ်းလွှဲခြင်း မပြုရ။ မြစ်/ချောင်း/ကြမ်းပြင်ခြောက်သွေ့စေခြင်း/ အနည် ထိုင် သောင်ထွန်းခြင်းတို့ ဖြစ်တတ်သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကို ရေထဲတွင် လုပ်ကိုင်ရပါက ရေလမ်း ကြောင်းနှင့် တတ်နိုင် သမျှခွဲခြားထားရမည်။ ရေစီးဝင်သည့် မြောင်း နှင့်လည်း ခွဲခြားထားရမည်။ | | | | |

| | | | | | |
|---|---|---|---|---|---|
| အမှိုက်/အဆိပ်အတောက်နှင့် အန္တရာယ်ဖြစ်စေသောပစ္စည်းများ | (က) ဆောက်လုပ်ရေး အမှိုက်သရိုက်များကို စွန့်ပစ်ရန် သတ်မှတ်ထားသောနေရာတွင်သာ စွန့်ပစ်ရမည်၊<br>(ခ) စွန့်ပစ်အမှိုက်များကို(ဖောင်ဒေးရှင်းအတွက် တူးထားသော မြေအပါအဝင်) မြစ်/ ချောင်း/ရေကန် စသည့် ရေထွက်ပင်ရင်းနှင့် အနည်းဆုံး မီတာ(၃၀၀)၊ (ပေအား ဖြင့်၁၀၀၀) ကွာဝေးသော နေရာများတွင် ထိန်းသိမ်းထားရမည်၊<br>(ဂ) ဆီဖြည့်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ ပြောင်းရွှေ့ခြင်းတို့ကို လူနေအိမ်ခြေနှင့် ဝေးရာတွင် ဆောင်ရွက်ရမည်။ ရေမြောင်းမှ မီတာ(၅၀)၊ ပေ(၁၆၅) နှင့် အဓိကကျသော ရေထွက် ပင်ရင်းမှ မီတာ(၁၀၀)၊ ပေ(၃၃၀) ကွာဝေးရမည်။<br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများအား ပြောင်းရွှေ့မည့် အလုပ်သမားများကိုလည်း လက်အိတ်၊ ဖိနပ်၊ ခါးစည်း အဝတ်၊ မျက်မှန်နှင့်အခြား ကာကွယ်ရေး ပစ္စည်းများအား အသုံးပြုတတ်အောင်ပညာပေး/ လေ့ကျင့်ပေးရမည်။<br>(င) အသေးစားပြုပြင်ထိန်းသိမ်းရေးပစ္စည်းများဖြစ်သော ဆီပေအဝတ်၊ ဆီစစ်၊ ဆီအဟောင်းများအား စနစ်တကျစွန့်ပစ်ရမည်။ မြေအောက် ရေနှင့် မြေကြီးကို ညစ်ညမ်းမှု ဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်း အကျန်များကိုမြေထုနှင့် | | | | |

| | | | | | |
|---|---|---|---|---|---|
| | ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။ အကယ်၍ ကျေးလက်လူထုသည် မလွဲမရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသော စွန့်ပစ်မှုစနစ်ကိုကျင့်သုံးရမည်။ (ဥပမာ- သုံးစွဲပြီးဆီများကိုလောင်စာအဖြစ်အသုံးပြုခြင်း၊ ကြမ်းတိုက်ခြင်း ၊ ရေနံချေးနှင့် ရောစပ်၍ အသုံးပြုခြင်း) | | | | |
| ကျန်းမာရေးနှင့် အန္တရာယ်ကင်း ရှင်းရေး | (က) လူထုထိခိုက်မှုအား ရှောင်ရှားနိုင်စေရေးအတွက် ဆွေးနွေးညှိနှိုင်းမှု များကို စီမံကိန်း အကောင်အထည်ဖော်မှုအစီအစဉ်ရေးဆွဲစဉ်ကတည်းက အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်<br>(၁) လုပ်ငန်းခွင်နေရာ- လူမှုထိခိုက်နိုင်ချေရှိသည့် အရာများကို ဖယ်ရှားခြင်း (သို့မဟုတ်) သတိပေး ဆိုင်းဘုတ်ထားရှိခြင်း၊<br>(၂)လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးလုပ်သားများ - ဆောက် လုပ်ရေး လုပ်သားများသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစား အလိုက် ၄င်းတို့၏ ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ် ခြင်း၊<br>(၃)အသုံးပြုသောစက်ယန္တရားများ - စက်ယန္တရားများအား ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ အဆိုပါ ယန္တရားများကို လုံခြုံစိတ်ချစွာ အသုံးပြုမှု နည်းစနစ် | | | | |

| | | | | | |
|---|---|---|---|---|---|
| | ဆိုင်ရာကျွမ်းကျင်မှု အသိပညာလိုအပ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ (ခ) အလုပ်သမားများအား ဦးထုပ်၊ လက်အိတ်၊ ဖုန်ကာကွယ်သည့် မျက်နှာဖုံး၊ ဖိနပ်၊ ခါးစည်းအဝတ်၊မျက်မှန်စသည့် ကာကွယ် ရေးပစ္စည်းများ ပံ့ပိုး ပေးရမည်။<br>(ဂ) မြေပြင်မှ ၂ မီတာအထက်မြင့်သော ဆောက်လုပ်ရေးလုပ်ငန်းခွင် များအတွက် အောက်ဖော်ပြပါ အတိုင်းအတာများကို လိုက်နာပါ။<br>(ဃ) အောက်ခြေမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လုပ်ဆောင်ရမည်။<br>(င) အမြင့်တွင်လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မျက်လုံး စွေစောင်း သူများ၊ နာတာရှည်ရောဂါသည်များဖြစ်သည့် အရိုးပွရောဂါခံစားနေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ (သို့) ပါကေဆန်ရောဂါခံစား နေရသူများ၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သွေးတိုးကျဆေးစသည်တို့ကို သုံးစွဲနေရသော ရောဂါ ဝေဒနာရှင်များ နှင့် လွန်ခဲ့သော(၁၂) လအတွင်း ချော်လဲ ထိခိုက်ဒဏ်ရာရရှိသူများ အား လုပ်ဆောင်ခွင့်မပြုပါ။<br>(စ) အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သောသူများကို လုပ်ကိုင်ခွင့်ပြုသည်။ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (ဆ) အမြင့်တွင်လုပ်ရသော အလုပ်များ (ဥပမာ- အမိုး) များတွင် လုပ်ဆောင်ပါက အန္တရာယ်ကင်းမှု ရှိ/မရှိ စစ်ဆေးရန်။<br>(ဇ) ပြိုကျပျက်ဆီးနိုင်သော နေရာများတွင် လုပ်ဆောင်ပါက ကြို တင် သတိပေးမှုများ ပြုလုပ်ရန်။<br>(ဈ) ရေနံဆီ၊ အိမ်သုတ်ဆေးနှင့် ချော်မလဲအောင်ပြုလုပ်ထားသော မြေစာများ စသည်တို့ကို ရှင်းလင်းထားရန်။<br>(ည) ဖြစ်နိုင်ပါက လုံခြုံရေး အကာကွယ်ပေးသည့် နည်းလမ်းများ ဖြစ်သည့် လုံခြုံရေးအကာအကွယ် ပစ္စည်းများ ၊ငြမ်းစင်များ ၊ ဘားတန်းများကို မြေပြင်မှ ၄ မီတာအကွာတွင် လုပ်ဆောင် သော လုပ်ငန်းများတွင် တပ်ဆင်ပေးရမည်။<br>(ဋ) လုပ်ငန်းခွင်သန့်ရှင်းရေးအား နေ့တိုင်းဆောင်ရွက်ရမည်။<br>(ဌ) ငရဲမီးနှင့် အဆိပ်အတောက်ပစ္စည်းများကို လုံအောင်ပိတ်ဆို့၍ လုံခြုံသောနေရာ တွင် စနစ်တကျ စွန့်ပစ်ရမည်။<br>(ဍ) လူနေအိမ်ခြေနှင့် ဝေးရာတွင် အလုပ်သမားများအတွက် ကျန်းမာ ရေးနှင့်ညီညွတ်သည့် အိမ်သာကို လုံလောက်စွာ ထားပေးရမည်။<br>(ဎ) ဆောက်လုပ်ရေးဧရိယာနှင့် ပစ္စည်းသိုလှောင်သောနေရာကို ကြိုးတား/ ကြိုးဝိုင်းထားပြီးသတိပေးဆိုင်းဘုဒ်များ တပ်ဆင် /ပြသထားရမည်။ ၎င်းဧရိယာတွင် ကလေးငယ်များ ဆော့ ကစားခြင်းကို ခွင့်မပြုရ။ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (ဏ)မြေယူရန်တူးထားသော တွင်းများကို ရေမဝပ်စေရန် ဆောက်လုပ် ရေးလုပ်ငန်း များ ဆောင်ရွက်ပြီးနောက် မြေပြန်ဖို့ပေးရမည်။<br>(တ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် (ပိုးသတ်ဆေး၊ လိမ်းဆေး၊ ပတ်တီးစသည့် ဆေးဝါးအစုံအလင်ပါသည့်) ဆေးသေတ္တာ ထားရှိရမည်။ | | | | |
| အခြားသော ရှောင်ကြဉ်ရန်များ | (က) လိုအပ်သောနေရာမှအပ သစ်ပင်ခုတ်လှဲခြင်းသို့မဟုတ် သီးနှံခင်းများပျက်စီးစေခြင်း မရှိစေရ။<br>(ခ) အမဲလိုက်ခြင်း၊ငါးဖမ်းခြင်း၊တောတိရစ္ဆာန်များဖမ်းယူခြင်း၊ အပင်များမှ ခူးယူခြင်း မပြုလုပ်ရ။<br>(ဂ) သုံးစွဲရန်အတည်ပြုထားသော ပစ္စည်းများမှအပ သုံးစွဲခြင်း မပြုရ။(ခဲပါဝင်သောသုတ်ဆေးများ၊ကျောက်ဂွမ်းစသည်တို့ အပါအဝင်)<br>(ဃ) ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်နေရာများအား ရှောင်ကြဉ်ရမည်။ | | | | |

## ၂။ တံတား/ဆိပ်ခံများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs) လမ်းညွှန်ချက်များ

| လုပ်ငန်းအမျိုးအစား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ထိခိုက်မှုလျော့ပါးစေရေး | အသုံးချနိုင်သော ကိစ္စရပ်ကို အမှန်ခြစ်ပါ | အသုံးချနိုင်သော ကိစ္စရပ်ကို အောက်ဖော်ပြပါ ကာလအတွင်း စစ်ဆေးမှုအား လက်မှတ်ထိုးရန် | | |
|---|---|---|---|---|---|
| | | | စီမံကိန်း လုပ်ငန်းခွဲ ပြင်ဆင်ခြင်း | အကောင် အထည် ဖော်ခြင်း | ပြုပြင် ထိန်းသိမ်း ခြင်း |
| တံတားငယ်များ (၅မီတာနှင့်အောက် အလျားရှိသည့်) နှင့် ဆိပ်ခံတံတားများ | **တိုက်စားမှုကာကွယ်ခြင်း**<br>(က) တိုက်စားခြင်းကိုကာကွယ်ရန်သံဆန်ခါအသုံးပြုသော ကျောက်စီမြေကာနံရံတည်ဆောက်ခြင်းနည်းကို အဓိက အသုံးပြုနိုင်သည်။<br>(၁) သံဆန်ခါအသုံးပြုနိုင်သော ကျောက်စီမြေကာနံရံ၏ အစောင်းကို အလျား (၂)၊ အမြင့်(၁) အချိုးထား ရှိရမည်။ လုပ်ငန်းခွင် အခြေ အနေအပေါ် မူတည်၍ ပို၍လည်း မြင့်နိုင်သည်။<br>(၂) သံဆန်ခါအတွင်း အသင့်အတင့် မာကျောသည့် ကျောက်ကိုစေ့နေအောင် စီပေးရမည်။<br>(၃) သံဆန်ခါစူထွက်မလာစေရန် နန်းကြိုးဖြင့် တုပ် နှောင်ထားရမည်။ နန်းကြိုးကိုသံဆန်ခါအမြင့်၏ သုံးပုံတစ်ပုံတွင် ထား၍ တုပ် နှောင်ထားရမည်။ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (၄) သံဆန်ခါအားရေတိုက်စားနိုင်သည့် အနက်၏ အောက်တွင် ခိုင်မာစွာတွဲနှောင်ထားရမည်။<br>(၅) လျှောစောက်တွင် ကျောက်မစီနိုင်ပါက မြေဆီလွှာ ပြန်ဖုံးကာ သစ်ပင်၊ မြက်ပင်များပေါက်ရောက်စေရမည်။<br>(ခ) တိုက်စားမှုဖြစ်နိုင်ခြေနည်းသည့်နေရာများတွင်သာ ကျောက်တုံးအခြောက်စီမြေကာနံရံပြုလုပ်သင့်သည်။ ရေစီးသန်သောနေရာများတွင် သံဆန်ခါသုံးမြေကာနံရံ အား အချောကိုင် ပေးခြင်းကပိုအဆင်ပြေသည်။<br>**ရေအရည်အသွေးနှင့်သတ္တဝါများ**<br>(က) ရာသီအလိုက်ရေတက်/ကျ ပြောင်းလဲမှုနှင့် အချိန်ကာလကို ရေထဲနေနှင့် ရေစပ်ဝန်းကျင်နေသတ္တဝါများ၏ ရှင်သန်မှုကို ထိခိုက်လောက်အောင် ပြောင်းလဲမှု မဖြစ်စေရ။ (ဥပမာ။ ။ မျိုးပွားမှု)<br>(ခ) ရေစီးတွင်နုန်းပို့ချမှုနည်းပါးစေရန် ရေလမ်းကြောင်းလွှဲပေးခြင်း၊ တမံ တုပ်၍ လုပ်ငန်းဆောင်ရွက်နိုင်သည်။<br>(ဂ) ရေစီးကြောင်း/ရေထဲသို့စီးဝင်နိုင်သော ရေဆင်းများနှင့် လွတ်ကင်းရာနေရာများတွင်သာ ကွန်ကရစ်ဖျော်စပ်ရ မည်။ | | | | |

| | | | | | |
|---|---|---|---|---|---|
| မြောင်းကူးခုံးကျော် တံတားများ | (က)ကွန်ကရစ်အသားသေသည့်ရက်ကျော်လွန်သည့်အခါ ရေမြောင်းခုံးကျော်အတွင်း တပ်ဆင်ခဲ့သည့်ပုံစံပြားများကို ဖြုတ်ပေးရမည်။မဖြုတ်ပါက တဖြည်းဖြည်းကွာကျလာပြီး ရေစီးကိုပိတ်ဆို့စေနိုင်သည်။<br>(ခ) ရေတိုက်စားခြင်းမှ ကာကွယ်ရန် ရေထွက်ပေါက်တွင် ကျောက် တုံးကြီးများ စီပေးထားရမည်။<br>(ဂ) အဝင်ဝတွင် သဲ၊ကျောက်များပိတ်ဆို့မနေစေရ၊ ရေကောင်းစွာဖြတ်သန်းစီးဆင်းစေရမည်။<br>(ဃ) ရေဆန်ဘက်တွင် သဲဖမ်းကန်တစ်ခု တူးပေးရမည်။ အချိန်မှန်သဲရှင်း ပေးရ မည်။<br>(င) လမ်းပေါ်မှရေသည် ရေမြောင်းထဲသို့ လွတ်လပ်စွာ စီးဝင်စေရမည်။ | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တံတား/ဆိပ်ခံတံတားလုပ်ငန်းများ

# ပုံစံ (တံတား - ၅) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်

| *လမ်းညွှန်ချက်။ ဤပုံစံကို အကြိုကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပြီးနောက် လုပ်ငန်းမဆောင်ရွက်မီ ဖြည့်သွင်းရမည်ဖြစ်သည်။* | | |
|---|---|---|
| တိုင်းဒေသကြီး/ပြည်နယ်- | | မြို့နယ် - |
| ကျေးရွာအုပ်စု - | | ကျေးရွာ - |
| လုပ်ငန်းအမည် - | | အတိုင်းအတာ - |
| ရေးဆွဲရသည့် အကြောင်းအရင်း | ☐ ပုံစံ(၃)အရသဘာဝပတ်ဝန်းကျင်ထိခိုက်စေသောလုပ်ငန်းများ<br>☐ ၁၀မီတာထက်ပိုရှည်သောလုပ်ငန်းများ<br>☐ ပေ(၂၀၀)အထက်ရေတွင်းများ | ☐ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများပြုပြင်ခြင်း<br>☐ ထိန်းသိမ်းကာကွယ်တောအတွင်းမှလုပ်ငန်းများ |

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျှော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| **လုပ်ငန်းအကောင်အထည်ဖော် မဆောင်ရွက်မီကာလ** | | | | | | |
| | | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တံတား/ဆိပ်ခံတံတားလုပ်ငန်းများ

ပုံစံ - ၅ (က)

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ဆဲကာလ | | | | | | |
| | | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တံတား/ဆိပ်ခံတံတားလုပ်ငန်းများ

ပုံစံ - ၅ (ခ)

| ဆောင်ရွက်သည့်လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးကာလ | | | | | | |
| | | | | | | |

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

လက်မှတ် -

မည် -

ရာထူး -

ရက်စွဲ -

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တံတား/ဆိပ်ခံတံတားလုပ်ငန်းများ

## ပုံစံ (တံတား - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို အကြိုကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပြီးနောက် လုပ်ငန်းမဆောင်ရွက်မီ ဖြည့်သွင်းရမည်ဖြစ်သည်။* | | |
| တိုင်းဒေသကြီး/ပြည်နယ်- | | မြို့နယ် - |
| ကျေးရွာအုပ်စု - | | ကျေးရွာ - |
| လုပ်ငန်းအမည် - | | အတိုင်းအတာ - |
| ရေးဆွဲရသည့် အကြောင်းအရင်း | ☐ ပုံစံ(၃)အရသဘာဝပတ်ဝန်းကျင်ထိခိုက်စေသောလုပ်ငန်းများ<br>☐ ၁၀မီတာထက်ပိုရှည်သောလုပ်ငန်းများ<br>☐ ပေ(၂၀၀)အထက်ရေတွင်းများ | ☐ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများပြုပြင်ခြင်း<br>☐ ထိန်းသိမ်းကာကွယ်တောအတွင်းမှလုပ်ငန်းများ |

| **ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး** | **လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ** | **စောင့်ကြည့်စစ်ဆေး ခြင်းဆိုင်ရာ ညွှန်းကိန်းများ** | **တာဝန်/တာဝန် ယူ ရမည့် ပုဂ္ဂိုလ်** | **လုပ်ငန်းပြီးစီးမှု** | **လက်မှတ် နှင့် ရက်စွဲ** |
|---|---|---|---|---|---|
| **လုပ်ငန်းအကောင်အထည်ဖော် မဆောင်ရွက်မီကာလ** | | | | | |
| | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တံတား/ဆိပ်ခံတံတားလုပ်ငန်းများ

ပုံစံ - ၆ (က)

| ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူ ရမည့် ပုဂ္ဂိုလ် | လုပ်ငန်းပြီးစီးမှု | လက်မှတ် နှင့် ရက်စွဲ |
|---|---|---|---|---|---|
| လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ဆဲကာလ | | | | | |
| | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တံတား/ဆိပ်ခံတံတားလုပ်ငန်းများ

ပုံစံ - ၆ (ခ)

| ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေး ခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန် ယူ ရမည့် ပုဂ္ဂိုလ် | လုပ်ငန်းပြီးစီးမှု | လက်မှတ် နှင့် ရက်စွဲ |
|---|---|---|---|---|---|
| လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးကာလ | | | | | |
| | | | | | |

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**တံတား/ဆိပ်ခံတံတားလုပ်ငန်းများ**

# ပုံစံ (လမ်း - ၇) - ဆန္ဒအလျောက်မြေယာလှူဒါန်းမှုပုံစံ

| | |
|---|---|
| *လမ်းညွှန်ချက်။ မြေယာလှူဒါန်းမှုရှိသော လုပ်ငန်းများဆောင်ရွက်ရာတွင် ဤပုံစံကို လုပ်ငန်းမစတင်မီဖြည့်သွင်းရန်နှင့် ဖြည့်သွင်းပြီးမှ လှူဒါန်းမှုသေချာမှသာ လုပ်ငန်းစတင်ဆောင်ရွက်ရမည်ဖြစ်သည်။* | |
| တိုင်းဒေသကြီး/ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| လုပ်ငန်းအမည် | |
| စီမံကိန်းလုပ်ငန်းခွဲအမျိုးအစား | |
| ရက်စွဲ | |

**၁။မြေယာလှူဒါန်းသူ၏အချက်အလက်**

| | | | |
|---|---|---|---|
| မြေပိုင်ရှင်အမည် | | ☐ ကျား | ☐ မ |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| အသက် | | | |
| အလုပ်အကိုင် | | | |
| လိပ်စာ | | | |
| စီမံကိန်းလုပ်ငန်းခွဲအတွက် အကျိုးခံစားခွင့်ရှိသူ ဟုတ်/မဟုတ် | ☐ ဟုတ်သည် | ☐ မဟုတ်ပါ | |

**၂။လှူဒါန်းမြေနှင့်သက်ဆိုင်သောအချက်အလက်များ**

| | | |
|---|---|---|
| မြေအမျိုးအစား | | |
| လှူဒါန်းမှု နှင့် ပိုင်ဆိုင်မှု ဧရိယာအချိုး | | |
| လှူဒါန်းသည့်ဧရိယာ<br>(အလျား)x(အနံ) | | |
| လှူဒါန်းသူပိုင်ဆိုင်သည့်စုစုပေါင်း ဧရိယာ<br>(အလျား)x(အနံ) | | |
| မြေယာထောက်ခံချက် | ☐ ရှိ | ☐ မရှိ |
| | ❖ ပါက မိတ္တူအား ပူးတွဲထားရှိရန်”ရှိ“ | |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**တံတား/ဆိပ်ခံတံတားလုပ်ငန်းများ**

## ၃။လုပ်ငန်းခွဲအကောင်အထည်ဖော်မှုကြောင့် မြေယာထိခိုက်နိုင်မှု

| အကြောင်းအရာ | ရှိမရှိ/ | | အမျိုးအစား | အရေအတွက် | ပျက်စီးဆုံးရှုံးမှု တန်ဖိုး |
|---|---|---|---|---|---|
| ခုတ်လှဲရမည့်သစ်ပင် | ☐ ရှိ | ☐ မရှိ | | | |
| စီးပွားရေးအရ စိုက်ပျိုးထားသော သီးနှံသစ်ပင်များ/ | ☐ ရှိ | ☐ မရှိ | | | |
| သစ်ပင်ကြီးများ | ☐ ရှိ | ☐ မရှိ | | | |
| အခြားသီးနှံပင်များ | ☐ ရှိ | ☐ မရှိ | | | |
| အခြားအသုံးပြုမှုများ | ☐ ရှိ | ☐ မရှိ | | | |
| ရွှေ့ပြောင်းရမည့် အဆောက်အဦ (သို့) ပိုင်ဆိုင်မှု | ☐ ရှိ | ☐ မရှိ | | | |
| လှူဒါန်းမြေသည် တစ်ဦးထက်ပို၍ ပိုင်ဆိုင်ခြင်း | ☐ ရှိ | ☐ မရှိ | **အကယ်၍ ပါက တော်စပ်ပုံ နှင့်”ရှိ“ - အမည်များ** | | |

❖ ဤပုံစံစာရွက်ပေါ်တွင် လက်မှတ်ရေးထိုးခြင်းလက်ဖွေနှိပ်ခြင်းသည် မိမိပိုင်မြေကို ဆန္ဒအလျောက်(သို့) လှူဒါန်းခြင်း ဖြစ်သည်။အကယ်၍ ဖြည့်သွင်းသည့်အချက်အလက်များပေါ်တွင် စိတ်ကျေနပ်မှုတစုံတရာ မရှိပါက လက်မှတ်ရေးထိုး ခြင်းမပြုဘဲ ဆန္ဒအလျောက်လှူဒါန်းခြင်းကို ရုတ်သိမ်းနိုင်ပါသည်။

**မြေယာပိုင်ရှင်**

လက်မှတ် -

အမည် -

ရက်စွဲ -

**မြေပိုင်ရှင်၏အိမ်ထောင်ဖက် (ခင်ပွန်း/ဇနီး)**

လက်မှတ် -

အမည် -

ရက်စွဲ -

**ကျေးရွာအုပ်ချုပ်ရေးမှူး**

လက်မှတ် -

အမည် -

ရက်စွဲ -

**အသိသက်သေ (၁)**

လက်မှတ် -

အမည် -

ရက်စွဲ -

**မြို့နယ်**

လက်မှတ် -

အမည် -

ရက်စွဲ -

# ရေပေးရေးဥပဒေ

# အခန်း(၅)
# ရေပေးရေးလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း

၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း

၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ

၂-၁။ ယေဘုယျ **(ECoPs)** လမ်းညွှန်ချက်များ

၂-၂။ ရေပေးရေးလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs) လမ်းညွှန်ချက်များ

၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲရန်လိုအပ်သော လုပ်ငန်းများ

၄။ ပုံစံများ

၄-၁။ ပုံစံ (ရေ - ၁) အကြိုကွင်းဆင်းဆောင်ရွက်စစ်ဆေးချက်ပုံစံ

၄-၂။ ပုံစံ (ရေ - ၂) အကြိုကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ

၄-၃။ ပုံစံ (ရေ - ၃) အကာအကွယ်စစ်ဆေးချက်ပုံစံ

၄-၄။ ပုံစံ (ရေ - ၄) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှု စစ်ဆေးချက်ပုံစံ

၄-၅။ ပုံစံ (ရေ - ၅) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၄-၆။ ပုံစံ (ရေ - ၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီရင်ခံစာ

၄-၇။ ပုံစံ (ရေ - ၇) ဆန္ဒအလျောက် မြေယာလှူဒါန်းမှုပုံစံ

## ၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း

### (က) ရေအရင်းအမြစ်များရှာဖွေခြင်း

**မြေပေါ်ရေ**

- ကျေးရွာ၏အနီးပတ်ဝန်းကျင်ရှိ ရေရရှိနိုင်မည့်နေရာများနှင့်တစ်နှစ်ပတ်လုံးရေရရှိနိုင်မှု၊ ကျေးရွာအတွက်ရေလုံလောက်မှုရှိမရှိ၊ လက်ရှိတည်ရှိဆဲရေအရင်းအမြစ်များသို့သွားရောက်၍ ရေထွက်နှုန်း(ပြေး၊မေရေထွက်နှုန်း၊ပွင့်လင်းရာသီရှိရေထွက်နှုန်း)၊ ထွက်ရှိသောပမာဏ၊ သန့်စင်ကြည်လင်မှုကိုစစ်တမ်းများကောက်ယူရမည်၊

**မြေအောက်ရေ**

- ဘူမိရူပတိုင်းတာရေးနည်းစနစ်များ (Geo-physical Survey) အသုံးပြု၍ မြေအောက်ရေစူးစမ်းရှာဖွေတိုင်းတာခြင်း၊ ပတ်ဝန်းကျင်ရှိစက်ရေတွင်းဆိုင်ရာ အချက်အလက်များအားလေ့လာမှတ်သားထားရမည်၊
- စက်ရေတွင်းတူးဖော်ရာတွင် မအောင်မြင်ခဲ့သည့်အကြောင်းအရင်းရှိပါက စိစစ်မှတ်တမ်းထားရန်၊

### (ခ) ကျေးရွာ၏ တစ်နေ့တာရေလိုအပ်ချက်ပမာဏကိုခန့်မှန်းတွက်ချက်ခြင်း

- ကျေးရွာ၏ အိမ်ခြေနှင့် ရပ်ကွက်အလိုက်လူဦးရေပေါ် မူတည်၍ နောင်လာမည့် ၁၀နှစ်အတွင်း တိုးပွားလာနိုင်သောပျမ်းမျှလူဦးရေကိုအကြမ်းဖျဉ်းတွက်ချက်ခြင်း၊

ခန့်မှန်းတွက်ချက်မှု ဖော်မြူလာ

$$\mathbf{Pn} = \boldsymbol{Po}(\mathbf{1} + \frac{i}{\mathbf{100}})^{n}$$

| | | |
|---|---|---|
| **Pn** | = | နောင် n နှစ်တွင် ရှိလာမည့် လူဦးရေ |
| ***Po*** | = | လက်ရှိလူဦးရေ |
| ***i*** | = | နှစ်စဉ်လူဦးရေတိုးနှုန်း |
| ***n*** | = | မိမိထားလိုသည့် နောင်နှစ်ပေါင်း (Design Year) |

- ကျေးရွာအတွက် တစ်နေ့တာရေလိုအပ်ချက်ကို အောက်ပါအချက်များပေါ်မူတည်၍ အကြမ်းဖျဉ်းခန့်မှန်းနိုင်သည်၊
  - (၁) စီမံကိန်းသက်တမ်းအဆုံးတွင်ရှိမည့် လူဦးရေ
  - (၂) လူတစ်ဦးစီ၏ တစ်နေ့တာရာသီအလိုက် ပျမ်းမျှရေသုံးစွဲမှု
  - (၃) မွေးမြူထားသော ကျွဲ၊ နွား၊ ဆိတ်၊ ဝက် များအတွက် တစ်နေ့တာရေလိုအပ်မှု
  - (၄) ရေအလေအလွင့်များ(စုစုပေါင်းသုံးစွဲမှု၏ ၁၅%)

(၅) ကျေးရွာစာသင်ကျောင်းနှင့် ဆေးပေးခန်းများရေလိုအပ်မှု (စုစုပေါင်းသုံးစွဲမှု၏ ၅%)

(၆) ကုန်ထုတ်လုပ်ငန်းများ၊ ဘာသာရေးအဆောက်အအုံများအတွက် တစ်နေ့တာ ပျမ်းမျှရေလိုအပ်မှု

**(ဂ) လက်ရှိအသုံးပြုနေသောရေပေးရေးဆိုင်ရာအခြေအနေများကိုစစ်ဆေးခြင်း**

- ❖ ကျေးရွာတွင် လက်ရှိအသုံးပြုနေသောရေကန်၊ ရေပိုက်လိုင်း၊ ရေတွင်းများ၏ကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းထားမှု၊ အသုံးပြုရန်အဆင်ပြေမှု၊ သန့်ရှင်းမှု၊ ကျေးရွာလူထုအတွက် လုံလောက်မှု အခြေအနေများကိုစစ်ဆေး၍တွေ့ရှိချက်များအရ ဆက်လက်အသုံးပြုနိုင်ရန် သင့်လျော်မှုရှိမရှိ စစ်ဆေးရမည်၊
- ❖ လက်ရှိအသုံးပြုနေသောရေပေးရေးလုပ်ငန်းများအား ကျေးရွာမှဆောင်ရွက်ထားသည့် ပြုပြင်ထိန်းသိမ်းမှုအခြေအနေများအားစစ်ဆေးရမည်၊
- ❖ ကျေးရွာတွင် စနစ်တကျဖွဲ့စည်းထားသည့် ရေကော်မတီရှိမရှိစစ်ဆေးရမည်ဖြစ်ပြီး ဖွဲ့စည်းထားခြင်းမရှိပါကဆောင်ရွက်စေရမည်၊
- ❖ ကျေးရွာတွင်ဆောင်ရွက်ပြီးလုပ်ငန်းများပုံမှန်လည်ပတ်မှုရှိ/မရှိစစ်ဆေးရမည်၊

**(ဃ) လက်ရှိအသုံးပြုနေသည့်ရေအရင်းအမြစ်များကိုရေအရည်အသွေးစစ်ဆေးခြင်း**

- ❖ ရေပေးရေးလုပ်ငန်းဆောင်ရွက်ရန် လျာထားထားသောသောက်သုံးရေ အရင်းအမြစ်ရှိသည်ဆိုပါက ရေအရည်အသွေးစမ်းသပ်ရန်အတွက် ရေနမူနာရယူမည်၊

**(င) ဆောင်ရွက်မည့်လုပ်ငန်း၏ အကျိုးပြုမှုအခြေအနေများ**

- ❖ ဆောင်ရွက်မည့်ရေပေးရေးလုပ်ငန်း၏ ပြည်သူများအတွက်အသုံးဝင်မှု၊ အဆိုပါကျေးရွာများရှိ လူဦးရေများအတွက် အမှန်တကယ်အကျိုးပြုမှု၊ လုံခြုံရေးအတွက် အရေးပါမှုစသည့်အချက်များကိုလေ့လာဆောင်ရွက်ရမည်၊

**(စ) ရေသွယ်ယူမည့် လမ်းကြောင်းနှင့် လုပ်ငန်းခွင်ဆိုင်ရာဆန်းစစ်ခြင်း**

- ❖ သယ်ယူလမ်းကြောင်းတလျှောက် မြေမျက်နှာပြင်အနေအထားများ၊ ပိုက်လိုင်းဖြတ်ရမည့်ချောင်းများ၊ တောင်ကုန်းများ၊ ချောက်များ၏ မြေပြင်အခြေအနေ၊ ရေအရင်းအမြစ်နှင့်ကျေးရွာ၏ အကွာအဝေး၊ အနိမ့်အမြင့်ကွာခြားချက်တို့ကို Survey တိုင်းတာ၍ Profile ဖြင့် ဖော်ပြရမည်၊
- ❖ ရေထွက်၏ တည်နေရာနှင့် ရေရယူမည့်ကျေးရွာ၏ အကွာအဝေး (Distance)၊ အနိမ့်အမြင့်ကွာခြားချက်(LevelDifference)၊ ရေထွက်နှုန်း(Difcharge)ကိုသိရှိရန်လိုအပ်ပြီးအဆိုပါအချက်အလက်များပေါ်မူတည်၍ ပိုက်အရွယ်အစား(Pipe Diameter)နှင့် ရေရောက်ရှိနိုင်မှုရှိ/မရှိ တွက်ချက်ရမည်၊ Hydraulic Profile ရေးဆွဲထားရှိရမည်၊

- ❖ ရေထွက်ပင်ရင်းမှ ကျေးရွာသို့ပိုက်လိုင်းသွယ်တန်းမည့် လမ်းကြောင်းတလျှောက်မြေနေရာ အနေအထားအားစစ်ဆေးကြည့်ရှု၍ အသုံးပြုမည့် ပိုက်အမျိုးအစား၊ ဆောင်ရွက်ရန် လိုအပ်သော ပိုက်လိုင်းထောက်ကူပြုစနစ်များ ဥပမာ- လေချူဘား (Air valve)၊ ပိုက်ထိန်းထောက် (Prop)၊ အရှိန်ထိန်းကွန်ကရစ်တုံး(Thrust)၊ ဖိအားလျှော့ကန်(Break Pressure Tank)အစရှိသဖြင့်စနစ်တကျထည့်သွင်းတွက်ချက်သွားရမည်၊
- ❖ လုပ်ငန်းတည်ဆောက်ရန်အတွက်ခုတ်ထွင်ရှင်းလင်းရမည့်သစ်ပင်များကိုစနစ်တကျ မှတ်တမ်းတင်ထားပြီး အတတ်နိုင်ဆုံးရှောင်ရှားနိုင်ရန် ကြိုတင်စီစဉ်ထားရမည်၊
- ❖ မိုးရေလှောင်ကန်အသစ်တည်ဆောက်မည့် ကျေးရွာတွင် ယခင်ကန်ဟောင်းများ၏ အနက်ပေ အားလေ့လာရန်နှင့်ကန်သစ်တူးဖော်မည်ဆိုပါကစံချိန်စံညွှန်းအရသတ်မှတ်တူးဖော်ရမည့် အနက်ပေသည်ရေထိန်းနိုင်သည့် မြေလွှာအတွင်းဖြစ်ရန်လိုအပ်ပြီး သဲဆန်၍ ရေထိန်းမြေလွှာ တိမ်သောဒေသများတွင် သင့်လျော်သည့်အနက်ပေတူးဖော်၍ မိုးရေကန်အတိုင်းအတာတိုးချဲ့ ဆောင်ရွက်ရမည်၊
- ❖ တည်ဆောက်မည့်မြေနေရာသည် လွန်ခဲ့သောနှစ်များအတွင်းရေလွှမ်းမိုးခဲ့သည့် အခြေအနေ ရှိမရှိနှင့် အများဆုံးရေတက်ခဲ့သည့် ပမာဏ (High Flood) ကိုသိရှိမှတ်သားထားရမည်၊
- ❖ တည်ဆောက်မည့်မြေနေရာနှင့် အနီးတဝိုက်သည် လွန်ခဲ့သောနှစ်များအတွင်းငလျင်ဒဏ်၊ ရေကြီးရေလျှံမှုဒဏ်၊ မီးဘေးဒဏ်၊ မုန်တိုင်းဒဏ်၊ မြေပြိုမှုဒဏ် ခံစားခဲ့ရသော အခြေအနေများ နှင့်ထိခိုက်မှုပမာဏအစရှိသဖြင့် မေးမြန်းပြီးကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊
- ❖ တည်ဆောက်မည့်မြေနေရာနှင့်အနီးတစ်ဝိုက်သည် မြေသဘာဝကောင်းမွန်သောနေရာ ဟုတ်/မဟုတ်နှင့် မိုးရေ၊ တောင်ကျရေများတိုက်စားနိုင်သောအခြေအနေရှိ/မရှိ စစ်ဆေးရန်နှင့် ဖို့မြေများ၊ မြေကျွံကျနိုင်သောနေရာများ မရွေးချယ်ရန် စစ်ဆေးဆောင်ရွက်ရမည်၊
- ❖ လုပ်ငန်းဆောင်ရွက်မည့် ရေစက်ရုံ၊ ရေတွင်း၊ ရေကန်တို့၏ တည်နေရာများ၊ ရေပိုက်လိုင်းလမ်းကြောင်းများ၊ ရေငုတ်နေရာများပါဝင်သော Layout Plan ရေးဆွဲ၍ မှတ်တမ်းတင်ထားရမည်၊

## (ဓ) မြေယာပိုင်ဆိုင်မှုအခြေအနေများ

- ❖ ရေထွက်ပင်ရင်း၊ ရေစုကန်၊ ရေလှောင်ကန်၊ ရေငုတ်တိုင်၊ ရေစက်ရုံဆောင်ရွက်မည့်နေရာများသည်သစ်တောရေိယာ၊ ကာကွယ်ထိန်းသိမ်းထားသောနယ်မြေ၊ အခြားဌာနပိုင်မြေဧရိယာ၊ ပုဂ္ဂလိကလူနေအိမ်များအတွင်း ကျရောက်နေမှုရှိ/မရှိနှင့် မြေယာလှူဒါန်းနိုင်မှုရှိ/မရှိ စစ်ဆေးဆောင်ရွက်ရမည်၊
- ❖ စက်ရေတွင်းတူးဖော်မည့်နေရာ၊ ရေစက်ရုံ၊ ရေကန်၊ လက်တူးတွင်း၊ တည်ဆောက်မည့် နေရာများအား သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရေကော်မတီဝင်များ၊ ရပ်မိရပ်ဖ

များ၊ မြေအလျှုရှင်များ၏ သဘောတူထောက်ခံချက်များဖြင့် ရွေးချယ်ထားခြင်းရှိ/မရှိ စစ်ဆေးရမည်၊

❖ ပိုက်လိုင်းသွယ်ရာတွင် လယ်မြေ၊ တောင်ယာစိုက်ခင်းမြေ၊ လူနေအိမ်ခြေများ ဖြတ်သန်းသွယ်ယူရန်ရှိပါကသက်ဆိုင်ရာပုဂ္ဂလိက (သို့မဟုတ်) အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းသဘောတူညီချက်ရယူထားရမည်၊

## (ဈ) နယ်မြေဒေသ၏ဘေးကင်းလုံခြုံမှုဆိုင်ရာအခြေအနေများ

❖ လုပ်ငန်းဆောင်ရွက်မည့်ဒေသ၏ နယ်မြေလုံခြုံမှုဆိုင်ရာအခြေအနေများ၊ ပဋိပက္ခဆိုင်ရာအခြေအနေများကိုမေးမြန်းရမည်၊

❖ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုလုံခြုံစိတ်ချစွာထိန်းသိမ်းနိုင်မည့် အခြေအနေများကို သိရှိမှတ်သားထားခြင်း၊ ပေါက်ကွဲလွယ်၊ မီးလောင်လွယ်သည့်ပစ္စည်းများအား လုံခြုံစွာထားရှိနိုင်မည့်နေရာများကိုသိရှိမှတ်သားထားရမည်၊

❖ ဆောက်လုပ်ရေးလုပ်သားများ၏ အစားအစာ၊ ဆေးဝါး၊ ကျန်းမာရေးနှင့်လုံခြုံမှုဆိုင်ရာကိစ္စရပ်များအတွက် လက်ရှိဒေသအခြေအနေနှင့် အဆင်ပြေလွယ်ကူမှုအခြေအနေများကိုသိရှိနိုင်ရန်မေးမြန်းရမည်၊

❖ ဘေးအန္တရာယ်တစုံတရာကြုံတွေ့ရပါကဆက်သွယ်နိုင်မည့် ဌာနဆိုင်ရာများ၊ အာဏာပိုင် အဖွဲ့အစည်းများကိုသိရှိနိုင်ရန်မေးမြန်းပြီးကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

## (ည) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့်ထိခိုက်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ

➢ တည်ဆောက်မည့်မြေနေရာ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာရှိ အဆောက်အအုံများ၊ ခြံဝိုင်းများ၊ လယ်ယာများ၊ လမ်းများ၏ ယေဘုယျအချက်အလက် များကို မျက်မြင်စစ်ဆေးခြင်း၊ အချက်အလက်ကောက်ယူရမည်၊

➢ လုပ်ငန်းတည်ဆောက်ရန်အတွက် ခုတ်ထွင်ရှင်းလင်းရမည့် သစ်ပင်များ၊ တောင်ကုန်းများ အစရှိသဖြင့် ယေဘုယျအချက်အလက်များကို မျက်မြင်စစ်ဆေးပြီး အချက်အလက်ကောက်ယူရမည်၊

➢ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ထိန်းသိမ်းထားသည့် အမွေအနှစ်ဆိုင်ရာနေရာများ၊ အနီးနားပတ်ဝန်းကျင်ရှိထိခိုက်နိုင်သော တိုင်းရင်းသားလူမျိုးစုများ၏ နေထိုင်ရာနေရာများနှင့် ပိုင်ဆိုင်သောလယ်မြေ၊ ယာမြေများကို စာရင်းကောက်ယူပြီး ကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်း တင်ထားရမည်၊

## ၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ

### ၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ

အောက်တွင်ဖော်ပြထားသည့်ဇယားသည် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် လိုက်နာဆောင်ရွက်ရမည့် ယေဘုယျလမ်းညွှန်ချက်များဖြစ်သည်။

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ဆောက်လုပ်ချိန်၌ ဆူညံခြင်း | (က) ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်း၍ အဆူညံဆုံးလုပ်ငန်းကိုလူထုအား အနှောက် အယှက်ဖြစ်နိုင်ခြေ အနည်းဆုံးအချိန်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊<br>(ခ) ကာရံထားခြင်း/ ပိတ်ဆို့ထားခြင်း/ ခြားထားခြင်း/ လမ်းလွှဲထားခြင်းဖြင့်လည်းကောင်း၊ အသံတိုးသောပစ္စည်းများအား အသုံးပြုခြင်းဖြင့်လည်းကောင်း၊ အကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း ဆူညံမှုကို ထိန်းချုပ်ခြင်း၊<br>(ဂ) ရွာတွင်းမှဖြတ်သန်း၍ ပစ္စည်းများအား သယ်ယူပို့ဆောင်ခြင်းကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊<br>(ဃ) လူနေအိမ်ခြေနှင့် စီမံကိန်းဇုံကြားတွင် သစ်ပင်တန်း/ကွက်လပ်/ စိုက်ခင်းစသည်တို့ ခြားထားခြင်းဖြင့် ဆူညံမှုကို တားဆီးခြင်း၊ |
| မြေဆီလွှာ တိုက်စားခြင်း | (က) ပွင့်လင်း/ခြောက်သွေ့ရာသီတွင် ဆောက်လုပ်ခြင်း၊<br>(ခ) ကုန်းစောင်းများ/ဆင်းလျှောများ အနည်းဆုံးဖြစ်စေခြင်း၊<br>(ဂ) တိုက်စားနိုင်သော ဧရိယာများတွင် မြက်စိုက်ပေးခြင်း၊ မြေဖို့ပေးပြီး သိပ်သည်း အောင် ပြုလုပ်ခြင်း၊<br>(ဃ) ဆောက်လုပ်ရေးလုပ်ငန်း ပြီးလျှင်ပြီးချင်း အပေါ်ယံမြေဆီလွှာ ပြန်လည်ဖုံးအုပ်ပေးပြီးလျှင် မြက်/ ကြီးမြန်သစ်ပင်/ ချုံပင်/ သစ်ပင်တို့အား ပြန်လည်စိုက်ပျိုးပေးခြင်း၊<br>(င) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသောအခါ ရေစီးရေလာ ကောင်းမွန်စေရန် ရေမြောင်းများ ရေလမ်းကြောင်းများ/ဆောင်ရွက်ပေးခြင်း၊ |
| သန့်ရှင်းသောလေ | (က) လုပ်ငန်းခွင်တွင် ဖုန်မထစေရန် အချိန်မှန်ရေဖျန်းပေးရမည်၊<br>(ခ) လုပ်ငန်းခွင်သန့်ရှင်းစေရန် သစ်ရွက်ခြောက်/အမှိုက်များအား မီးမရှို့ရ၊<br>(ဂ) လေတိုက်သောနေ့တွင် လွင့်သွားခြင်း/ အကောင်များကြောင့် လွင့်သွားခြင်းများ မရှိစေရန် သဲ/ကျောက်တို့ဖြင့် ဖုံး/ဖိ ထားရမည်၊ |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ရေရရှိရေးနှင့် ရေ၏ အရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သောက်သုံးရေရရှိမှုနှင့် ကျန်းမာသန့်ရှင်းရေးတို့အား မထိခိုက်စေရ။<br>(ခ) ရေ၏ အရည်အသွေးညံ့ဖျင်း စေနိုင်သော မိလ္လာအညစ်အကြေး၊ အမှိုက်နှင့် အဆိပ်အတောက်ဖြစ်စေသော အရာများ(သို့) အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအား ရေထဲသို့ ပစ်မချရ။<br>(ဂ) သဘာဝရေစီးကြောင်းများကို ပိတ်ဆို့ခြင်း၊ လမ်းလွှဲခြင်းမပြုရ။ မြစ်/ချောင်း ကြမ်းပြင်ခြောက်သွေ့စေခြင်း/ အနည်ထိုင် သောင်ထွန်းခြင်းတို့ ဖြစ်တတ်သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကို ရေထဲတွင်လုပ်ကိုင်ရပါကရေလမ်းကြောင်းနှင့် တတ်နိုင်သမျှခွဲခြားထားရမည်။ ရေစီးဝင်သည့် မြောင်းနှင့်လည်း ခွဲခြားထားရမည်။ |
| အမှိုက်/အဆိပ် အတောက်နှင့် အန္တရာယ်ဖြစ်စေသောပစ္စည်းများ | (က) ဆောက်လုပ်ရေး အမှိုက်သရိုက်များကို စွန့်ပစ်ရန်သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရမည်၊<br>(ခ) စွန့်ပစ်အမှိုက်များကို(ဖောင်ဒေးရှင်းအတွက် တူးထားသောမြေ အပါအဝင်) မြစ်/ ချောင်း/ရေကန် စသည့် ရေထွက်ပင်ရင်းနှင့် အနည်းဆုံးမီတာ(၃၀၀)၊ (ပေအား ဖြင့်၁၀၀၀) ကွာဝေးသော နေရာများတွင် ထိန်းသိမ်းထားရမည်၊<br>(ဂ) ဆီဖြည့်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများပြောင်းရွှေ့ခြင်းတို့ကို လူနေအိမ်ခြေနှင့် ဝေးရာတွင် ဆောင်ရွက်ရမည်။ ရေမြောင်းမှ မီတာ(၅၀)၊ ပေ(၁၆၅) နှင့် အဓိကကျသောရေထွက်ပင်ရင်းမှ မီတာ(၁၀၀)၊ ပေ(၃၃၀) ကွာ ဝေးရမည်။<br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများအား ပြောင်းရွှေ့မည့် အလုပ်သမားများကိုလည်း လက်အိတ်၊ ဖိနပ်၊ ခါးစည်းအဝတ်၊ မျက်မှန်နှင့် အခြား ကာကွယ်ရေးပစ္စည်းများအား အသုံးပြုတတ်အောင်ပညာပေး/လေ့ကျင့်ပေးရမည်။<br>(င) အသေးစားပြုပြင်ထိန်းသိမ်းရေး ပစ္စည်းများဖြစ်သော ဆီပေအဝတ်၊ ဆီစစ်၊ ဆီအဟောင်းများအား စနစ်တကျစွန့်ပစ်ရမည်။ မြေအောက်ရေနှင့် မြေကြီးကို ညစ်ညမ်းမှု ဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်း အကျန်များကိုမြေထုနှင့် ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။ အကယ်၍ ကျေးလက်လူထုသည် မလွဲမရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသော |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| | စွန့်ပစ်မှုစနစ်ကို ကျင့်သုံးရမည်။ (ဥပမာ-သုံးစွဲပြီးဆီများကိုလောင်စာအဖြစ်အသုံးပြုခြင်း၊ ကြမ်းတိုက်ခြင်း၊ ရေနံချေးနှင့်ရောစပ်၍ အသုံးပြုခြင်း) |
| ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး | (က) လူထုထိခိုက်မှုအား ရှောင်ရှားနိုင်စေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ကို စီမံကိန်း အကောင်အထည်ဖော်မှုအစီအစဉ် ရေးဆွဲစဉ်ကတည်းက အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်-<br>(၁) လုပ်ငန်းခွင်နေရာ- လူမှုထိခိုက်နိုင်ချေရှိသည့် အရာများကို ဖယ်ရှားခြင်း (သို့မဟုတ်) သတိပေး ဆိုင်းဘုတ်ထားရှိခြင်း၊<br>(၂) လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးလုပ်သားများ - ဆောက်လုပ်ရေးလုပ်သားများသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်မှု ရှိရန်လိုအပ်ခြင်း၊<br>(၃) အသုံးပြုသောစက်ယန္တရားများ - စက်ယန္တရားများအားကျွမ်းကျင်စွာ အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ အဆိုပါယန္တရားများကို လုံခြုံစိတ်ချစွာ အသုံးပြုမှု နည်းစနစ်ဆိုင်ရာကျွမ်းကျင်မှု အသိပညာလိုအပ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊<br>(ခ) အလုပ်သမားများအား ဦးထုပ်၊ လက်အိတ်၊ ဖုန်ကာကွယ်သည့် မျက်နှာဖုံး၊ ဖိနပ်၊ ခါးစည်းအဝတ်၊မျက်မှန် စသည့် ကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေးရမည်။<br>(ဂ) မြေပြင်မှ ၂ မီတာအထက်မြင့်သော ဆောက်လုပ်ရေး လုပ်ငန်းခွင်များအတွက် အောက်ဖော်ပြပါ အတိုင်းအတာများကို လိုက်နာပါ။<br>(ဃ) အောက်ခြေမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လုပ်ဆောင်ရမည်။<br>(င) အမြင့်တွင်လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မျက်လုံးစွေစောင်းသူများ၊ နာတာရှည်ရောဂါသည်များဖြစ်သည့် အရိုးပွရောဂါခံစားနေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ (သို့) ပါကေဆန်ရောဂါခံစားနေရသူများ၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သွေးတိုးကျဆေးစသည်တို့ကို သုံးစွဲနေရသော ရောဂါဝေဒနာရှင်များနှင့် လွန်ခဲ့သော(၁၂)လအတွင်း ထိခိုက်ဒဏ်ရာရရှိသူများအား လုပ်ဆောင်ခွင့် မပြုပါ။<br>(စ) အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သောသူများကို လုပ်ကိုင်ခွင့်ပြုသည်။ |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ရေပေးဝေရေးလုပ်ငန်းများ**

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| | (ဆ) အမြင့်တွင်လုပ်ရသော အလုပ်များ (ဥပမာ- အမိုး)များတွင် လုပ်ဆောင် ပါက အန္တရာယ်ကင်းမှု ရှိ/မရှိ စစ်ဆေးရန်။<br>(ဇ) ပြိုကျပျက်ဆီးနိုင်သော နေရာများတွင် လုပ်ဆောင်ပါက ကြိုတင်သတိပေး မှုများ ပြုလုပ်ရန်။<br>(ဈ) ရေနံဆီ၊ အိမ်သုတ်ဆေးနှင့် ချော်မလဲအောင်ပြုလုပ်ထားသော မြေစာများ စသည်တို့ကို ရှင်းလင်းထားရန်။<br>(ည) ဖြစ်နိုင်ပါက လုံခြုံရေးအကာကွယ်ပေးသည့် နည်းလမ်းများ ဖြစ်သည့် လုံခြုံရေးအကာအကွယ်ပစ္စည်းများ၊ ငြမ်းစင်များ၊ဘားတန်းများကို မြေပြင်မှ ၄ မီတာအကွာတွင် လုပ်ဆောင်သော လုပ်ငန်းများတွင် တပ်ဆင်ပေးရမည်။<br>(ဋ) လုပ်ငန်းခွင်သန့်ရှင်းရေးအား နေ့တိုင်းဆောင်ရွက်ရမည်။<br>(ဌ) ဂရဲမီးနှင့် အဆိပ်အတောက်ပစ္စည်းများကို လုံအောင်ပိတ်ဆို့၍ လုံခြုံသော နေရာတွင် စနစ်တကျ စွန့်ပစ်ရမည်။<br>(ဍ) လူနေအိမ်ခြေနှင့် ဝေးရာတွင် အလုပ်သမားများအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် အိမ်သာကို လုံလောက်စွာ ထားပေးရမည်။<br>(ဎ) ဆောက်လုပ်ရေးဧရိယာနှင့် ပစ္စည်းသိုလှောင်သောနေရာကို ကြိုးတား/ ကြိုးဝိုင်းထားပြီးသတိပေးဆိုင်းဘုတ်များ တပ်ဆင်/ပြသထားရမည်။ ၎င်းဧရိယာတွင် ကလေးငယ်များဆော့ကစားခြင်းကို ခွင့်မပြုရ။<br>(ဏ) မြေယူရန်တူးထားသော တွင်းများကို ရေမဝပ်စေရန် ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် မြေပြန်ဖို့ပေးရမည်။<br>(တ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် (ပိုးသတ်ဆေး၊လိမ်းဆေး၊ပတ်တီး စသည့် ဆေးဝါးအစုံအလင်ပါသည့်)ဆေးသေတ္တာထားရှိရမည်။ |
| အခြားသော ရှောင်ကြဉ်ရန် များ | (က) လိုအပ်သောနေရာမှအပ သစ်ပင်ခုတ်လှဲခြင်းသို့မဟုတ် သီးနှံခင်းများ ပျက်စီးစေခြင်း မရှိစေရ။<br>(ခ) အမဲလိုက်ခြင်း၊ငါးဖမ်းခြင်း၊တောတိရစ္ဆာန်များဖမ်းယူခြင်း၊အပင်များမှ ခူးယူခြင်း မပြုလုပ်ရ။<br>(ဂ) သုံးစွဲရန်အတည်ပြုထားသော ပစ္စည်းများမှအပ သုံးစွဲခြင်းမပြုရ။<br>(ခဲပါဝင်သောသုတ်ဆေးများ၊ကျောက်ဂွမ်းစသည်တို့ အပါအဝင်)<br>(ဃ) ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်နေရာများအားရှောင်ကြဉ်ရမည်။ |

## ၂-၂။ ရေပေးရေးလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs) လမ်းညွှန်ချက်များ

အောက်ဖော်ပြပါဇယားများသည် ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများအား ပြန်လည်ကောင်းမွန်လာစေရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs)လမ်းညွှန်ချက်များ ဖြစ်သည်။

| လုပ်ငန်းအမျိုးအစား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့်ထိခိုက်မှုလျော့ပါးစေရေး |
|---|---|
| ရေတွင်း(တိမ်/နက်) | (က) ရေတွင်းပတ်ပတ်လည်တွင် ရေဆင်းကောင်းစေရန် ကြမ်းခင်းလျှော၍ ခင်းပေးထားရမည်။ စက်သီးတပ်ဆင်ရန်တန်းတွင် ကြိုးနှင့်ရေပုံးတပ်ဆင် ပေးထားရမည်။ ကြိုးတစ်ကြိုးနှင့် ရေပုံတစ်ပုံးသာ ထားရှိခြင်းသည် ကျန်းမာရေးအတွက် အညီညွတ်ဆုံးဖြစ်သည်၊<br>(ခ) ပြုပြင်ထိန်းသိမ်းရေးနှင့် အရေးပေါ်ကိစ္စရပ်များအတွက် တွင်းနံရံတွင် သံခြေနင်းကွင်းများ တပ်ဆင်ထားရမည်၊<br>(ဂ) စိမ့်တွင်းတွင် မျက်နှာဝကျယ်သဖြင့် သစ်ရွက်/အမှိုက်တို့ မကျစေရန် အဖုံး/ အမိုး/သံဆန်ခါတို့ဖြင့်ကာ/ဖုံးအုပ်ထားရမည်။<br>(ဃ) ရေတွင်းကို မိလ္လာရေစုပ်ကန်၏ ရေညာ(အထက်ဘက်)တွင် ဝေးနိုင်သမျှ ဝေးအောင်ရှိနေစေရမည်။ အနည်းဆုံး(ပေ-၅၀)အကွာထားရမည်။ ထို့ထက်နီးကပ်ပါက ရေအရည်အသွေးကို ထိခိုက်စေနိုင်သည်။ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်၊<br>(င) ရေတွင်းအသစ်မှ ရေကို စတင်မသုံးမီ အနည်းဆုံး ရေထဲတွင် coliform ပါ ဝင်မှု၊ pH ပါဝင်မှု ၊ စိန်ဒြပ်စင်၊Nitrate ပါဝင်မှု၊ ရေအရောင်၊ ရေနောက်နေခြင်းရှိ/မရှိနှင့် ရေအပူချိန် တို့ကို စမ်းသပ်ရမည်။အချို့သောကိစ္စရပ်များတွင် ရေတွင်းများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများဖြစ်ပါက ရေ၏အရည်အသွေးကို ပြန်လည် စစ်ဆေးရမည်၊ |
| စိမ့်စမ်းရေ | (က) စိမ့်စမ်းရေစုကန်ထဲတွင် ဆန်ခါနှင့်သဲစစ်ကန်တို့ ပါရှိရမည်။ ရေအဝင်နှင့် အထွက်ကြားတွင်သဲအနည်ထိုင်ရန် နံရံတစ်ခု ကာထားပေးရမည်။ ရေများ ကျော်၍ကျသွားစေရန် သဲကာနံရံကို ကန်နံရံထက်နိမ့်ပေးထားရမည်။ သဲများကိုအချိန်မှန်ဆယ်ပေးရန် လိုအပ်သည်။<br>(ခ) ရေယူကန်တွင် ပီဗွီစီ ဆန်ခါပိုက်အားသုံးခြင်းဖြင့်(သို့မဟုတ်) ပိုက်၏အဝတွင် ဆန်ခါတပ်ဆင် အသုံးပြုခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ |

| လုပ်ငန်းအမျိုးအစား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့်ထိခိုက်မှုလျော့ပါးစေရေး |
|---|---|
| | (ဂ) ရေထွက်သည့်နေရာအတွင်းသို့ လူသူများဝင်ရောက်ခြင်းကြောင့် မညစ်ပတ်စေရန်ခြံစည်းရိုးခတ်၍ ကာရံထားရမည်။ အမှိုက်/သစ်ရွက်များ မကျ စေရန် အဖုံး/အမိုး မိုးထားရမည်။ |
| မိုးရေခံခြင်း | (က) မိုးရေလှောင်ကန်နှင့် ရေတံလျှောက်ကို ပိုက်ဖြင့်သွယ်တန်း၍ တပ်ဆင်ထားရမည်။<br>(ခ) ရေဖြန့်ပိုက်ဖြင့် သွယ်တန်းလိုပါက ရေလှောင်ကန်ကြမ်းပြင်မှ (၁၀ စင်တီမီတာ)/ (၄)လက်မအကွာတွင် တပ်ဆင်ရမည်။<br>(ဂ) အပူလွန်ခြင်း၊ ရေညှိများပေါက်ခြင်းမှ ကာကွယ်ရန်နှင့် ပိုးကောင်/ပိုးမွှားများ၊ အမှိုက်များဝင်ခြင်းမှ ကာကွယ်ရန် အမိုးမိုးထားရမည်။<br>(ဃ) ရေ၏ အရည်အသွေးကောင်းမွန်စေရေးအတွက် ရေကန်အတွင်း လေဝင်လေထွက်ကောင်းမွန်စေရန် ဆန်ခါပါသောလေပိုက်တစ်ခုတပ်ဆင်ပေးထားရမည်။<br>(င) ငှက်ချေး/တိရစ္ဆာန်ချေးများနှင့် သစ်ရွက်အမှိုက်များ မဝင်စေရန် ရေတံလျှောက်ကို အမြဲတမ်းအချိန်မှန် သန့်ရှင်းပေးရမည်။<br>(စ) မိုးများစွာရွာသည့်အခါ ရေလျှံကျနိုင်စေရန် ရေလှောင်ကန်တွင်ရေလျှံပိုက် တပ်ဆင်ထားရမည်။ ၎င်းပိုက်မှ အညစ်အကြေးများနှင့်ပိုးမွှားများမဝင်စေရန်နှင့် ရေပြန်မစီးရန် သတိထားရမည်။ တစ်နှစ်လျှင်နှစ်ကြိမ်ခန့် ရေလျှံ ကျစေခြင်းအားဖြင့် ရေမျက်နှာပြင်မှ အမှိုက်များ ပါသွား ခြင်းဖြင့် ရေကိုပိုမို သန့်ရှင်းစေပါသည်။ |
| သဘာဝရေထွက်<br>သို့မဟုတ်<br>မြေပေါ်ရေမှရေပိုက်<br>သွယ်တန်းခြင်း | **ရေထွက်ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း**<br>(က) အမှိုက်များ၊သစ်ရွက်များမကျစေရန်အမိုးမိုးထားရမည်။<br>(ခ) ရေတွင်းရေကန်ကို ခြံစည်းရိုးခတ်ထားရမည်။<br>(ဂ) စိမ့်စမ်းရေစုကန်တိုင်းတွင်သဲ/ကျောက်စရစ်စစ်ကန်တို့ပါရှိရမည်။ အချိန်မှန်ဆည်ပေးရန်လိုအပ်သည်။<br>**ပိုက်သွယ်တန်းခြင်း (ပုံ-၁၇)**<br>(က) ပီဗွီစီပိုက်ကို ထိခိုက်မှုမရှိစေရန် မြေကြီးအောက်လက်မ (၅၀စင်တီမီတာ) /လက်မ (၂၀) အထက်တွင် မြှုပ်နှံထားရမည်။ ပီဗွီစီပိုက်သည် ခရမ်းလွန်ရောင်ခြည်တိုက်ရိုက်ထိတွေ့ပါက ကြွပ်ဆတ်လွယ်/ ပျက်စီးလွယ်နိုင်သည်၊ |

| လုပ်ငန်းအမျိုးအစား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့်ထိခိုက်မှုလျော့ပါးစေရေး |
|---|---|
| | (ခ) ပိုက်လိုင်းကိုဖြောင့်တန်းစွာနှင့် ပုံသေအစောင်းအတိုင်း သွယ်တန်းရမည်၊<br>(ဂ) မြေကြီးတွင် မြှုပ်နှံ၍မရသောအခါ သံပိုက်ကိုထောက်တိုင်များ၊ ကလစ်များဖြင့် ခိုင်မြဲစွာတပ်ဆင်သွယ်တန်းရမည်။<br>(ဃ) ရေစုကန်မှ ရေထွက်ပိုက်များသည် နေရောင်ခြည်တိုက်ရိုက်ထိတွေ့နိုင်သောကြောင့်သံပိုက်ကိုသာ အသုံးပြုရမည်။ |

## ၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲရန် လိုအပ်သည့် လုပ်ငန်းခွဲများ

(၁) အကာအကွယ်စစ်ဆေးချက်ပုံစံအရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်သောလုပ်ငန်းများ၊

(၂) အရှည် (၁၀) မီတာထက် ပိုရှည်သော တံတားများ၊

(၃) အသစ်တူးဖော်သော အနည်းဆုံးအနက်ပေ (၂၀၀)နှင့်အထက် ရေတွင်းများ၊ ဆည်မြောင်းများ၊ ရေပေးဝေရေးလုပ်ငန်းများ၊ အသေးစားရေဆိုးသန့်စင်မှုလုပ်ငန်းများ (သို့) အသေးစားစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များ (ကျန်းမာရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများ အပါအဝင်) ဆောင်ရွက်ခြင်း၊

(၄) ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အဦများကို ပြုပြင်တည်ဆောက်ခြင်း၊

(၅) ထိန်းသိမ်းကာကွယ်ထားသော နယ်မြေများအတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများ။

# ၄။ ပုံစံများ

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ရေပေးဝေရေးလုပ်ငန်းများ**

## ပုံစံ (ရေ - ၁) - အကြိုကွင်းဆင်းစစ်ဆေးချက်

| | |
|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည် ဖြစ်သည်။* | |
| တိုင်းဒေသကြီး/ပြည်နယ် - | မြို့နယ် - |
| ကျေးရွာအုပ်စု - | ကျေးရွာ - |
| လုပ်ငန်းအမည် - | ရက်စွဲ - |

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| (က) | **ရေအရင်းအမြစ်များရှာဖွေခြင်း** | | | |
| (i) | ကျေးရွာ၏အနီးပတ်ဝန်းကျင်ရှိ ရေရရှိနိုင်မည့်နေရာများနှင့် တစ်နှစ်ပတ်လုံးရေရရှိနိုင်မှု၊ ကျေးရွာအတွက်ရေလုံလောက်မှုရှိမရှိ၊ လက်ရှိတည်ရှိဆဲရေအရင်းအမြစ်များသို့ သွားရောက် ၍ရေထွက်နှုန်း(ဧပြီ၊ မေ ရေထွက်နှုန်း၊ ပွင့်လင်းရာသီရှိရေထွက်နှုန်း)၊ ထွက်ရှိသောပမာဏ၊ သန့်စင် ကြည်လင်မှုကိုစစ်တမ်းများကောက်ယူထားခြင်း | | | |
| (ii) | ဘူမိရူပတိုင်းတာရေးနည်းစနစ်များ (Geo-physical Survey) အသုံးပြု၍မြေအောက်ရေစူးစမ်းရှာဖွေတိုင်းတာခြင်း၊ ပတ်ဝန်းကျင်ရှိ စက်ရေတွင်းဆိုင်ရာ အချက်အလက်များအား လေ့လာမှတ်သား ထားခြင်း | | | |
| (iii) | စက်ရေတွင်းတူးဖော်ရာတွင် မအောင်မြင်ခဲ့သည့် အကြောင်းအရင်းရှိပါက စိစစ်မှတ်တမ်း ထားခြင်း | | | |
| (ခ) | **ကျေးရွာ၏ တစ်နေ့တာရေလိုအပ်ချက်ကိုအကြမ်းဖျဉ်းတွက်ချက်ခြင်း** | | | |
| (i) | ကျေးရွာတွင် ရေအသုံးပြုမည့် အိမ်ခြေ၊ လမ်းမီးအရေအတွက်၊ ဘာသာရေးအဆောက်အအုံ၊ ကုန်ထုတ်လုပ်ငန်း၊ ကျောင်း၊ ဆေးပေးခန်းအစရှိသည့်အရေအတွက်များကိုစစ်တမ်းကောက် ယူထားခြင်း | | | |
| (ii) | တစ်အိမ်ထောင်ချင်းအသုံးပြုမည့် တစ်နေ့တာရေလိုအပ်ချက်ကို အကြမ်းဖျဉ်း တွက်ချက်ထားခြင်း | | | |
| (ဂ) | **လက်ရှိအသုံးပြုနေသောရေပေးရေးဆိုင်ရာအခြေအနေများကိုစစ်ဆေးခြင်း** | | | |
| (i) | ကျေးရွာတွင် လက်ရှိအသုံးပြုနေသောရေကန်၊ ရေပိုက်လိုင်း၊ ရေတွင်းများ၏ကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းထားမှု၊ အသုံးပြုရန် အဆင်ပြေမှု၊ | | | |

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | သန့်ရှင်းမှု၊ ကျေးရွာလူထုအတွက် လုံလောက်မှု အခြေအနေများ | | | |
| (ii) | လက်ရှိအသုံးပြုနေသောရေပေးရေးလုပ်ငန်းများကိုပြုပြင်ထိန်းသိမ်းအခြေအနေများ | | | |
| (iii) | ကျေးရွာတွင်စနစ်တကျဖွဲ့စည်းထားသောရေကော်မတီ | | | |
| (iv) | ကျေးရွာတွင်ယခင်ဆောင်ရွက်ပြီးလုပ်ငန်းများပုံမှန်လည်ပတ်မှု | | | |
| (ဃ) | **အကျိုးပြုမှုအခြေအနေများ** | | | |
| (i) | ဆောင်ရွက်မည်လုပ်ငန်းသည် ပြည်သူများအတွက်အသုံးဝင်မှု၊ အဆိုပါကျေးရွာများရှိလူဦး ရေများအတွက် အမှန်တကယ်အကျိုးပြုမှု၊ လုံခြုံရေးအတွက် အရေးပါမှုစသည် အခြေအနေများ | | | |
| (ii) | တိုင်ရင်းသားလူနည်းစု၊ ဘာသာကွဲလူနည်းစု၊ အခြားအုပ်စုများ (နွမ်းပါးသူ၊ သက်ကြီးရွယ်အိုများ)ကို အကျိုးခံစားရခြင်း | | | |
| (င) | **လက်ရှိအသုံးပြုနေသည့် ရေအရင်းအမြစ်များကိုရေအရည်အသွေးစစ်ဆေးခြင်း** | | | |
| (i) | ရေပေးရေးလုပ်ငန်းဆောင်ရွက်ရန် လျာထားထားသောစိမ့်စမ်း၊ လက်တူးတွင်း၊ မိုးရေကန် စက်ရေတွင်းများမှ သောက်သုံးရေကို ရေအရည်အသွေးစစ်ဆေးထားခြင်း | | | |
| (စ) | **ရေသွယ်ယူမည့် လမ်းကြောင်းနှင့် လုပ်ငန်းခွင်ဆိုင်ရာဆန်းစစ်ခြင်း** | | | |
| (i) | သယ်ယူလမ်းကြောင်းတလျှောက် မြေမျက်နှာပြင်အနေအထားများ၊ ပိုက်လိုင်းဖြတ်ရမည့် ချောင်းများ၊ တောင်ကုန်းများ၊ ချောက်များ၏ မြေပြင်အခြေအနေ ရေအရင်းအမြစ်နှင့် ကျေးရွာ၏အကွာအဝေး၊ အနိမ့်အမြင့် ကွာခြားချက်တို့ကို Survey တိုင်းတာခြင်း | | | |
| (ii) | Hydraulic Profile ရေးဆွဲထားခြင်း | | | |
| (iii) | ရေထွက်၏ တည်နေရာနှင့် ရေရယူမည့်ကျေးရွာ၏ အကွာအဝေး၊ အနိမ့်အမြင့် ကွာခြားချက်၊ ရေထွက်နှုန်းပေါ်မူတည်၍ ပိုက်အရွယ်အစား နှင့် ရေရောက်ရှိနိုင်မှုအခြေအနေ ကို ခန့်မှန်းတွက်ချက်ထားခြင်း | | | |
| (vi) | လုပ်ငန်းဆောင်ရွက်ရန်အတွက် ခုတ်ထွင်ရှင်းလင်းရမည့် သစ်ပင်များ | | | |
| (v) | တည်ဆောက်မည့်နေရာသို့လွန်ခဲ့သည့်နှစ်များအတွင်းရေလွှမ်းမိုးခဲ့သည့်အခြေအနေ | | | |
| (vi) | တည်ဆောက်မည့်မြေနေရာနှင့်အနီးတဝိုက်သည်လွန်ခဲ့သောနှစ်များအတွင်းငလျင်ဒဏ်၊ရေကြီးရေလျှံမှုဒဏ်၊မီးဘေးဒဏ်၊မုန်တိုင်းဒဏ်၊မြေပြို | | | |

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | မှုဒဏ်ခံစားခဲ့ရမှု | | | |
| (vii) | လုပ်ငန်းခွင်နှင့်အနီးတဝိုက်တွင် အရည်အသွေးမီသော လုပ်ငန်းသုံးပစ္စည်းများနှင့် လုပ်သားများရရှိနိုင်မှုအခြေအနေ | | | |
| (viii) | လုပ်ငန်းဆောင်ရွက်မည့် ရေစက်ရုံ၊ ရေတွင်း၊ ရေကန်တို့၏ တည်နေရာများ၊ ရေပိုက် လိုင်းလမ်းကြောင်းများ၊ ရေငုတ်နေရာများ ပါဝင်သော Layout Plan ရေးဆွဲ၍ မှတ်တမ်း တင်ထားခြင်း | | | |
| (ဆ) | **မြေယာပိုင်ဆိုင်မှုအခြေအနေများ** | | | |
| (i) | ရေထွက်ပင်ရင်း၊ ရေစုကန်၊ ရေလှောင်ကန်၊ ရေငုတ်တိုင်၊ ရေစက်ရုံ ဆောင်ရွက်မည့်နေရာများသည် သစ်တောဧရိယာ၊ ကာကွယ် ထိန်းသိမ်းထားသောနယ်မြေ၊ အခြားဌာန ပိုင်မြေဧရိယာ၊ ပုဂ္ဂလိက လူနေအိမ်များအတွင်းကျရောက်နေမှု | | | |
| (ii) | စက်ရေတွင်းတူးဖော်မည့်နေရာ၊ ရေစက်ရုံ၊ ရေကန်၊ လက်တူးတွင်း၊ တည်ဆောက်မည့် နေရာများအား သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရေကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၏ သဘောတူ ထောက်ခံချက်များဖြင့် ရွေးချယ်ထားခြင်း | | | |
| (iii) | ပိုက်လိုင်းသွယ်ရာတွင် လယ်မြေ၊ တောင်ယာစိုက်ခင်းမြေ၊ လူနေအိမ်ခြေများဖြတ်သန်း သွယ်ယူရန်ရှိပါကသက်ဆိုင်ရာပုဂ္ဂလိက (သို့မဟုတ်) အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း သဘောတူညီချက် ရယူထားမှု | | | |
| (ဇ) | **နယ်မြေဒေသ၏ဘေးကင်းလုံခြုံမှုဆိုင်ရာအခြေအနေများ** | | | |
| (i) | ဆောင်ရွက်မည့်နယ်မြေဒေသ၏ဘေးကင်းလုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုရှိ/မရှိ | | | |
| (ii) | ဆောက်လုပ်ရေးလုပ်သားများအတွက် အစားအစာ၊ ဆေးဝါး၊ ကျန်းမာရေးနှင့်လုံခြုံမှု အခြေအနေများအတွက် အဆင်ပြေ လွယ်ကူခြင်း | | | |
| (ဈ) | **လုပ်ငန်းဆောင်ရွက်ခြင်းကြောင့်ထိခိုက်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ** | | | |
| (i) | လုပ်ငန်းခွင်ဆောက်လုပ်ခြင်းမှ ထွက်ပေါ်လာမည့် ဆူညံသံ၊ လေထုညစ်ညမ်းမှု၊ စွန့်ပစ်အညစ်အကြေးများကြောင့် ပတ်ဝန်းကျင်ဆိုင်ရာညစ်ညမ်းမှုများဖြစ်ပေါ်နိုင်သည့် အခြေအနေ | | | |

**ပုံစံ - ၁ (ဂ)**

| စဉ် | စစ်ဆေးရမည့်အချက်များ | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| (ii) | ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့စက်ယန္တရားများဝင်ထွက်သွားလာမှုကြောင့် ပတ်ဝန်းကျင်ရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ထိန်းသိမ်းထားသည့်အမွေအနှစ်ဆိုင်ရာနေရာများ၊ အနီးနားပတ်ဝန်းကျင်ရှိထိခိုက်နိုင်သော တိုင်းရင်းသားလူမျိုးစုများ၏ နေထိုင်ရာနေရာများနှင့် ပိုင်ဆိုင်သောလယ်မြေ၊ ယာမြေများ ကိုထိခိုက် နိုင်သည့် အခြေအနေ | | | |

| | | | |
|---|---|---|---|
| စစ်ဆေးသူလက်မှတ် | ……...……………… | စစ်ဆေးသူလက်မှတ် | ……………………… |
| အမည် | …………………...…… | အမည် | ……………………… |
| ရာထူး | ……………………… | ရာထူး | ……………………… |
| ရက်စွဲ | ……………………… | ရက်စွဲ | ……………………… |

## ပုံစံ (ရေ - ၂) - အကြိုကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ (Feasibility Study Report)

| | |
|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည် ဖြစ်သည်။* | |
| တိုင်းဒေသကြီး/ပြည်နယ် - | ကျေးရွာအုပ်စု - |
| မြို့နယ် - | ကျေးရွာ - |
| လုပ်ငန်းအမည် - | ရက်စွဲ - |

၁။ မြေနေရာပိုင်ဆိုင်မှုဆိုင်ရာတွေ့ရှိချက်များ

၂။ သယ်ယူပို့ဆောင်ရေးဆိုင်ရာတွေ့ရှိချက်များ

၃။ ဘေးကင်းလုံခြုံမှုဆိုင်ရာတွေ့ရှိချက်များ

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ရေပေးဝေရေးလုပ်ငန်းများ**

၄။ လုပ်ငန်းခွင်အခြေအနေများဆန်းစစ်ခြင်းဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၅။ အခြားဌာနပိုင်မြေဧရိယာ၊ အခြားဌာနဆိုင်ရာမှ ဆောင်ရွက်သည့်လုပ်ငန်းများနှင့် တိုက်ဆိုင်မှု ရှိမရှိစစ်ဆေးခြင်းဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၆။ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ထိခိုက်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ

| |
|---|
| |

၇။ ရေဆိုး၊ အညစ်အကြေး၊ အမှိုက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ရေပေးဝေရေးလုပ်ငန်းများ**

၈။ စီမံကိန်းအကျိုးပြုမှုအခြေအနေများ ဆန်းစစ်ခြင်း (တိုင်းရင်းသားလူမျိုးစု၊ ဘာသာကွဲလူနည်းစု၊ နွမ်းပါး သူ၊ သက်ကြီးရွယ်အိုများအား အကျိုးပြုမှု)

| |
|---|
| |

၉။ အခြားတင်ပြလိုသည့်အချက်များ

| |
|---|
| |

ကွင်းဆင်းစစ်ဆေးခဲ့သည့်မှတ်တမ်းဓါတ်ပုံများနှင့် layout Plan ကိုနောက်ဆက်တွဲဖြင့် ဖော်ပြပါရန်

စစ်ဆေးသူလက်မှတ် ......................................

အမည် ......................................

ရာထူး ......................................

ရက်စွဲ ..............................................

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ရေပေးဝေရေးလုပ်ငန်းများ**

# ပုံစံ (ရေ- ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ

| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည် ဖြစ်သည်။* | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| လုပ်ငန်းခွဲအမည် | |
| အကျိုးပြုဦးရေ | |

**စီမံကိန်းလုပ်ငန်းခွဲအကြောင်း**

☐ ပြုပြင်ခြင်း

☐ တိုးချဲ့ခြင်း

☐ အသစ်ဆောက်လုပ်ခြင်း

**ရေပေးရေးအမျိုးအစား**

☐ တွင်းနက်

☐ တွင်းတိမ်

☐ လက်တူးတွင်း

☐ မြေသားရေကန်

☐ စိမ့်စမ်းရေသွယ်

☐ ရေလှောင်ကန်

☐ အခြား (ပိုက်သွယ်တန်းခြင်း၊ ရေစက်ရုံ၊အင်ဂျင်၊ မော်တာ၊ ခြံစည်းရိုး...)

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိစစ်မှု**

| စဉ် | စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | **သဘာဝပတ်ဝန်းကျင်**<br>(က)စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်မည့် နေရာတွင် သစ်ပင် ခုတ်လှဲရန်<br>➢ ခုတ်လှဲရမည်ဆိုပါက သစ်ပင်အရေအတွက်.........<br>➢ သစ်ပင်တစ်ပင်ခုတ်လှဲပါက အနည်းဆုံး (၇-၁၀) ပင် ပြန်လည်စိုက်ပျိုးပေး ရမည်။<br>(ခ) သစ်တောဧရိယာအတွင်း ကျရောက်မှု<br>➢ စီမံကိန်းဆောင်ရွက်မည့်နေရာသည်သစ်တော | | | |

 **ပုံစံ - ၃ (က)**

| စဉ် | စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | ဧရိယာအတွင်းကျရောက်နေပါက သစ်တောဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်ဖြစ် သည်။ | | | |
| | (ဂ) စိမ့်မြေ၊ ရာသီအလိုက် ရေလွှမ်းမိုးသော မြေများ | | | |
| | (ဃ) သဘာဝရေကန် | | | |
| | (င) မြစ်/ချောင်း<br>➢ တည်ဆောက်ရေးလုပ်ငန်းများကြောင့် အနီးအနားရှိ မြစ်/ချောင်းများ၏ ရေလမ်း ကြောင်း၊ မျက်နှာ ပြင်ရေဇလဗေဒ ပြောင်းလဲမှု၊ မြေတိုက်စားမှု ကြောင့် မြစ်ချောင်းတိမ်ကောမှုများ မဖြစ်ပေါ်စေရန် အထူးအလေးထား ဆောင်ရွက်ရမည်။ | | | |
| ၂။ | **ကာကွယ်ထားသော ဧရိယာ**<br>(က)စီမံကိန်းလုပ်ငန်းခွဲဧရိယာသည် ကာကွယ်ထားသော ဧရိယာ(အမျိုးသားဥယျာဉ် ၊အမျိုးသားကာကွယ်တော၊ ဘေးမဲ့တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေစသည်) ထိစပ်ကျ ရောက်နေမှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာဆောင်ရွက်သွားရ မည်ဖြစ်သည်။ | | | |
| | **(ခ)** စီမံကိန်းလုပ်ငန်းခွဲဧရိယာသည် ဇီဝမျိုးစုံ မျိုးကွဲများ တည်ရှိရာ ဧရိယာတွင် ထိစပ်ကျရောက်နေမှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာ ဆောင်ရွက် သွားရမည်ဖြစ်သည်။ | | | |
| | | | | |

ရေပေးဝေရေးလုပ်ငန်းများ **ပုံစံ - ၃ (ခ)**

| စဉ် | စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၃။ | **မြေဆီလွှာ**<br>(က) မြေဆီလွှာတိုက်စားခြင်း | | | |
| | (ခ) မြေပြိုခြင်း<br>➢ လုပ်ငန်းခွဲအနီးနားတွင် မြေပြိုနိုင်သည်များ ရှိပါက မိုးရာသီမတိုင်မီ ရေတိုက်စားမှု ကာကွယ်သည့် နည်းစနစ်များအတိုင်း ဆောင်ရွက်ရမည်။ အကြီးမြန်သည့် အပင်များအား စိုက်ပျိုးပေးရမည်။<br>➢ သစ်ပင်မစိုက်ပျိုးမှီကာလအတွင်း ရေကြောင်းလွှဲခြင်း၊ယာယီတိုက်စားမှု ကာကွယ်နည်းများ ဆောင်ရွက်ထားရှိရမည်။ | | | |
| ၄။ | **ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုဇရိယာ**<br>(က) လုပ်ငန်းခွဲသည် ဒေသဆိုင်ရာ ရှေးဟောင်း သမိုင်းဝင်ယဉ်ကျေးမှု ဇရိယာအတွင်း (ဘုရား စေတီ၊ အမှတ်ရ အဆောက်မေ့ဖွယ် အဆောက်အဦနှင့် သင်္ချိုင်းဂူများ) ထိစပ်ကျရောက်မှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာ ဆောင်ရွက်သွားရမည်ဖြစ်သည်။ | | | |
| ၅။ | **သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု**<br>(က) လုပ်ငန်းခွဲကြောင့် မြေ၊ ရေ၊ လေထု ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်း | | | |
| | (ခ) ခဲပါဝင်သောသုတ်ဆေးများ၊ ကျောက်ဂွမ်းပါဝင်သောကျောက်ပြားများ (Asbestos Cement Sheet) အသုံးပြုမှု | | | |
| | (ဂ) လုပ်ငန်းများဆောင်ရွက်ရာတွင် စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှု<br>➢ “ရှိ” သည်ဟုဖြေပါကစွန့်ပစ်ရန်သင့်တော်သော နေရာကိုအများပိုင် နေရာတွင်သတ်မှတ်ထား | | | |

| စဉ် | စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | ခြင်း နှင့် စွန့်ပစ်စနစ်စီစဉ်ဆောင်ရွက် ထားရှိရမည်ဖြစ်သည်။ စီစဉ်ဆောင်ရွက်ထားခြင်း မရှိပါကလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။ | | | |
| ၆။ | **ရေအရည်အသွေး**<br>(က) လုပ်ငန်းခွဲသည် ရေအရင်းအမြစ်အား ထိခိုက်နိုင်မှု | | | |
| | (ခ) တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေးဝန်ထမ်းများနေထိုင်သည့် နေရာများမှ ထွက်ရှိသည့် စီးဆင်းရေ၊ အမှိုက်များကြောင့် အနီးအနားရှိ မြစ်၊ ချောင်းများနှင့် ရေရရှိသော နေရာများ၏ ရေအရည်အသွေး ထိခိုက်မှု | | | |
| | (ဂ)ရေအရည်အသွေးကောင်းမွန်မှု<br>➢ ရေအရင်းအမြစ်နှင့် မိလ္လာကန်အနည်းဆုံး ပေ (၅ဝ) ကွာဝေးရမည်။<br>➢ ရေကိုစတင်အသုံးမပြုမီ ရေအရည်အသွေးကို စစ်ဆေးရမည်ဖြစ်ပြီး အသုံးပြုရန် သင့်တော်မှသာအသုံး ပြုရမည်ဖြစ်သည်။<br>➢ ရေထွက်အရင်းအမြစ်အား ညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အမှိုက်/သစ်ရွက်များ မကျစေရန် အဖုံး/အမိုးမိုးထားခြင်း၊ခြံစည်းရိုးကာရံခြင်းများ ဆောင်ရွက်ရမည်။ | | | |
| ၇။ | **စိုက်ပျိုးမြေနှင့် နေအိမ်အဆောက်အဦ ပျက်စီးမှု**<br>(က) စိုက်ပျိုးမြေဧရိယာအတွင်း ဆောက်လုပ်ခြင်း | | | |
| | (ခ) နေအိမ်အဆောက်အဦများ ထိခိုက်နိုင်မှု | | | |

အထက်ဖော်ပြပါ မေးခွန်းတစ်ခု၏ အဖြေသည် “ရှိ” သည်ဟုဆိုပါက အသေးစိတ်ဖော်ပြရန်နှင့် အကာအကွယ်စစ်ဆေးချက်အရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်ပါက သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်(Environmental Management Plan) ကိုရေးဆွဲ၍ သက်ရောက်မှုအပေါ် ခံနိုင်ရည်ရှိစေရေး ပြင်ဆင်ရမည်။

## လူမှုပတ်ဝန်းကျင်ဆိုင်ရာ စိစစ်မှု

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်မှု | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
၁။ မြေနေရာပိုင်ဆိုင်မှုဆိုင်ရာတွေ့ရှိချက်များ

၂။ သယ်ယူပို့ဆောင်ရေးဆိုင်ရာတွေ့ရှိချက်များ

၃။ ဘေးကင်းလုံခြုံမှုဆိုင်ရာတွေ့ရှိချက်များ

၄။ လုပ်ငန်းခွင်အခြေအနေများဆန်းစစ်ခြင်းဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၅။ အခြားဌာနပိုင်မြေဧရိယာ၊ အခြားဌာနဆိုင်ရာမှ ဆောင်ရွက်သည့်လုပ်ငန်းများနှင့် တိုက်ဆိုင်မှု ရှိမရှိစစ်ဆေးခြင်းဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

၆။ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ထိခိုက်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ

| |
|---|
| |

၇။ ရေဆိုး၊ အညစ်အကြေး၊ အမှိုက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတွေ့ရှိချက်များ

| |
|---|
| |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်မီးလင်းရေးလုပ်ငန်းများ**

၈။ စီမံကိန်းအကျိုးပြုမှုအခြေအနေများဆန်းစစ်ခြင်း(တိုင်းရင်းသားလူမျိုးစု၊ ဘာသာကွဲလူနည်းစု၊ နွမ်းပါး သူ၊ သက်ကြီးရွယ်အိုများအား အကျိုးပြုမှု)

| |
|---|
| |

၉။ အခြားတင်ပြလိုသည့်အချက်များ

| |
|---|
| |

ကွင်းဆင်းစစ်ဆေးခဲ့သည့်မှတ်တမ်းဓါတ်ပုံများနှင့် Layout Plan ကိုနောက်ဆက်တွဲဖြင့် ဖော်ပြပါရန်

စစ်ဆေးသူလက်မှတ် ......................................

အမည် ......................................

ရာထူး ......................................

ရက်စွဲ ..............................................

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်မီးလင်းရေးလုပ်ငန်းများ**

## ပုံစံ (မီး - ၃) - အကာအကွယ် စစ်ဆေးချက်ပုံစံ

| | |
|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးချိန်တွင် ဖြည့်သွင်းရမည် ဖြစ်သည်။* | |
| တိုင်းဒေသကြီး/ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| လုပ်ငန်းခွဲအမည် | |
| အတိုင်းအတာ/ ထုတ်လုပ်မည့်ပမာဏ | |
| အကျိုးပြုအိမ်ခြေ | |
| အကျိုးပြုဦးရေ | |
| ခန့်မှန်းကုန်ကျငွေ | |

**စီမံကိန်းလုပ်ငန်းခွဲအကြောင်း**

☐ ပြုပြင်ခြင်း

☐ တိုးချဲ့ခြင်း

☐ အသစ်ဆောက်လုပ်ခြင်း

**မီးလင်းရေးလုပ်ငန်းအမျိုးအစား**

☐ ဓာတ်အားလိုင်းတိုးချဲ့ခြင်း

☐ ရေအားလျှပ်စစ်

☐ အင်ဂျင်စနစ်

☐ ဇီဝဓာတ်ငွေ့စနစ်

☐ ဆိုလာစနစ်

☐ အခြား

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိစစ်ချက်**

| စဉ် | သဘာဝပတ်ဝန်းကျင်စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | **သဘာဝပတ်ဝန်းကျင်**<br>(က) စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်မည့် နေရာတွင် သစ်ပင် ခုတ်လှဲရန်<br>➢ ခုတ်လှဲရမည်ဆိုပါက သစ်ပင်အရေအတွက်.........<br>➢ သစ်ပင်တစ်ပင်ခုတ်လှဲပါက အနည်းဆုံး (၇-၁၀) ပင် ပြန်လည်စိုက်ပျိုးပေး ရမည်။ | | | |
| | (ခ) သစ်တောဧရိယာအတွင်း ကျရောက်မှု<br>➢ စီမံကိန်းဆောင်ရွက်မည့်နေရာသည် သစ်တော ဧရိယာအတွင်း ကျရောက်နေပါက သစ်တော | | | |

| စဉ် | သဘာဝပတ်ဝန်းကျင်စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | ဦးစီး ဌာန သို့ တင်ပြ၍ ခွင့်ပြုချက် ရရှိမှ သာ ဆောင်ရွက်ရမည် ဖြစ်သည်။ | | | |
| | (ဂ) စိမ့်မြေ၊ ရာသီအလိုက် ရေလွှမ်းမိုးသော မြေများ | | | |
| | (ဃ) သဘာဝရေကန် | | | |
| | (င) မြစ်/ချောင်း<br>➢ တည်ဆောက်ရေးလုပ်ငန်းများကြောင့် အနီး အနားရှိ မြစ်/ချောင်းများ၏ ရေလမ်းကြောင်း၊ မျက်နှာပြင်ရေဇလဗေဒ ပြောင်းလဲမှု၊ မြေတိုက်စား မှုကြောင့် မြစ်ချောင်းတိမ်ကောမှု များ မဖြစ်ပေါ် စေရန် အထူးအလေးထား ဆောင်ရွက်ရမည်။ | | | |
| | (စ) မီးစက်ရုံတည်ဆောက်မည့် မြေနေရာသည် မြေလျှောင်ဒဏ်ခံရနိုင်သည့် ဧရိယာတွင် တည်ရှိမှု<br>➢ "ရှိ"ဟု ဖြေဆိုပါက အခြားသင့်လျော်သည့် နေရာသို့ ပြောင်းရွှေ့ရွေးချယ်ရန်စဉ်းစားရမည်။ | | | |
| ၂။ | **ကာကွယ်ထားသော ဧရိယာ**<br>(က)စီမံကိန်းလုပ်ငန်းခွဲဧရိယာသည် ကာကွယ်ထား သောဧရိယာ (အမျိုးသားဥယျာဉ်၊ အမျိုးသားကာ ကွယ်တော၊ ဘေးမဲ့တောများ၊ သဘာဝထိန်းသိမ်း ရေးနယ်မြေ စသည်) ထိစပ်ကျရောက်နေမှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာ ဆောင် ရွက်သွားရမည်ဖြစ်သည်။<br>(ခ) စီမံကိန်းလုပ်ငန်းခွဲဧရိယာသည် ဇီဝမျိုးစုံမျိုးကွဲ များ တည်ရှိရာဧရိယာတွင် ထိစပ်ကျရောက် နေ မှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာဆောင်ရွက် သွားရမည်ဖြစ်သည်။ | | | |

| စဉ် | သဘာဝပတ်ဝန်းကျင်စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၃။ | **မြေဆီလွှာ**<br>(က) မြေဆီလွှာတိုက်စားခြင်း | | | |
| | (ခ) မြေပြိုခြင်း<br>➢ လုပ်ငန်းခွဲအနီးနားတွင် မြေပြိုနိုင်သည်များ ရှိပါက မိုးရာသီမတိုင်မီ ရေတိုက်စားမှု ကာကွယ်သည့် နည်းစနစ်များအတိုင်း ဆောင်ရွက်ရမည်။ အကြီးမြန်သည့်အပင်များအား စိုက်ပျိုးပေးရမည်။<br>➢ သစ်ပင်မစိုက်ပျိုးမှီကာလအတွင်း ရေကြောင်းလွှဲခြင်း၊ယာယီတိုက်စားမှု ကာကွယ်နည်းများ ဆောင်ရွက်ထားရှိရမည်။ | | | |
| ၄။ | **ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုဧရိယာ**<br>(က) လုပ်ငန်းခွဲသည် ဒေသဆိုင်ရာ ရှေးဟောင်း သမိုင်းဝင်ယဉ်ကျေးမှု ဧရိယာအတွင်း (ဘုရားစေတီ၊ အမှတ်ရ အောက်မေ့ဖွယ် အဆောက်အဦနှင့် သင်္ချိုင်းဂူများ) ထိစပ်ကျရောက်မှု<br>➢ ထိစပ်ကျရောက်နေပါက သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။ | | | |
| ၅။ | **သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု**<br>(က)လုပ်ငန်းခွဲကြောင့် မြေ၊ ရေ၊ လေထု ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်း<br>➢ ဒီဇယ်အင်ဂျင်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အိတ်ဇောပိုက်များမှ ထွက်ရှိသောဓါတ်ငွေ့များသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သောကြောင့် လူနေအိမ်၊ အဆောက်အဦရှိရာဘက်သို့ ဓါတ်ငွေ့များ မရောက်စေရန် ရှောင်ရှားရမည်။ | | | |

| စဉ် | သဘာဝပတ်ဝန်းကျင်စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | (ခ) ခဲပါဝင်သောသုတ်ဆေးများ၊ ကျောက်ဂွမ်းပါဝင်သော ကျောက်ပြားများ (Asbestos Cement Sheet) အသုံးပြု မှု | | | |
| | (ဂ) လုပ်ငန်းများဆောင်ရွက်ရာတွင် စွန့်ပစ်ပစ္စည်းများထွက်ရှိမှု<br>➢ "ရှိ" သည်ဟုဖြေပါက စွန့်ပစ်ရန်သင့်တော်သော နေရာကိုအများပိုင် နေရာတွင် သတ်မှတ်ထားခြင်း နှင့် စွန့်ပစ်စနစ်စီစဉ်ဆောင်ရွက် ထားရှိရမည်ဖြစ်သည်။<br>➢ "မရှိ" ဟုဖြေပါက လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။ | | | |
| | (ဃ) တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေး ဝန်ထမ်းများ နေထိုင်သည့် နေရာများမှ ထွက်ရှိသည့် စီးဆင်းရေ/အမှိုက်များကြောင့် အနီးအနားရှိ မြစ်/ ချောင်း/ရေအရင်းအမြစ်များ၏ ရေအရည်အသွေး ထိခိုက်မှု | | | |
| ၆။ | **ရေအရည်အသွေး**<br>(က) လုပ်ငန်းခွဲသည် ရေအရင်းအမြစ်အား ထိခိုက်နိုင် မှု | | | |
| | (ခ) တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေး ဝန်ထမ်းများနေထိုင်သည့် နေရာများမှ ထွက်ရှိသည့် စီးဆင်းရေ၊ အမှိုက်များကြောင့် အနီးအနားရှိ မြစ်၊ချောင်းများနှင့် ရေရရှိသော နေရာများ၏ ရေအရည်အသွေးထိခိုက်မှု | | | |
| ၇။ | **စိုက်ပျိုးမြေနှင့် နေအိမ်အဆောက်အဦ ပျက်စီးမှု**<br>(က) စိုက်ပျိုးမြေဧရိယာအတွင်း ဆောက်လုပ်ခြင်း | | | |
| | (ခ) နေအိမ်အဆောက်အဦများ ထိခိုက်နိုင်မှု | | | |

အထက်ဖော်ပြပါ မေးခွန်းတစ်ခု၏ အဖြေသည် "ရှိ" သည်ဟုဆိုပါက အသေးစိတ်ဖော်ပြရန်နှင့် အကာအကွယ်စစ်ဆေးချက်အရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်ပါက သဘာဝပတ်ဝန်းကျင်

စီမံခန့်ခွဲမှု အစီအစဉ်(Environmental Management Plan) ကိုရေးဆွဲ၍ သက်ရောက်မှုအပေါ် ခံနိုင်ရည်ရှိစေရေး ပြင်ဆင်ရမည်။

## လူမှုပတ်ဝန်းကျင်ဆိုင်ရာ စိစစ်ချက်

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာလူထုနှင့်သုံးသပ်အကြံပြုဆွေးနွေးခြင်း<br>➢ "ရှိ"သည်ဟုဖြေပါက ကျေးရွာလူထုသို့ စီမံကိန်း ဆောင်ရွက်မည့်အပေါ် စီမံကိန်းအကြောင်း ချပြ ရှင်းလင်းမှုများ၊ ဆွေးနွေးမှုများ အနည်းဆုံး တစ်ကြိမ် နှင့်အထက်ပြုလုပ်ရမည်။<br>➢ "ရှိ"သည်ဟုဖြေပါက အိမ်ထောင်စုသုံးများနှင့် စက်မှု လုပ်ငန်းသုံး (PEU)များအတွက် ဓာတ်အား ခနှုန်းထားများပြည်သူထည့်ဝင်ရမည့်ပမာဏ၊ ကျေးရွာအတွင်း လမ်းမီးများ ညီမျှစွာ တပ်ဆင်မှု၊ အများပိုင်အဆောက်အဦများအတွက် လျှပ်စစ် ဓာတ်အားချိတ်ဆက်မှု နှင့် ဓာတ်အားခနှုန်းထား များ (သို့) FOCယူနစ် မည်မျှ အခမဲ့ ပေးမည်အား သေချာစွာ ချပြရှင်းလင်း ဆွေးနွေး ရန်။<br>➢ "မရှိ"ဟု ဖြေဆိုပါက စီမံကိန်းလုပ်ငန်းအား ဆက်လက် ဆောင်ရွက်ခြင်းမပြုရ။ | | | |
| ၂။ | ကျေးရွာလူထုမှ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအပေါ် သဘောတူညီမှုအခြေအနေ<br>➢ "ရှိ"ဟု ဖြေဆိုပါက ကျေးရွာရှိ အိမ်ခြေအရေ အတွက် (၅၀)%နှင့် အထက် ကျော်လွန်ရပါမည်။<br>➢ "မရှိ"ဟု ဖြေဆိုပါက စီမံကိန်းလုပ်ငန်းအား ဆက် လက် ဆောင်ရွက်ခြင်းမပြုရ။ | | | |
| ၃။ | ကျေးရွာလူထုအတွင်းရှိ အုပ်စုတစ်ခုခုက စီမံကိန်းနှင့် ပတ်သက်၍ ကန့်ကွက်မှု (သို့) သံသယရှိမှု<br>➢ "မရှိ"ဟု ဖြေဆိုပါက စီမံကိန်းလုပ်ငန်းအား အကောင် အထည်ဖော် ဆောင်ရွက်နိုင်ပါသည်။<br>➢ "ရှိ"ဟုဖြေဆိုပါက ထိုကန့်ကွက်ချက်များ (သို့) | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | သံသယများအား ပွင့်လင်းမြင်သာစွာ ဆွေးနွေး ညှိနှိုင်းပြီး သဘောတူညီမှုရမှသာ ဆောင်ရွက်ရန်။ | | | |
| ၄။ | လုပ်ငန်းခွဲသည် ပုဂ္ဂလိကပိုင် မြေ၊ စိုက်ခင်း၊ အိမ်ရာ၊ အခြားပိုင်ဆိုင်မှုများကို အမြဲတမ်း(သို့) ယာယီ အသုံးပြုရန်<br>➢ "ရှိ"သည်ဟုဖြေပါက ဆန္ဒအလျောက် မြေယာလှူဒါန်းမှုများ ဆောင်ရွက်ပြီးမှသာလျှင် လုပ်ငန်းအား စတင် ဆောင်ရွက်ရမည်ဖြစ်သည်။ | | | |
| ၅။ | မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှု ရှိသော မြေပေါ်တွင် အခြေခံ အဆောက်အဦးများကို တိုးချဲ့ဆောက် လုပ်ခြင်း(သို့) ပြုပြင်ခြင်း (သို့) အသစ်တည်ဆောက်ခြင်း<br>➢ "ရှိ"သည်ဟုဖြေပါက ထိုဧရိယာတွင် စီမံကိန်း လုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။ | | | |
| ၆။ | လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဆူညံသံများထွက်ရှိမှု<br>➢ ဆူညံမှု အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ထား ရှိရမည်။ | | | |
| ၇။ | စီမံကိန်းလုပ်ငန်းများတွင်အသက်(၁၈) နှစ်အောက် ကလေး များပါဝင်ခြင်း<br>➢ ရှိသည်ဟု ဖြေပါက အသက်(၁၅)နှစ်အထက်နှင့် (၁၈) အောက် ကလေးများအား အန္တရာယ် ရှိသော လုပ်ငန်းခွင်များ (သို့) ပညာရေး၊ ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုပတ်ဝန်း ကျင်ဆိုင်ရာ တိုးတက်မှုများအား ထိခိုက်စေနိုင် သော လုပ်ငန်းများတွင် ခိုင်းစေခြင်း မပြုရ။ | | | |
| ၈။ | ခြံစည်းရိုးကာရံခြင်းလုပ်ငန်းသည် အများပြည်သူ သွားလာ ရန်အတွက် အဟန့်အတားဖြစ်ခြင်း<br>➢ "ရှိ"သည်ဟုဖြေပါက အများအသုံးပြုခွင့်ဆိုင်ရာ ဥပဒေများကိုလိုက်နာ၍ အားလုံးပါဝင်သော ဆွေးနွေး မှုများပြုလုပ်ပြီး ခြံစည်းရိုးတွင် | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | သင့်လျော်သော တံခါး ပေါက်တပ်ဆင်ရန် ကျေးရွာလူထုမှ သဘောတူညီ ချက်များနှင့် စာရွက်စာတမ်းများ ပြုလုပ်ထားရမည် ဖြစ်သည်။ | | | |
| ၉။ | လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာ လူထု အလုပ်အကိုင်ရရှိမှု<br>➢ အကယ်၍ ကျေးရွာလူထုဖြင့် လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ပါက တူညီသောလုပ် ငန်းအတွက်လုပ်အားခတူညီစွာ ပေးချေရမည် ဖြစ်သည်။<br>➢ လုပ်ငန်းအကောင်အထည်ဖော်ခြင်းအား ကျေး ရွာ လူထုဖြင့်ဆောင်ရွက်ပါက လုပ်သား နှစ်မျိုး (ကျွမ်းကျင်လုပ်သား/ ရိုးရိုးလုပ်သား) ဖြင့် ဆောင်ရွက်ရမည်။ | | | |
| ၁၀။ | ကျေးရွာတွင် အများစုနေထိုင်သည့်လူမျိုးများအပြင် အခြား တိုင်းရင်းသား မျိုးနွယ်စုများ နေထိုင်မှု "ရှိ" သည်ဟုဖြေပါက အားလုံးကျိုးခံစားခွင့်ရှိရ မည်။ | | | |
| ၁၁။ | လုပ်သားကျန်းမာရေး နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်း ရှင်းရေး<br>➢ လုပ်သားများအတွက် အကာအကွယ်ပစ္စည်း (PPE) များ ထောက်ပံ့ပေးရမည်။<br>➢ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ အလင်းရောင် ကောင်းစွာရရှိပြီး အလုပ်သမားများနှင့် ပတ်ဝန်း ကျင်ရှိလမ်းသွားလမ်းလာများ လုံခြုံမှုရရှိစေရန် ဆောင်ရွက်ထား ရှိရမည်။<br>➢ လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ခေါင်းပုံဖြတ်ခြင်း နှင့် အလွဲသုံးစား ပြုလုပ်ခြင်း များ လုံးဝမရှိစေရေး အထူးအလေးထား ဆောင်ရွက်ရမည်။<br>➢ အလုပ်သမားများအတွက် အလုပ်သမား အိမ် ယာများနှင့်ထိုရေိယာအတွင်း ရေအသုံးပြုမှုနှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရန် စီစဉ် | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၁၁။ | ထားရှိရမည်။<br>➢ ကန်ထရိုက်တာများအနေဖြင့် ဆောက်လုပ်နေစဉ် အတွင်းနှင့် လည်ပတ်နေစဉ်အတွင်း မီးဘေး၊ ပေါက်ကွဲမှု (သို့) အခြားအရေးပေါ် အခြေအနေများအတွက်အစီအစဉ်များ ဆောင်ရွက်ထားရှိရမည်။<br>➢ စီမံကိန်းလည်ပတ်ခြင်း နှင့် ပြုပြင် ထိန်းသိမ်းခြင်း၊ အိမ်ထောင်စုအသုံးပြုသူများ တွင် ကျန်းမာရေး၊ ဘေးကင်းရေးကိစ္စရပ်များ နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း၊ လျှပ်စစ်မီးအသုံးပြုမှုသင်တန်း များ ပို့ချပေးရမည်။<br>➢ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက် နေစဉ်ကာလအတွင်း ဝင်ရောက်မည့်သူများ ရှိခဲ့လျှင် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်း ရှင်းခြင်းဆိုင်ရာ ကိစ္စရပ်များအား ကျေးရွာလူထုသို့ အသိပေးထားရှိရမည်။ | | | |
| ၁၂။ | မီးလင်းရေးအစီအစဉ် (Mini-grid (သို့) Solar Home System) တွင် အိမ်ထောင်စုအားလုံးပါဝင်မှု<br>➢ "ရှိ"ဟုဖြေဆိုပါက ကျေးရွာအတွင်းရှိ အိမ်ထောင်စုအားလုံးသည် မီးလင်းရေး အစီအစဉ်တွင် ပါဝင်မှုရှိ ရမည်။<br>➢ "မရှိ"ဟု ဖြေဆိုပါက ကျန်ရှိသည့် အိမ်ထောင်စုများအား "Mini-grid အစီအစဉ်တွင် ပါဝင်ခြင်းမရှိသော အိမ်ထောင်စုများပုံစံ"တွင် ဖြည့်စွက်၍ မှတ်တမ်းရယူထားရှိရမည်။ | | | |
| ၁၃။ | ဝေဖန်အကြံပြုတိုင်ကြားမှု ဖြေရှင်းခြင်းနည်းလမ်း (Grievance Redress Mechanism)<br>➢ "ရှိ"ဟုဖြေပါက အောက်ပါအချက်များကို လိုက်နာ ဆောင်ရွက်ထားရမည်။<br>➢ ကျေးရွာလူထုသို့ မီးလင်းရေးစီမံကိန်းနှင့် ပတ်သက်၍ အကြံပြုတိုင်ကြားမှု ဖြေရှင်းခြင်း နည်း | | | |

| စဉ် | လူမှုပတ်ဝန်းကျင် စိစစ်ချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| | လမ်း အကြောင်း ရှင်းပြထားရှိရန်။<br>➢ လူအများမြင်နိုင်သည့် နေရာများ (ကျေးရွာ အစည်းအဝေးခန်း၊ ကြော်ငြာသင်ပုန်း ကဲ့သို့သော)တွင် အကြံပြုတိုင်ကြားမှု ဖြေရှင်းခြင်း နည်းလမ်းနှင့် ပတ်သက်သော စာတိုက်ပုံး၊ လက်ကမ်းစာဆောင်များ၊ ပိုစတာများ ချိတ်ဆွဲထားရန်။<br>➢ မှတ်ချက်များနှင့် အကြံပြုတိုင်ကြားစာများ လက်ခံနိုင်ရန် တာဝန်ခံအဖြစ် ကျေးရွာမီးလင်းရေးကော်မတီ(VEC)ဝင် တစ်ဦးအား ရွေးချယ်ထားရှိရမည်။<br>မေးခွန်းများ၊ မှတ်ချက်များနှင့် စောဒကများအတွက် အခြားဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ (မြို့နယ်ကျေးလက်၊ တာဝန်ယူဆောင်ရွက်ပေးသည့်ကုမ္ပဏီ)များအကြောင်း ကျေးရွာလူထုသို့ အသိပေးထားရှိရမည်။ | | | |
| ၁၄။ | **စီမံကိန်းလုပ်ငန်းခွဲအကျိုးပြုမှု**<br>➢ အမျိုးသမီးများအကျိုးခံစားရရှိခြင်း | | | |
| | ➢ တိုင်းရင်းသား လူနည်းစုအကျိုးခံစားရရှိခြင်း | | | |
| | ➢ ဘာသာကွဲလူနည်းစုအကျိုးခံစားရရှိခြင်း | | | |
| | ➢ အခြားအုပ်စုများ အကျိုးခံစားရခြင်း(ဥပမာ- နွမ်းပါးသူများ၊ သက်ကြီးရွယ်အိုများ) | | | |
| အုပ်စုတစ်ခုတိုင်းအတွက် "ရှိ" လျှင်မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိကြောင်းနှင့် "မရှိ" လျှင်မည့်သည့်အတွက်ကြောင့် အကျိုးသက်ရောက်မှုမရှိကြောင်းအသေးစိတ်ရှင်းလင်းပါ။ | | | | |

| | | | |
|---|---|---|---|
| လက်မှတ် | - | လက်မှတ် | - |
| အမည် | - | အမည် | - |
| ရာထူး | - | ရာထူး | - |
| ရက်စွဲ | - | ရက်စွဲ | - |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်မီးလင်းရေးလုပ်ငန်းများ

# ပုံစံ (မီး - ၄) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှု စစ်ဆေးချက်ပုံစံ

| | |
|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို လုပ်ငန်းများကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန် တွင် ဖြည့်သွင်းရမည်ဖြစ်သည်။* | |
| ပြည်နယ်/တိုင်းဒေသကြီး - | ကျေးရွာ - |
| မြို့နယ် - | လုပ်ငန်းအမည် - |
| ကျေးရွာအုပ်စု - | အတိုင်းအတာ - |

၁။ **ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ**

| **ကိစ္စရပ်** | **သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု** | **အသုံးချနိုင်သော ကိစ္စရပ်ကို အမှန်ခြစ်ပါ** | **အသုံးချနိုင်သော ကိစ္စရပ်ကို အောက်ဖော်ပြပါ ကာလအတွင်း စစ်ဆေးမှုအား လက်မှတ်ထိုးရန်** | | |
|---|---|---|---|---|---|
| | | | **စီမံကိန်းလုပ်ငန်းခွဲ ပြင်ဆင်ခြင်း** | **အကောင်အထည် ဖော်ခြင်း** | **ပြုပြင် ထိန်းသိမ်း ခြင်း** |
| ဆောက်လုပ်ချိန်၌ ဆူညံခြင်း | (က) ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်း၍ အဆူညံဆုံး လုပ်ငန်းကို လူထုအား အနှောက်အယှက်ဖြစ်နိုင်ခြေ အနည်းဆုံးအချိန်တွင် လုပ်ကိုင်ဆောင် ရွက်ခြင်း<br>(ခ) ကာရံထားခြင်း/ပိတ်ဆို့ထားခြင်း/ ခြားထားခြင်း/ လမ်းလွှဲ ထားခြင်းဖြင့်လည်းကောင်း၊ အသံတိုးသောပစ္စည်းများ | | | | |

| | | | | | |
|---|---|---|---|---|---|
| | အားအသုံးပြုခြင်းဖြင့်လည်းကောင်း၊ အကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း ဆူညံမှုကို ထိန်းချုပ်ခြင်း၊<br>(ဂ) ရွာတွင်းမှဖြတ်သန်း၍ ပစ္စည်းများအား သယ်ယူပို့ ဆောင်ခြင်းကို အ နည်းဆုံးဖြစ် အောင် ဆောင်ရွက်ခြင်း၊<br>(ဃ) လူနေအိမ်ခြေနှင့် စီမံကိန်းဇုန်ကြားတွင် သစ်ပင်တန်း/ ကွက်လပ်/ စိုက်ခင်းစသည်တို့ခြားထားခြင်းဖြင့် ဆူညံမှုကို တားဆီးခြင်း၊ | | | | |
| မြေဆီလွှာ တိုက်စားခြင်း | (က) ပွင့်လင်း/ခြောက်သွေ့ရာသီတွင် ဆောက်လုပ်ခြင်း၊<br>(ခ) ကုန်းစောင်းများ/ဆင်းလျှောများ အနည်းဆုံးဖြစ်စေခြင်း၊<br>(ဂ) တိုက်စားနိုင်သော ဧရိယာများတွင် မြက်စိုက်ပေးခြင်း၊ မြေဖို့ပေးပြီး သိပ်သည်းအောင် ပြုလုပ်ခြင်း၊<br>(ဃ)ဆောက်လုပ်ရေးလုပ်ငန်းပြီးလျှင်ပြီးချင်း အပေါ်ယံ မြေဆီလွှာပြန်လည်ဖုံးအုပ်ပေးပြီးလျှင် မြက်/ကြီးမြန်သစ်ပင် /ချုံပင်/သစ်ပင်တို့အား ပြန်လည်စိုက်ပျိုး ပေးခြင်း၊<br>(င) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသောအခါ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ/ ရေလမ်းကြောင်းများ ဆောင် ရွက်ပေးခြင်း၊ | | | | |

| | | | | | |
|---|---|---|---|---|---|
| သန့်ရှင်းသောလေ | (က) လုပ်ငန်းခွင်တွင် ဖုန်မထစေရန် အချိန်မှန် ရေဖျန်းပေးရမည်၊<br>(ခ) လုပ်ငန်းခွင်သန့်ရှင်းစေရန် သစ်ရွက်ခြောက်/အမှိုက်များအား မီးမ ရှို့ရ၊<br>(ဂ) လေတိုက်သောနေ့တွင် လွင့်သွားခြင်း/ အကောင်များကြောင့်လွင့်သွားခြင်းများ မရှိစေရန် သဲ/ကျောက်တို့ဖြင့်ဖုံး/ဖိ ထားရမည်၊ | | | | |
| ရေရရှိရေးနှင့် ရေ၏အရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သောက်သုံးရေရရှိမှုနှင့် ကျန်းမာ၊ သန့် ရှင်းရေး တို့အား မထိခိုက်စေရ။<br>(ခ) ရေ၏အရည်အသွေးညံ့ဖျင်းစေနိုင်သော မိလ္လာအညစ်အကြေး၊ အမှိုက်နှင့် အဆိပ်အတောက်ဖြစ်စေသောအရာများ(သို့) အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအားရေထဲသို့ ပစ်မချရ။<br>(ဂ) သဘာဝရေစီးကြောင်းများကို ပိတ်ဆို့ခြင်း၊ လမ်းလွှဲခြင်း မပြုရ။ မြစ်ချောင်း ကြမ်းပြင်ခြောက်သွေ့စေခြင်း / အနည်ထိုင်သောင်ထွန်းခြင်းတို့ ဖြစ်တတ်သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကို ရေထဲတွင် လုပ်ကိုင်ရပါက ရေလမ်းကြောင်းနှင့် တတ်နိုင်သမျှခွဲခြားထားရမည်။ ရေစီးဝင်သည့် မြောင်းနှင့်လည်း ခွဲခြားထားရမည်။ | | | | |

| | | | | | |
|---|---|---|---|---|---|
| အမှိုက်/အဆိပ်အတောက်နှင့်အန္တရာယ်ဖြစ်စေသောပစ္စည်းများ | (က) ဆောက်လုပ်ရေး အမှိုက်သရိုက်များကို စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရမည်၊<br>(ခ) စွန့်ပစ်အမှိုက်များကို(ဖောင်ဒေးရှင်းအတွက် တူးထားသောမြေအပါအဝင်) မြစ်/ ချောင်း/ရေကန် စသည့်ရေထွက်ပင်ရင်းနှင့် အနည်းဆုံး မီတာ(၃၀၀)၊ (ပေအားဖြင့်၁၀၀၀)ကွာဝေးသောနေရာများတွင် ထိန်းသိမ်းထားရမည်၊<br>(ဂ) ဆီဖြည့်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများပြောင်းရွှေ့ခြင်းတို့ကို လူနေအိမ်ခြေနှင့် ဝေးရာတွင်ဆောင်ရွက်ရမည်။ ရေမြောင်းမှ မီတာ(၅၀)၊ ပေ(၁၆၅) နှင့် အဓိကကျသော ရေထွက်ပင်ရင်းမှ မီတာ (၁၀၀)၊ ပေ(၃၃၀) ကွာ ဝေးရမည်။<br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများအားပြောင်းရွှေ့မည့် အလုပ်သမားများကိုလည်း လက်အိတ်၊ ဖိနပ်၊ ခါးစည်း အဝတ်၊ မျက်မှန် နှင့်အခြား ကာကွယ်ရေးပစ္စည်းများအား အသုံးပြုတတ်အောင် ပညာပေး/လေ့ကျင့်ပေးရ မည်။<br>(င) အသေးစားပြုပြင်ထိန်းသိမ်းရေးပစ္စည်းများဖြစ်သော ဆီပေအဝတ်၊ဆီစစ်၊ဆီအဟောင်းများအား စနစ်တကျ စွန့်ပစ်ရမည်။ မြေအောက်ရေနှင့် မြေကြီးကို ညစ်ညမ်းမှု | | | | |

| | | | | | |
|---|---|---|---|---|---|
| | ဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်း အကျန်များကို မြေထုနှင့် ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။ အကယ်၍ ကျေးလက်လူထုသည် မလွဲမရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသော စွန့်ပစ်မှုစနစ်ကို ကျင့်သုံးရမည်။(ဥပမာ-သုံးစွဲပြီး ဆီများကို လောင်စာအဖြစ်အသုံးပြုခြင်း၊ ကြမ်းတိုက်ခြင်း၊ ရေနံချေးနှင့် ရောစပ်၍ အသုံးပြုခြင်း) | | | | |
| ကျန်းမာရေးနှင့် အန္တရာယ်ကင်း ရှင်းရေး | (က) လူထုထိခိုက်မှုအား ရှောင်ရှားနိုင်စေရေး အတွက် ဆွေးနွေးညှိနှိုင်းမှုများကို စီမံကိန်း အကောင်အထည်ဖော်မှုအစီအစဉ် ရေးဆွဲစဉ်ကတည်းက အောက်ပါ အချက်များကို ထည့်သွင်း စဉ်းစားရန် လိုအပ် သည်-<br>(၁) လုပ်ငန်းခွင်နေရာ- လူမှုထိခိုက်နိုင်ချေရှိသည့် အရာများကို ဖယ်ရှားခြင်း (သို့မဟုတ်) သတိပေးဆိုင်းဘုတ်ထားရှိခြင်း၊<br>(၂)လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးလုပ်သားများ - ဆောက်လုပ်ရေး လုပ်သားများသည် သက်ဆိုင်ရာ လုပ်ငန်း အမျိုးအစားအလိုက် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်မှု ရှိရန်လိုအပ် ခြင်း၊<br>(၃)အသုံးပြုသောစက်ယန္တရားများ- စက်ယန္တရားများအား ကျွမ်းကျင်စွာ အသုံးပြုနိုင်မှု ရှိ/မရှိ စစ်ဆေး | | | | |

| | | | | | |
|---|---|---|---|---|---|
| | ခြင်း၊အဆိုပါ ယန္တရားများကို လုံခြုံစိတ်ချစွာ အသုံးပြုမှုနည်းစနစ်ဆိုင်ရာ ကျွမ်းကျင်မှု အသိပညာ လိုအပ်ခြင်း ရှိ/မရှိ စစ်ဆေး ခြင်း၊<br>(ခ) အလုပ်သမားများအား ဦးထုပ်၊ လက်အိတ်၊ ဖုန်ကာကွယ်သည့် မျက်နှာဖုံး၊ ဖိနပ်၊ ခါးစည်းအဝတ်၊မျက်မှန်စသည့် ကာကွယ်ရေး ပစ္စည်းများ ပံ့ပိုးပေးရမည်။<br>(ဂ) မြေပြင်မှ ၂ မီတာအထက်မြင့်သော ဆောက်လုပ်ရေးလုပ်ငန်းခွင် များအတွက် အောက်ဖော်ပြပါ အတိုင်း အတာ များကို လိုက်နာပါ။<br>(ဃ) အောက်ခြေမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံးလုပ်ဆောင်ရမည်။<br>(င) အမြင့်တွင်လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မျက်လုံး စွေစောင်းသူများ၊ နာတာရှည်ရောဂါသည်များဖြစ်သည့် အရိုးပွရောဂါ ခံစားနေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင် ရောဂါ (သို့) ပါကေဆန်ရောဂါခံစားနေရသူများ၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သွေးတိုးကျဆေး စသည်တို့ကို သုံးစွဲနေရသော ရောဂါဝေဒနာရှင်များနှင့် လွန်ခဲ့သော (၁၂)လအတွင်း ထိခိုက်ဒဏ်ရာရရှိသူများ အား လုပ်ဆောင်ခွင့် မပြုပါ။<br>(စ) အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သောသူများကို | | | | |

| | | | | | |
|---|---|---|---|---|---|
| | လုပ်ကိုင် ခွင့်ပြုသည်။<br>(ဆ) အမြင့်တွင်လုပ်ရသော အလုပ်များ (ဥပမာ- အမိုး) များတွင် လုပ်ဆောင်ပါက အန္တရာယ်ကင်းမှု ရှိ/မရှိ စစ်ဆေးရန်။<br>(ဇ) ပြိုကျပျက်ဆီးနိုင်သော နေရာများတွင် လုပ်ဆောင်ပါကကြိုတင် သတိပေးမှုများ ပြုလုပ်ရန်။<br>(ဈ) ရေနံဆီ၊ အိမ်သုတ်ဆေးနှင့် ချော်မလဲအောင် ပြုလုပ်ထားသော မြေစာများ စသည်တို့ကို ရှင်းလင်းထား ရန်။<br>(ည) ဖြစ်နိုင်ပါက လုံခြုံရေး အကာကွယ်ပေးသည့် နည်းလမ်းများဖြစ်သည့် လုံခြုံရေးအကာအကွယ်ပစ္စည်းများ ၊ငြမ်းစင်များ ၊ ဘားတန်းများကို မြေပြင်မှ ၄ မီတာအကွာတွင် လုပ်ဆောင်သော လုပ်ငန်းများတွင် တပ်ဆင်ပေးရမည်။<br>(ဋ) လုပ်ငန်းခွင်သန့်ရှင်းရေးအား နေ့တိုင်းဆောင်ရွက်ရမည်<br>(ဌ) ငရဲမီးနှင့် အဆိပ်အတောက်ပစ္စည်းများကို လုံအောင်ပိတ်ဆို့၍လုံခြုံသောနေရာတွင်စနစ်တကျစွန့်ပစ်ရမည်။<br>(ဍ) လူနေအိမ်ခြေနှင့် ဝေးရာတွင် အလုပ်သမားများ အတွက်ကျန်းမာရေးနှင့် ညီညွတ်သည့် အိမ်သာကိုလုံလောက်စွာထားပေးရမည်။<br>(ဎ) ဆောက်လုပ်ရေး ဧရိယာနှင့် ပစ္စည်းသိုလှောင်သော နေရာ | | | | |

| | | | | | |
|---|---|---|---|---|---|
| | ကိုကြိုးတား/ ကြိုးဝိုင်းထားပြီး သတိပေးဆိုင်းဘုဒ်များ တပ်ဆင်/ပြသ ထားရမည်။ ၎င်းဧရိယာတွင် ကလေးငယ်များဆော့ ကစားခြင်းကို ခွင့်မပြုရ။<br>(ဏ) မြေယူရန်တူးထားသော တွင်းများကို ရေမဝပ်စေရန် ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် မြေပြန်ဖို့ပေး ရမည်။<br>(တ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် (ပိုးသတ်ဆေး၊ လိမ်းဆေး၊ ပတ်တီး စသည့် ဆေးဝါးအစုံအလင်ပါသည့်) ဆေးသေတ္တာ ထားရှိရမည်။ | | | | |
| အခြားသော ရှောင်ကြဉ်ရန်များ | (က) လိုအပ်သောနေရာမှအပ သစ်ပင်ခုတ်လှဲခြင်းသို့မဟုတ် သီးနှံ ခင်းများ ပျက်စီးစေခြင်း မရှိစေရ။<br>(ခ) အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ တောတိရစ္ဆာန်များ ဖမ်းယူခြင်း၊ အပင် များမှ ခူးယူခြင်း မပြုလုပ်ရ။<br>(ဂ) သုံးစွဲရန်အတည်ပြုထားသော ပစ္စည်းများမှအပ သုံးစွဲခြင်းမပြုရ။<br>(ခဲပါဝင်သောသုတ်ဆေးများ၊ကျောက်ဂွမ်းစသည်တို့ အပါအဝင်)<br>(ဃ) ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်နေရာများအား ရှောင်ကြဉ်ရမည်။ | | | | |

## ၂။ ကျေးရွာမီးလင်းရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs) လမ်းညွှန်ချက်များ

| လုပ်ငန်းအမျိုးအစား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုနှင့်ထိခိုက်မှုလျော့ပါးစေရေး | အသုံးချနိုင်သော ကိစ္စရပ်ကို အမှန်ခြစ်ပါ | အသုံးချနိုင်သော ကိစ္စရပ်ကို အောက်ဖော်ပြပါ ကာလအတွင်း စစ်ဆေးမှုအား လက်မှတ်ထိုးရန် | | |
|---|---|---|---|---|---|
| | | | စီမံကိန်း လုပ်ငန်းခွဲ ပြင်ဆင်ခြင်း | အကောင် အထည် ဖော်ခြင်း | ပြုပြင် ထိန်းသိမ်း ခြင်း |
| ဆိုလာပြားနှင့် အားသွင်းရုံ၊ အသေးစား(၃၀KW အောက်) ရေအား လျှပ်စစ်ဆိုလာ လမ်းမီးတိုင်၊ ဒီဇယ်မီးစက် (၂၀ KV အောက်) | (က) ပြုပြင်ထိန်းသိမ်းရန် လွယ်ကူရေးအတွက် မီးစက်/ရေစုပ်စက်တစ်ခုဆောက်လုပ်ထားရမည်။ ဒီဇယ်/ဓာတ်ဆီ/ စက်သုံးဆီယိုဖိတ်မှုအား ပုံမှန်ပြုပြင်ထိန်းသိမ်းပေးရန် လိုအပ်သည်၊<br>(ခ) မီးစက်၏ အိတ်ဇောပိုက်ကို နံရံရှိရာဘက်တွင်ထား၍ တပ်ဆင်ထားရမည်။အိတ်ဇောငွေ့များသည် မောင်းသူ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ မီးစက်ထားရှိရာ အနီးအနားရှိနေထိုင်သူများ လေထုညစ် ညမ်းမှုမရှိစေရန် အတွက် ၎င်းမီးစက်အနီးရှိ လူနေအိမ်ခန်း (သို့) အဆောက်အဦများရှိရာဘက်သို့ အိတ်ဇောငွေ့များ မရောက်ရှိစေရန် ရှောင်ရှားရမည်၊ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (ဂ) မီးကြိုးများကို စနစ်တကျတပ်ဆင်သွယ်တန်းခြင်းအားဖြင့် ပြုပြင်ရန် လွယ်ကူစေပြီး အန္တရာယ်လည်းကင်းရှင်းစေနိုင်ပါသည်၊<br>(ဃ) လမ်းမီးတိုင်များရှော့မဖြစ်စေရန်ဝါယာကြိုးကိုမိုးရေ တိုက်ရိုက်မထိရ။<br>(င) လမ်းမီးတိုင်ဖိနပ်ခုံအား အနည်းဆုံး (၈၀x ၈၀ စင်တီမီတာ) ထားရှိရမည်ဖြစ်ပြီး အခြားလမ်းမီးတိုင်များ၏ အောက်ခြေဖိနပ်ခုံများအတွက် အသင့်လျော်ဆုံးပမာဏ (အနိမ့်ဆုံး အနက်မှ ၆၀ စင်တ မီတာ) ရှိရမည် ဖြစ်သည်၊<br>(စ) မီးစက်တည်နေရာ -<br>(၁) မီးစက်ထားရှိသည့်တည်နေရာသည် အသံဆူညံမှု အနည်းဆုံးရှိအောင် ထားရှိရမည်။ လူနေအိမ်ရှိ နေရာများတွင် အသံဆူညံမှု လျော့နည်း စေရန် အတွက် မီးစက်နှင့် လူနေအိမ်ကြား၌ ဟင်းသီး ဟင်းရွက် စိုက်ခင်းများ၊ အရိပ်ရသစ်ပင်တန်းများ၊ နေရာလွတ်များ စသည်တို့ကဲ့သို့သော ကြားခံဇရိယာ ထားရှိရမည်။<br>(၂) ရေလွှမ်းမိုးလေ့မရှိသော နေရာများကို ဦးစားပေး ရွေးချယ်ရမည်။ | | | | |

| | | | | | |
|---|---|---|---|---|---|
| ဇီဝခာတ်ငွေ့သုံး<br>မီးစက် | (က) ပိုက်များပေါက်ပြဲ/ယိုစိမ့်မှုမရှိစေရန် သင့်လျော်သော ပြုပြင်ထိန်း သိမ်းမှုပြုလုပ်ရန် လိုအပ်သည်၊<br>(ခ) ဂက်စ်အိုး(ကန်) အနီးတွင်မီးမညှိ/မီးမခြစ်ရ။ လေဝင် လေထွက် ကောင်းမွန်/ လေသာရန်လိုအပ်သည်၊<br>(ဂ) အညစ်အကြေး/အမှိုက်သရိုက်များ၊ စွန့်ပစ်ပစ္စည်းများအား ထိတွေ့ရာ /ကိုင်တွယ်ရာတွင် အကာအကွယ်ပစ္စည်း များဖြင့် ကိုင်တွယ်ရန်လိုသည်။ ထိတွေ့ပြီးတိုင်း/ကိုင်တွယ် ပြီးတိုင်း လက်ဆေးရမည်။ အစာစားခါနီး/ သောက် ခါနီးတိုင်းလက်ဆေး/ မျက်စိများအား ဆေးကြော ပစ်ရမည်၊<br>(ဃ) ဂက်စ်အိုး(ကန်)ကို သန့်ရှင်းသပ်ရပ်စွာ ထားရှိခြင်းအားဖြင့် အနံ့ဆိုးများ ကင်းစေပြီးခြင်/ယင် ပေါက်ပွားမှုကိုလည်း ကာကွယ်နိုင်မည် ဖြစ်သည်။ | | | | |
| စပါးခွံခာတ်ငွေ့သုံး<br>(၁၅ KV အောက်)<br>မီးစက် | (က) စပါးခွံခာတ်ငွေ့လှောင်ကန်ကို ဘွိုင်လာအိုးအနီးတွင် ထား ရမည်။ အဝေး/အမြင့်တွင်ထားခြင်းဖြင့် နည်းပညာ ဆိုင်ရာ ရှုပ်ထွေးမှု၊ကုန်ကျ စရိတ်ကြီးမြင့်မှုများ ဖြစ်နိုင် သည်။<br>(ခ) ဖွဲပြာများကို မြေမြှုပ်ရန် သို့မဟုတ် မြေသြဇာအဖြစ် အသုံးပြုပစ်ရ မည်<br>(ဂ) ဖွဲပြာလှောင်ကန်သည် ရေစပ်မှပေ (၁၅ မီတာ)/ ပေ(၅၀) အကွာနှင့် ရေထွက်ပင်ရင်းနှင့်(၃၀ မီတာ)/ပေ(၁၀၀) | | | | |

| | | | | | |
|---|---|---|---|---|---|
| | ကွာဝေးရမည်။ ထိုအကွာ အဝေးဖြစ်အောင်မစီစဉ်နိုင်ခဲ့ပါက အကျိုးဆက်များအား ကြိုတင်ကာကွယ်ပြင်ဆင်ထားရမည်။<br>(ဃ) လှောင်ကန်ကို ပြန့်ပြူးသော နေရာတွင် ထားရှိပြီး ရေစီးကောင်းမွန် စေရန် ဆောင်ရွက်ပေးရမည်။ မြေနိမ့်/ရေစီးမကောင်း/ ရေဝပ်သော နေရာများအား ရှောင်ကြဉ်ရမည်။<br>(င) အမှိုက်ပုံ၏ပတ်ဝန်းကျင်မှမိုးရေကို အဝေးသို့စီးဆင်းသွားစေရမည်။ | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်မီးလင်းရေးလုပ်ငန်းများ

# ပုံစံ (မီး - ၅) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်

<table>
<tr><td colspan="3">လမ်းညွှန်ချက်။ ဤပုံစံကို အကြိုကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပြီးနောက် လုပ်ငန်းမဆောင်ရွက်မီ ဖြည့်သွင်းရမည်ဖြစ်သည်။</td></tr>
<tr><td colspan="2">တိုင်းဒေသကြီး/ပြည်နယ်-</td><td>မြို့နယ် -</td></tr>
<tr><td colspan="2">ကျေးရွာအုပ်စု -</td><td>ကျေးရွာ -</td></tr>
<tr><td colspan="2">လုပ်ငန်းအမည် -</td><td>အတိုင်းအတာ -</td></tr>
<tr><td>ရေးဆွဲရသည့် အကြောင်းအရင်း</td><td>☐ ပုံစံ(၃)အရသဘာဝပတ်ဝန်းကျင်ထိခိုက်စေသောလုပ်ငန်းများ<br>☐ ၁၀မီတာထက်ပိုရှည်သောလုပ်ငန်းများ<br>☐ ပေ(၂၀၀)အထက်ရေတွင်းများ</td><td>☐ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများပြုပြင်ခြင်း<br>☐ ထိန်းသိမ်းကာကွယ်တောအတွင်းမှလုပ်ငန်းများ</td></tr>
</table>

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျှော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| **လုပ်ငန်းအကောင်အထည်ဖော် မဆောင်ရွက်မီကာလ** | | | | | | |
| | | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်မီးလင်းရေးလုပ်ငန်းများ

ပုံစံ - ၅ (က)

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ဆဲကာလ | | | | | | |
| | | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တံတား/ဆိပ်ခံတံတားလုပ်ငန်း

ပုံစံ - ၅ (ခ)

| ဆောင်ရွက်သည့်လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| **လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးကာလ** | | | | | | |
| | | | | | | |

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

လက်မှတ် -

မည် -

ရာထူး -

ရက်စွဲ -

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်မီးလင်းရေးလုပ်ငန်းများ**

# ပုံစံ (မီး - ၆) - သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာ

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ ဤပုံစံကို အကြိုကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပြီးနောက် လုပ်ငန်းမဆောင်ရွက်မီ ဖြည့်သွင်းရမည်ဖြစ်သည်။* | | | |
| တိုင်းဒေသကြီး/ပြည်နယ်- | | မြို့နယ် - | |
| ကျေးရွာအုပ်စု - | | ကျေးရွာ - | |
| လုပ်ငန်းအမည် - | | အတိုင်းအတာ - | |
| ရေးဆွဲရသည့် အကြောင်းအရင်း | ☐ ပုံစံ(၃)အရသဘာဝပတ်ဝန်းကျင်ထိခိုက်စေသောလုပ်ငန်းများ<br>☐ ၁ဂမီတာထက်ပိုရှည်သောလုပ်ငန်းများ<br>☐ ပေ(၂ဂဂ)အထက်ရေတွင်းများ | ☐ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများပြုပြင်ခြင်း<br>☐ ထိန်းသိမ်းကာကွယ်တောအတွင်းမှလုပ်ငန်းများ | |

| **ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး** | **လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ** | **စောင့်ကြည့်စစ်ဆေး ခြင်းဆိုင်ရာ ညွှန်းကိန်းများ** | **တာဝန်/တာဝန် ယူ ရမည့် ပုဂ္ဂိုလ်** | **လုပ်ငန်းပြီးစီးမှု** | **လက်မှတ် နှင့် ရက်စွဲ** |
|---|---|---|---|---|---|
| **လုပ်ငန်းအကောင်အထည်ဖော် မဆောင်ရွက်မီကာလ** | | | | | |
| | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်မီးလင်းရေးလုပ်ငန်းများ

ပုံစံ - ၆ (က)

| ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူ ရမည့် ပုဂ္ဂိုလ် | လုပ်ငန်းပြီးစီးမှု | လက်မှတ်နှင့် ရက်စွဲ |
|---|---|---|---|---|---|
| လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ဆဲကာလ | | | | | |
| | | | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်မီးလင်းရေးလုပ်ငန်းများ

**ပုံစံ - ၆ (ခ)**

| ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့် နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူ ရမည့် ပုဂ္ဂိုလ် | လုပ်ငန်းပြီးစီးမှု | လက်မှတ်နှင့် ရက်စွဲ |
|---|---|---|---|---|---|
| **လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးကာလ** | | | | | |
| | | | | | |

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

လက်မှတ် -

အမည် -

ရာထူး -

ရက်စွဲ -

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျေးလက်မီးလင်းရေးလုပ်ငန်းများ

# ပုံစံ (မီး - ၇) - ဆန္ဒအလျောက်မြေယာလှူဒါန်းမှုပုံစံ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန – စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၊ Off-Grid လျှပ်စစ်ဓာတ်အားရရှိရေးအစီအစဉ်

**Mini-grid အစီအစဉ်တွင် ပါဝင်ခြင်းမရှိသော အိမ်ထောင်စုများ**

ကျေးရွာ____________________ Pcode________ မြို့နယ် __________________ ခရိုင် ______________________ ပြည်နယ်/တိုင်းဒေသကြီး ____________________
စီမံကိန်းအမည် ______________________________ မြို့နယ်အင်ဂျင်နီယာ[အမည်နှင့် လက်မှတ်] ______________________________________________________

| အိမ်ထောင်စု၏ အသေးစိတ် | | | | | မရယူရခြင်းအကြောင်းရင်း | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| အမည် | လက်မှတ် | လိပ်စာ | ဖုန်းနံပါတ် | လူနေမှု | စောင့်ဆိုင်းချိန် ကြာမြင့်လွန်းခြင်း | ဈေးကြီးလွန်းခြင်း | ဖယောင်းတိုင် သို့မဟုတ် ရေနံဆီမီးအိမ်ကိုသာသုံးလိုခြင်း | ဒီဇယ်သုံးမီးစက် ရှိနေပြီးခြင်း | SHSရှိနှင့်ပြီးခြင်း | ဝန်ဆောင်မှုမကောင်းခြင်း | အခြား (ဖော်ပြရန်) |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |

အိမ်ထောင်စုလူနေမှု– အကယ်၍ အောက်ပါတို့မှ တစ်ခုခုဖြစ်နေလျှင် ဖြည့်စွက်ရန်
၁။ ကျေးရွာအတွင်းရှိတိုင်းရင်းသားလူနည်းစု (ကျေးရွာအတွင်းရှိတိုင်းရင်းသားလူများစု၏ တစိတ်တဒေသမဟုတ်သော)
၂။ ဆင်းရဲသောအိမ်ထောင်စု
၃။ အိမ်ထောင်စုအတွင်းရှိအရွယ်ရောက်ပြီးသူများအားလုံးသည် အိုမင်းနေခြင်း
၄။ အိမ်ထောင်စုအတွင်းမသန်စွမ်းသူရှိနေခြင်း
၅။ ကျေးရွာအတွင်းရှိလူနည်းစုကိုးကွယ်သူများ

*[မိတ္တူ ၃ စုံ – VEC အတွက် ၁ စုံ၊ မြို့နယ် အင်ဂျင်နီယာအတွက် ၁ စုံ DRD–NEP Safeguards Team အတွက် ၁ စုံ]* လ၊ ရက်၊ ၂၀

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်မီးလင်းရေးလုပ်ငန်းများ**

## မိမိဆန္ဒအလျှောက်မြေယာထည့်ဝင်လှူဒါန်းမှုပုံစံ

| | | | |
|---|---|---|---|
| မြို့နယ် | | | |
| ကျေးရွာ | | Pcode (နောက်ပိုင်းမှ ဖြည့်စွက်နိုင်သည်) | |
| စီမံကိန်းအမည် | | | |
| မြို့နယ်အင်ဂျင်နီယာအမည် | | လက်မှတ်နှင့် ရက်စွဲ – | |
| **၁။ မြေပိုင်ရှင်၏ အချက်အလက်** | | | |
| မြေပိုင်ရှင်၏ အမည် –<br><br>လိပ်စာ – | မှတ်ပုံတင်အမှတ် – | စီမံကိန်းလုပ်ငန်းခွဲအတွက် အကျိုးဆက်ခံခွင့်ရှိသူ?<br>☐ဟုတ်သည် ☐မဟုတ် | |
| ☐ကျား ☐ မ | အသက် – | အလုပ်အကိုင် – | |
| **၂။ လှူဒါန်းလိုက်သောမြေ၏ အချက်အလက်** | | | |
| ၂.၁။ စီမံကိန်းအား လှူဒါန်းမှုမြေ၏ ပုံစံဖော်ပြချက် –<br><br>ဘာကြောင့် မြေအားလှူဒါန်းရသည် – | ၂.၂။ လှူဒါန်းလိုက်သောဧရိယာ (စတုရန်းပေ)–<br>အလျား (ပေ)–<br>အကျယ် (ပေ)–<br>(ဒေသသုံးအတိုင်းအတာဖြစ်ပါကပေအဖြစ် ပြောင်းလဲဖော်ပြရန်) | ၂.၃။ လှူဒါန်းသူပိုင်ဆိုင်သောမြေဧရိယာစုစုပေါင်း (စတုရန်းပေ) | စုစုပေါင်းမှ လှူဒါန်းလိုက်သောမြေ %<br>(၂.၂. / ၂.၃ x ၁၀၀) |
| ၂.၄။ ဤ အဆောက်အအုံအတွက် အခြားနေရာအားစဉ်းစားခဲ့ခြင်းရှိမရှိ။<br>☐ရှိသည် ☐မရှိ | အခြားနေရာများသည် မည်သည့်နေရာများဖြစ်သနည်း။ | ဤနေရာအားဘယ်ကြောင့် ရွေးချယ်ရသနည်း။ | |
| ၂.၅။ သီးနှံပင်အားခုတ်ထွင်ရမည်လား။ ☐ခုတ်ရမည် ☐ မခုတ်ရပါ | သင်ပင်အမျိုးအစားအများနှင့် တစ်မျိုးလျှင် မည်မျှ ခုတ်ထွင်ရမည်နည်း။ | | |
| ၂.၆။ စီးပွားဖြစ်ပင်များခုတ်ထွင်ရခြင်း။ ☐ရှိသည် ☐ မရှိ | သင်ပင်အမျိုးအစားအများနှင့် တစ်မျိုးလျှင် မည်မျှ ခုတ်ထွင်ရမည်နည်း။ | | |
| ၂.၇။ မြေနေရာပေါ်တွင် စပါးစိုက်ခြင်း။ ☐ရှိသည် ☐ မရှိ | စပါးစိုက်ပျိုးသည့် ဧရိယာ (စတုရန်းပေ) – | | |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်မီးလင်းရေးလုပ်ငန်းများ**

| | |
|---|---|
| ၂.၈။ အခြားသီးနှံများမြေပေါ်တိုက် စိုက်ခြင်း။ ☐ရှိသည် ☐မရှိ | သီးနှံအမျိုးအစားနှင့် အသုံးပြုသောမြေပမာဏ (စတုရန်းပေ)- |
| ၂.၉။ မြေအားအခြားအတွက် အသုံးပြုခြင်း။ ☐ရှိသည် ☐မရှိ | မည်သည့်ကိစ္စအတွက်နှင့် ပမာဏမည်မျှ (စတုရန်းပေ)- |
| ၂.၁၀။ ပျက်စီးမည့် သို့မဟုတ် ရွှေ့ပြောင်းရမည့် အဆောက်အဦးများ အခြားအရာများ သို့မဟုတ် ပိုင်ဆိုင်မှုများ၊ ☐ရှိသည် ☐မရှိ | အဆောက်အဦးများအားစာရင်းပြရန်နှင့် ပျက်စီးမည် သို့မဟုတ် ရွှေ့ရမည်ကို ဖော်ပြရန် – |
| ၂.၁၁။ မြေလှူဒါန်းသူသည် ရုပ်ပိုင်းဆိုင်ရာနေရာပြောင်းရွှေ့ရခြင်း ☐ရှိသည် ☐မရှိ | |
| ၂.၁၂။ မြေအားတစ်ဦးထက်ပို၍ ပိုင်ဆိုင်ခြင်း (အခြားမိသားစုဝင်များကဲ့သို့) ☐ရှိသည် ☐မရှိ | အကယ်၍ "ရှိ"ပါက ၎င်းတို့၏ အမည်များ – |
| ၂.၁၃။ အခြားသူများကမြေအားအသုံးပြုနေကြောင်း သို့မဟုတ် ပိုင်ဆိုင်ကြောင်းပြောကြားခြင်း (ငှားရမ်းခြင်း၊ ကျွဲနွားများအတွက် စားကျက်မြေပြုခြင်း အပါအဝင်) ☐ရှိသည် ☐မရှိ | အကယ်၍ "ရှိ"ပါက ၎င်းတို့၏ အမည်နှင့် တောင်းဆိုချက်များ – |
| **၃။ တန်ဖိုးဖြတ်ခြင်း** | |
| ၁။ မြေယာ၏ တန်ဖိုး | |
| ၂။ သီးစားပင်များ၏ တန်ဖိုး (အပင်အမျိုးအစားတစ်ခုစီအတွက်) | |
| ၃။ စီးပွားဖြစ် သစ်ပင်များ၏ တန်ဖိုး (အပင်အမျိုးအစားတစ်ခုစီအတွက်) | |
| ၄။ စိုက်ပျိုးထားသောသီးနှံများ၏ တန်ဖိုး(တစ်နှစ်လျှင် ရရှိသော ပျမ်းမျှ တန်ဖိုးအတိုင်း) | သီးနှံပင် အမျိုးအစားအလိုက် – |
| ၅။ ပျက်စီးမည့် သို့မဟုတ် ရွှေ့ပြောင်းရမည့် အဆောက်အဦးများနှင့် အခြားပိုင်ဆိုင်မှုများ၏ တန်ဖိုး (တစ်မျိုးချင်းစီအလိုက်) | |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကျေးလက်မီးလင်းရေးလုပ်ငန်းများ**

| | | |
|---|---|---|
| ဤပုံစံတွင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဗွေနှိပ်ခြင်းအားဖြင့်မြေပိုင်ရှင်သို့မဟုတ် မြေအသုံးပြုသူသည်အထက်တွင်ဖော်ပြခဲ့သော မြေအားစီမံကိန်းသို့ပေးလှူရန် သဘောတူသည်။<br>လှူဒါန်းမှုသည်မိမိဆန္ဒသဘောထားအလျောက်ဖြစ်သည်။ အကယ်၍မြေပိုင်ရှင် သို့မဟုတ် အသုံးပြုသူသည်၎င်း၏ပိုင်ဆိုင်မှု သို့မဟုတ် မြေအားလှူဒါန်းလိုခြင်းမရှိပါက ဤပုံစံအားလက်မှတ်ရေးထိုးခြင်းသို့မဟုတ်လက်ဗွေနှိပ်ခြင်းမပြုသင့်။ ထိုသို့ဆိုပါက လျှပ်စစ်ဓာတ်အားအဆောက်အအုံအား အခြားနေရာသို့ရွှေ့ပြောင်းပါမည်။<br>အကယ်၍ ၂.၁၂ နှင့် ၂.၁၃ တွင်ဖော်ပြခဲ့သည့်အတိုင်း မြေပိုင်ဆိုင်သူများသည်တစ်ဦးထက်မက ရှိပါကအားလုံး၏လက်မှတ်သို့မဟုတ်လက်ဗွေအားလိုအပ်ပါသည်။<br>အထက် ၂.၁၃ ပါအတိုင်း မြေအားအခြားအတွက်အသုံးပြုပါက မြေယာအားမလှူဒါန်းမီ သက်မွေးဝမ်းကြောင်းဆုံးရှုံးရမှုများအတွက်လျော်ကြေးအား သတ်မှတ်သဘောတူညီရမည်။ | | |
| | | |
| ကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးကော်မတီ၏ ကိုယ်စားလှယ် | အမည် – | လက်မှတ်နှင့်ရက်စွဲ – |
| မြေပိုင်ရှင်သို့မဟုတ် အသုံးပြုသူ – | အမည် – | လက်မှတ် (လက်ဗွေ) နှင့်<br>ရက်စွဲ – |
| အိမ်ထောင်ဖက် (မြေပိုင်ရှင် သို့မဟုတ် အသုံးပြုသူ၏ ဇနီး သို့မဟုတ် ခင်ပွန်း) | အမည် – | လက်မှတ် (လက်ဗွေ) နှင့်<br>ရက်စွဲ – |
| အခြား မြေပိုင်ရှင်များ သို့မဟုတ် အသုံးပြုသူ(၂.၁၂ နှင့် ၂.၁၃ တွင် ဖော်ပြခဲ့ပြီး) [လိုအပ်ပါကစာရွက်နောက်ကြောအားသုံးရန်] | အမည် – | လက်မှတ် (လက်ဗွေ) နှင့်<br>ရက်စွဲ – |
| DRD မြို့နယ်အင်ဂျင်နီယာ | အမည် – | လက်မှတ် (လက်ဗွေ) နှင့်<br>ရက်စွဲ – |

မှတ်ချက်။ ။ မိမိဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းမှုပုံစံသည် Feasibility Study Stage တွင် ဖြည့်ရန်လိုအပ်ပါသည်။

# ကျန်းမာသန့်ရှင်းရေးလှုပ်ဝန်း

# အခန်း (၇)

# ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများအတွက် အကြိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်း

၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း

၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ

၂-၁။ ယေဘုယျ **(ECoPs)** လမ်းညွှန်ချက်များ

၂-၂။ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(ECoPs) လမ်းညွှန်ချက်များ

၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲရန်လိုအပ်သော လုပ်ငန်းများ

၄။ ပုံစံများ

၄-၁။ ပုံစံ (ကျန်းမာ - ၁) အကြိုကွင်းဆင်းဆောင်ရွက်စစ်ဆေးချက်ပုံစံ

၄-၂။ ပုံစံ (ကျန်းမာ - ၂) အကြိုကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ

၄-၃။ ပုံစံ (ကျန်းမာ - ၃) အကာအကွယ်စစ်ဆေးချက်ပုံစံ

၄-၄။ ပုံစံ (ကျန်းမာ - ၄) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှု စစ်ဆေးချက်ပုံစံ

၄-၅။ ပုံစံ (ကျန်းမာ - ၅) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၄-၆။ ပုံစံ (ကျန်းမာ - ၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီရင်ခံစာ

၄-၇။ ပုံစံ (ကျန်းမာ - ၇) ဆန္ဒအလျောက် မြေယာလှူဒါန်းမှုပုံစံ

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ**

## ၁။ အကြိုကွင်းဆင်းဆောင်ရွက်ခြင်း

### (က) မြေနေရာပိုင်ဆိုင်မှုအခြေအနေများ

- ❖ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော အိမ်သာ၊ အမှိုက်ကန်၊ မိလ္လာကန် ဆောင်ရွက်မည့်နေရာများသည် ပုဂ္ဂလိကလူနေအိမ်များအတွင်း ကျရောက်နေမှုရှိ/မရှိနှင့် မြေယာလှူဒါန်းနိုင်မှုရှိ/မရှိ စစ် ဆေးဆောင်ရွက်ရမည်၊
- ❖ လုပ်ငန်းဆောင်ရွက်မည့်နေရာများသည် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ မြေအလှူရှင်များ၏ သဘောတူထောက်ခံချက်များဖြင့် ရွေးချယ်ထားခြင်းရှိ/မရှိ စစ်ဆေးရမည်၊
- ❖ ဆောင်ရွက်မည့်မြေဧရိယာသည် သစ်တောဧရိယာ၊ ကာကွယ်ထိန်းသိမ်းထားသောနယ်မြေ၊ အခြားဌာနပိုင်မြေဧရိယာစာရင်းတွင် ပါဝင်ခြင်းရှိမရှိကို မေးမြန်းဆောင်ရွက်ခြင်း၊ ကျရောက်နေပါကအဆိုပါဌာနမှ လုပ်ငန်းဆောင်ရွက်ရန်အတွက် ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်၊

### (ခ) လုပ်ငန်းခွင်ဆိုင်ရာဆန်းစစ်ခြင်း

- ❖ လုပ်ငန်းဆောင်ရွက်မည့်နေရာပတ်ဝန်းကျင်ရှိ လူနေအိမ်ခြေများနှင့် အသုံးပြုမည့်လူဦးရေကို လေ့လာဆန်းစစ်ရမည်၊
- ❖ ယခင်ကာလများတွင် ကျန်းမာသန့်ရှင်းရေးဆောင်ရွက်မှုအားနည်းသဖြင့် ကျေးရွာတွင် ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်ပွားခဲ့ခြင်း ရှိ/မရှိ စစ်ဆေးရမည်၊
- ❖ တည်ဆောက်မည့်မြေနေရာသည် လွန်ခဲ့သောနှစ်များအတွင်းရေလွှမ်းမိုးခဲ့သည့် အခြေအနေရှိ / မရှိနှင့် အများဆုံးရေတက်ခဲ့သည့်ပမာဏကို သိရှိမှတ်သားထားရမည်၊
- ❖ တည်ဆောက်မည့်မြေနေရာနှင့် အနီးတဝိုက်သည် လွန်ခဲ့သောနှစ်များအတွင်းငလျင်ဒဏ်၊ ရေကြီး ရေလျှံမှုဒဏ်၊ မီးဘေးဒဏ်၊ မုန်တိုင်းဒဏ်၊ မြေပြိုမှုဒဏ်ခံစားခဲ့ရသော အခြေအနေများနှင့် ထိခိုက်မှုပမာဏအစရှိသဖြင့်မေးမြန်းပြီးကွင်းဆင်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊
- ❖ တည်ဆောက်မည့်မြေနေရာနှင့် အနီးတစ်ဝိုက်သည် မြေသဘာဝကောင်းမွန်သောနေရာဟုတ်/ မဟုတ်နှင့် မိုးရေ၊ တောင်ကျရေများတိုက်စားနိုင်သောအခြေအနေရှိ/မရှိစစ်ဆေးရန်နှင့် ဖို့မြေများ မြေကျွံကျနိုင်သောနေရာများ မရွေးချယ်ရန် စစ်ဆေးဆောင်ရွက်ရမည်၊
- ❖ ဆောင်ရွက်မည့်ကျန်းမာသန့်ရှင်းရေးဆိုင်ရာလုပ်ငန်းတည်နေရာများ၊ ဝင်လမ်းထွက်လမ်းများ၊ ယာယီတဲများ၊ ပစ္စည်းသိုလှောင်ရာနေရာများပါဝင်သော Layout Plan ရေးဆွဲ၍ မှတ်တမ်းတင်ထားရမည်၊

### (ဂ) လက်ရှိအသုံးပြုနေသော ကျန်းမာသန့်ရှင်းရေးဆိုင်ရာကိစ္စရပ်များကို စစ်ဆေးခြင်း

- ❖ ကျေးရွာတွင် လက်ရှိအသုံးပြုလျက်ရှိသော အိမ်သာများနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာအခြေ

အနေများကို စစ်ဆေးရမည်၊

- ❖ အမှိုက်စွန့်ပစ်မည့်စနစ်နှင့် အမှိုက်များဖျက်ဆီးခြင်းစနစ်များကို ကျေးရွာတွင် အစီအစဉ်ရေးဆွဲထားခြင်းရှိမရှိ စစ်ဆေးရမည်၊
- ❖ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မည့်မြေနေရာသည် အဓိကကျသည့် ရေထွက်နေရာများ ဖြစ်သော ချောင်း၊ကန်၊အင်း၊အိုင်၊ ရေတွင်းများနှင့် အနည်းဆုံး ပေ(၅၀)ခွာ၍ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စစ်ဆေးရမည်၊

## (ဃ) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့်ထိခိုက်နိုင်သောပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ

- ➢ တည်ဆောက်မည့်မြေနေရာ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာရှိ အဆောက်အအုံများ၊ ခြံဝိုင်းများ၊ လယ်ယာများ၊ လမ်းများ၏ ယေဘူယျအချက်အလက်များကို မျက်မြင်စစ်ဆေးခြင်း၊ အချက်အလက်ကောက်ယူရမည်၊
- ➢ လုပ်ငန်းဆောက်လုပ်ခြင်းမှထွက်ရှိလာမည့် ရေဆိုး၊အညစ်အကြေးနှင့်အမှိုက်များအား ပတ်ဝန်းကျင်ညစ်ညမ်းခြင်းမရှိအောင် စနစ်တကျစွန့်ပစ်နိုင်မည့်နေရာများကိုမျက်မြင်စစ်ဆေး၍ ကွင်းဆင်း အစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊
- ➢ လုပ်ငန်းခွင်သို့ စက်ယန္တရားများဝင်ထွက်လမ်းကြောင်းများပေါ်တွင်ရှိသော ဘာသာရေးဆိုင် ရာ အဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ထိန်းသိမ်းထားသည့် အမွေအနှစ်ဆိုင်ရာ နေရာများ၊ အနီးနားပတ်ဝန်းကျင်ရှိထိခိုက်နိုင်သော တိုင်းရင်းသားလူမျိုးစုများ၏ နေထိုင်ရာ နေရာများနှင့် ပိုင်ဆိုင်သောလယ်မြေ၊ ယာမြေများကိုစာရင်းကောက်ယူပြီး ကွင်းဆင်း အစီရင်ခံစာတွင် မှတ်တမ်းတင်ထားရမည်၊

## (င) ဆောင်ရွက်မည့်လုပ်ငန်း၏ အကျိုးပြုမှုအခြေအနေများ

- ❖ ဆောင်ရွက်မည့်လုပ်ငန်းများတွင် ကျေးရွာရှိပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု အခြေအနေများရှိ/မရှိ စစ်ဆေးရမည်၊
- ❖ ဆောင်ရွက်မည့်ကျန်းမာသန့်ရှင်းရေးလုပ်ငန်း၏ ပြည်သူများအတွက်အသုံးဝင်မှု၊ အဆိုပါ ကျေးရွာများရှိလူဦးရေများအတွက် အမှန်တကယ်အကျိုးပြုမှုစသည့်အချက်များကို ကွင်းဆင်း စစ်ဆေး၍ သိရှိမှတ်သားထားရမည်၊
- ❖ ဆောင်ရွက်မည့်လုပ်ငန်းသည် တိုင်းရင်းသားလူနည်းစု၊ ဘာသာကွဲလူနည်းစု၊ အခြားအုပ်စုများ အကျိုးခံစားရခြင်း ရှိ/မရှိ သိရှိနိုင်ရန် စစ်ဆေးရမည်၊

## ၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်လမ်းညွှန်ချက်များ

### ၂-၁။ ယေဘုယျ (ECoPs) လမ်းညွှန်ချက်များ

အောက်တွင်ဖော်ပြထားသည့်ဇယားသည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင် ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် လိုက်နာဆောင်ရွက်ရမည့် ယေဘုယျ လမ်းညွှန်ချက်များဖြစ်သည်။

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ဆောက်လုပ်ချိန်၌ ဆူညံခြင်း | (က) ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်း၍ အဆူညံဆုံးလုပ်ငန်းကိုလူထုအား အနှောက် အယှက်ဖြစ်နိုင်ခြေ အနည်းဆုံးအချိန်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊<br>(ခ) ကာရံထားခြင်း/ပိတ်ဆို့ထားခြင်း/ ခြားထားခြင်း/ လမ်းလွှဲထားခြင်းဖြင့် လည်းကောင်း၊ အသံတိုးသောပစ္စည်းများအား အသုံးပြုခြင်းဖြင့် လည်းကောင်း၊ အကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း ဆူညံမှုကို ထိန်းချုပ်ခြင်း၊<br>(ဂ) ရွာတွင်းမှ ဖြတ်သန်း၍ ပစ္စည်းများအား သယ်ယူပို့ဆောင်ခြင်းကို အနည်းဆုံးဖြစ် အောင် ဆောင်ရွက်ခြင်း၊<br>(ဃ) လူနေအိမ်ခြေနှင့် စီမံကိန်းဇုံကြားတွင် သစ်ပင်တန်း/ကွက်လပ်/ စိုက်ခင်း စသည် တို့ ခြားထားခြင်းဖြင့် ဆူညံမှုကို တားဆီးခြင်း၊ |
| မြေဆီလွှာ တိုက်စားခြင်း | (က)ပွင့်လင်း/ခြောက်သွေ့ရာသီတွင် ဆောက်လုပ်ခြင်း၊<br>(ခ) ကုန်းစောင်းများ/ဆင်းလျှောများ အနည်းဆုံးဖြစ်စေခြင်း၊<br>(ဂ) တိုက်စားနိုင်သော ဧရိယာများတွင် မြက်စိုက်ပေးခြင်း၊ မြေဖို့ပေးပြီး သိပ်သည်း အောင် ပြုလုပ်ခြင်း၊<br>(ဃ)ဆောက်လုပ်ရေးလုပ်ငန်း ပြီးလျှင်ပြီးချင်း အပေါ်ယံမြေဆီလွှာ ပြန်လည်ဖုံးအုပ် ပေးပြီးလျှင် မြက်/ ကြီးမြန်သစ်ပင်/ ချုံပင်/ သစ်ပင်တို့ အားပြန်လည်စိုက်ပျိုး ပေးခြင်း၊<br>(င)တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသောအခါ ရေစီးရေလာ ကောင်းမွန်စေရန် ရေမြောင်းများ ရေလမ်းကြောင်းများ/ဆောင်ရွက်ပေးခြင်း၊ |
| သန့်ရှင်းသော လေ | (က) လုပ်ငန်းခွင်တွင် ဖုန်မထစေရန် အချိန်မှန်ရေဖျန်းပေးရမည်၊<br>(ခ) လုပ်ငန်းခွင်သန့်ရှင်းစေရန် သစ်ရွက်ခြောက်/အမှိုက်များအား မီးမရှို့ရ၊<br>(ဂ) လေတိုက်သောနေ့တွင် လွင့်သွားခြင်း/ အကောင်များကြောင့် လွင့်သွားခြင်းများ မရှိစေရန် သဲ/ကျောက်တို့ဖြင့် ဖုံး/ဖိ ထားရမည်၊ |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ**

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ရေရရှိရေးနှင့် ရေ၏ အရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သောက်သုံးရေရရှိမှုနှင့် ကျန်းမာ၊သန့်ရှင်း ရေးတို့အား မထိခိုက်စေရ။<br>(ခ) ရေ၏အရည်အသွေးညံ့ဖျင်းစေနိုင်သော မိလ္လာအညစ်အကြေး၊ အမှိုက်နှင့် အဆိပ်အတောက်ဖြစ်စေသော အရာများ(သို့) အန္တရာယ်ဖြစ်စေမည့် ပစ္စည်း များအား ရေထဲသို့ ပစ်မချရ။<br>(ဂ) သဘာဝရေစီးကြောင်းများကို ပိတ်ဆို့ခြင်း၊လမ်းလွှဲခြင်း မပြုရ။ မြစ်/ ချောင်း ကြမ်းပြင်ခြောက်သွေ့စေခြင်း/ အနည်ထိုင်သောင်ထွန်းခြင်းတို့ ဖြစ်တတ် သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကို ရေထဲတွင် လုပ်ကိုင်ရပါက ရေလမ်းကြောင်းနှင့် တတ်နိုင်သမျှခွဲခြားထားရမည်။ ရေစီးဝင်သည့် မြောင်းနှင့်လည်း ခွဲခြား ထားရမည်။ |
| အမှိုက်/အဆိပ် အတောက်နှင့် အန္တရာယ်ဖြစ်စေ သောပစ္စည်းများ | (က) ဆောက်လုပ်ရေး အမှိုက်သရိုက်များကို စွန့်ပစ်ရန်သတ်မှတ်ထားသော နေရာ တွင်သာ စွန့်ပစ်ရမည်၊<br>(ခ) စွန့်ပစ်အမှိုက်များကို(ဖောင်ဒေးရှင်းအတွက် တူးထားသောမြေ အပါအဝင်) မြစ်/ ချောင်း/ရေကန် စသည့် ရေထွက်ပင်ရင်းနှင့် အနည်းဆုံးမီတာ(၃၀၀)၊ (ပေအား ဖြင့်၁၀၀၀) ကွာဝေးသော နေရာများတွင် ထိန်းသိမ်းထားရမည်၊<br>(ဂ) ဆီဖြည့်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများပြောင်းရွှေ့ခြင်း တို့ကို လူနေအိမ်ခြေနှင့်ဝေးရာတွင် ဆောင်ရွက်ရမည်။ ရေမြောင်းမှ မီတာ (၅၀)၊ ပေ(၁၆၅) နှင့် အဓိကကျသောရေထွက်ပင်ရင်းမှ မီတာ(၁၀၀)၊ ပေ(၃၃၀) ကွာ ဝေးရမည်။<br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများအားပြောင်းရွှေ့မည့် အလုပ်သမားများကိုလည်း လက်အိတ်၊ ဖိနပ်၊ ခါးစည်းအဝတ်၊ မျက်မှန်နှင့် အခြားကာကွယ်ရေးပစ္စည်းများအား အသုံးပြုတတ်အောင်ပညာပေး/ လေ့ ကျင့်ပေးရ မည်။<br>(င) အသေးစားပြုပြင်ထိန်းသိမ်းရေးပစ္စည်းများဖြစ်သော ဆီပေအဝတ်၊ ဆီစစ်၊ ဆီအဟောင်းများအား စနစ်တကျစွန့်ပစ်ရမည်။ မြေအောက်ရေနှင့် မြေ ကြီးကို ညစ်ညမ်းမှုဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်း အကျန်များကို မြေထုနှင့် ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။ အကယ်၍ ကျေးလက်လူထု သည် မလွှဲမရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသော စွန့်ပစ်မှု စနစ်ကို ကျင့်သုံးရမည်။ (ဥပမာ-သုံးစွဲပြီးဆီများကိုလောင်စာအဖြစ် အသုံး |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ**

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| | ပြုခြင်း၊ ကြမ်း တိုက်ခြင်း၊ ရေနံချေးနှင့်ရောစပ်၍အသုံးပြုခြင်း) |
| ကျန်းမာရေးနှင့် အန္တရာယ်ကင်း ရှင်းရေး | (က) လူထုထိခိုက်မှုအား ရှောင်ရှားနိုင်စေရေး အတွက် ဆွေးနွေးညှိနှိုင်းမှုများကို စီမံကိန်း အကောင်အထည်ဖော်မှုအစီအစဉ် ရေးဆွဲစဉ်ကတည်းက အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်-<br>(၁) လုပ်ငန်းခွင်နေရာ- လူမှုထိခိုက်နိုင်ချေရှိသည့် အရာများကို ဖယ်ရှားခြင်း (သို့မဟုတ်) သတိပေး ဆိုင်းဘုတ်ထားရှိခြင်း၊<br>(၂) လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးလုပ်သားများ - ဆောက်လုပ်ရေး လုပ်သားများသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်မှု ရှိရန်လိုအပ်ခြင်း၊<br>(၃) အသုံးပြုသောစက်ယန္တရားများ - စက်ယန္တရားများအားကျွမ်းကျင်စွာ အသုံး ပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ အဆိုပါယန္တရားများကို လုံခြုံစိတ်ချစွာ အသုံးပြုမှု နည်းစနစ်ဆိုင်ရာကျွမ်းကျင်မှု အသိပညာလိုအပ်ခြင်း ရှိ/မရှိစစ်ဆေးခြင်း၊<br>(ခ) အလုပ်သမားများအား ဦးထုပ်၊ လက်အိတ်၊ ဖုန်ကာကွယ်သည့် မျက်နှာဖုံး၊ ဖိနပ်၊ ခါးစည်းအဝတ်၊မျက်မှန် စသည့် ကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေး ရမည်။<br>(ဂ) မြေပြင်မှ ၂ မီတာအထက်မြင့်သော ဆောက်လုပ်ရေး လုပ်ငန်းခွင်များအတွက် အောက်ဖော်ပြပါ အတိုင်းအတာများကို လိုက်နာပါ။<br>(ဃ) အောက်ခြေမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လုပ်ဆောင်ရမည်။<br>(င) အမြင့်တွင်လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မျက်လုံးစွေစောင်းသူများ၊ နာတာရှည်ရောဂါသည်များဖြစ်သည့် အရိုးပွရောဂါခံစား နေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ (သို့) ပါကေဆန်ရောဂါ ခံစား နေရသူများ၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သွေးတိုးကျဆေးစသည်တို့ကို သုံးစွဲနေရသော ရောဂါ ဝေဒနာရှင်များနှင့် လွန်ခဲ့သော(၁၂)လအတွင်း ချော်လဲ ထိခိုက်ဒဏ်ရာရရှိသူများ အား လုပ်ဆောင်ခွင့် မပြုပါ။<br>(စ) အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သောသူများကို လုပ်ကိုင်ခွင့်ပြု သည်။<br>(ဆ) အမြင့်တွင်လုပ်ရသော အလုပ်များ (ဥပမာ- အမိုး)များတွင် လုပ်ဆောင် ပါက အန္တရာယ်ကင်းမှု ရှိ/မရှိ စစ်ဆေးရန်။<br>(ဇ) ပြိုကျပျက်ဆီးနိုင်သော နေရာများတွင် လုပ်ဆောင်ပါက ကြိုတင်သတိပေး |

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
